
www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ ဇွန်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးဇော်ကောင်း
ကွန်ပျူတာ - ချယ်ရီဝေ(အင်းစိန်)
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးဝေဠာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေနီမင်း ၃၉၀.၂
အငြိုးမပြေသည့်တစ္ဆေနဲ့ မဖဲဝါ/ကေနီမင်း။
ရန်ကုန်
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆၊
၂၂၁-စာ၊ ၁၂ × ၁၈ စင်တီ

# အငြိုးမပြေသည့်တစ္ဆေနဲ့ မဖဲဝါ

ကေနီမင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

| | | |
|---|---|---|
| ၁။ | အငြိုးမပြေသည့် တစ္ဆေနဲ့မဖဲဝါ | ၃ |
| ၂။ | မဖဲဝါပေးသောကလေး | ၅၃ |
| ၃။ | လက်ပံပင်သရဲနက်ကျော် | ၇၁ |
| ၄။ | နေရာဟောင်းဆီပြန်ရပြီ | ၈၆ |
| ၅။ | မွေးခံထိုက်၏ မထိုက်၏ | ၁၀၆ |
| ၆။ | ဘုရားဖြိုကုန်းက ဘီလူးရုပ် | ၁၅၇ |
| ၇။ | အသေကောင်ရုပ်ဆောင်နေသည် | ၁၈၁ |
| ၈။ | သရဲမကြောက်ဘူး | ၂၀၄ |

# အငြိုးမပြေသည့် တစ္ဆေနဲ့မဖဲဝါ

ငွေအောင်နှင့် သိန်းအောင်တို့ ဇာတိရွာတွင် လယ်ယာအလုပ်၊ ငါးရှာအလုပ်၊ အလုပ်မျိုးစုံ လုပ်ကိုင်စားသောက်လာကြသည်မှာ ယခုဆိုလျှင် အသက် (၃၀)ကျော်အထိပင် ရှိခဲ့ပြီ။

ပြီးခဲ့သည့်နှစ် စပါးရာသီ ကိုင်းရာသီမှာပါ၊ ရွာသူရွာသားတွေ စီးပွားရေးတပ်ဆိုက်ခဲ့သည်။

စပါးများ ရင့်မှည့်ကာနီးမှ ချောင်းရေများလျှံကာ စပါးများ ပျက်စီးခဲ့သည်။

ကိုင်းရာသီရောက်ပြန်တော့ ပြီးခဲ့သည့်နှစ်က ဈေးကောင်း ရခဲ့သည့် အသီးအနှံကို အားလုံးဝိုင်းစိုက်ကြသည့်အတွက် အထွက် ကောင်း၊ အထွက်များကာ ဝယ်လိုအား ကျဆင်းသလို သီးနှံဈေး ကလည်း ထိုးကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုင်းသမားတွေ အရှုံးပေါ်ကြသည်။

တစ်နှစ်များ ဝင်ငွေကောင်းမလား၊ တစ်နှစ်ကြွေးကျေမည်လား၊ စီးပွားဖြစ်မည်လား မျှော်လင့်ချက်ထားနေပေမယ့် မျှော်လင့်သလို ဖြစ်မလာပါ။

လယ်သမား၊ လယ်ရှင်များ အခြေအနေမကောင်းပါက သူတို့ကို မှီခိုလုပ်ကိုင်နေကြသော သူရင်းငှား လယ်သမားများ ငွေကြေး ကျပ်တည်းလာကြသည်။

အချို့သူရင်းငှားကို နွေရောမိုးပါ ငှားကြသလို အချို့ကို စပါးသိမ်းပြီးသည်အထိ ငှားကြသည်။

ကိုင်းအတွက်ကိုတော့ စပါးသိမ်းပြီးနောက်ပိုင်းမှစ၍ ကိုင်း သိမ်းပြီးသည်အထိ အပိုင်းအခြားနှင့် ငှားကြသည်။

အချို့လယ်သမားများက လယ်ရော ကိုင်းပါ ဝင်ငွေမကောင်း ခဲ့သဖြင့် ယခုနှစ်အတွက် လယ်ယာအလုပ်သမား ငှားချင်သော်လည်း လုပ်ခပေးနိုင်၍ လိုအပ်မှသာ လုပ်စေသော နေ့စားသဘောမျိုးသာ ငှားလာကြသည်။

သို့ကြောင့် လယ်မရှိ၊ ယာမရှိ၊ လှည်းနွား မရှိကြသော ငွေအောင်နှင့် သိန်းအောင်တို့လည်း လယ်ယာအလုပ်လုပ်ရန် ငှားသူ မရှိ၍ လာမည့်မိုးတွင်းကာလ စားဝတ်နေရေးအတွက်



အခက်အခဲ ဖြစ်နိုင်သောကြောင့် ကြိုတင်စိတ်ပူနေကြသည်။

ဒီတိုင်း သူရင်းငှား အလုပ်ကို မျှော်ကိုးလုပ်ကိုင်နေခဲ့ကြသော သူတို့အနေနှင့် ကဆုန်လကျော်၍ နယုန်လသို့ပင် ရောက်နေပြီ။ တစ်ဦးတစ်ယောက်မှ သူရင်းငှား ငှားရန် စကားစမလာကြ။

သိန်းအောင် ပင်တိုင်လုပ်ခဲ့သော ဦးမောင်ကြီး၏ လယ် ကလည်း ပြီးခဲ့သည့်နှစ်က အရှုံးပေါ်၍ ယခုနှစ်မှာ အလုပ်သမား ခေါ်ရန် လိုသောရက်ကြမှ နေ့စားခေါ်ထည့်တော့မည်ဟု ဆိုသည်။

သို့ကြောင့် ပင်တိုင်သူရင်းငှားအဖြစ် သိန်းအောင်ကို မခေါ် တော့။

ငွေအောင်လည်း သူ့ကိုငှားနေကျ လယ်ရှင်က လုပ်ခတစ်ဝက် နီးပါး လျှော့ခိုင်းနေသဖြင့် အလုပ်မလုပ်ဖြစ်တော့။

ရွာမှ လူငယ်အတော်များများက လယ်ယာအလုပ်ကိုလည်း စိတ်ဝင်စားမှု နည်းလာသည်။

ယခင် လူငယ်မှန်သမျှ ဘုန်းကြီးစာ၊ မူလတန်းစာ၊ သေစာ၊ ရှင်စဖတ်တတ်လျှင် တော်ပြီဆိုကာ ကျောင်းမှထုတ်၍ လယ်ယာ အလုပ်ကိုသာ ဝင်လုပ်စေသည်။

နောက်ပိုင်း အသိဉာဏ်ပွင့်လင်းလာကာ သားသမီးများကို လယ်ယာအလုပ်မှာ မနစ်မွန်းစေချင်တော့ ကျောင်းတက်ကို သင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သမျှ သင်စေပြီး အချို့တတ်နိုင်သူများက အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အထိ ပို့ကြပြီဖြစ်သည်။

အချို့လူငယ်များက လယ်ယာအလုပ်ကိုလည်း မလုပ်ချင် ပညာလည်း မတတ်ကြသဖြင့် ကာယအားနှင့် စီးပွားရှာရန် ရေကြည်ရာ မြက်နုရာသို့ ထွက်ပြီး စီးပွားရှာကြသည်။

အချို့ကတော့ မိသားစုလိုက် အိမ်များ၊ ခြံများ၊ လယ်များ ရောင်းချပြီး ရန်ကုန်၊ မန္တလေး စသောမြို့များသို့ သွားကြသည်။ ရန်ကုန်မှာဆိုလျှင် အထက်အညာဒေသမှ ပြောင်းရွှေ့လာသော အညာသူ၊ အညာသားတို့၏ လက်ဖက်ရည်ဆိုင်များ အသီးသီး ပေါ်ထွက်လာသည်။

အလုပ်လုပ်ရန် လာကြသူများကလည်း လက်ဖက်ရည်ဆိုင်များတွင် ဝင်လုပ်ကြသည်။ အထမ်းလေးများနှင့် အသုပ်စုံ၊ မုန့်တင်းခါး၊ တုတ်ထိုးများ ရောင်းကြသည်။

ယခုလည်း မိုးကခေါင် ဆည်ရေကလည်း လုံသလိုမရသဖြင့် ငွေးအောင်တို့ သူငယ်ချင်းနှစ်ယောက်လည်း တစ်ရွာမပြောင်း သူမကောင်းမဖြစ်ဟု ဆုံးဖြတ်ကြပြီး ရွာမှထွက်ရန် တိုင်ပင်ကြသည်။

တနယ်တကျေးမှာ အလုပ်ရှာ သွားကြမည်ဆိုသော်လည်း မည်သည့်ဒေသမှာ မည်သည့်အလုပ် လုပ်မည်ဟု ဆုံးဖြတ်ချက်





ပိုင်ပိုင်ချ၍ ထွက်သည်မဟုတ်ဘဲ၊ ပြောစကားများကြား၍ ကောင်းမည်ထင်သည့် နေရာသို့ မြေစမ်း ခရမ်းပိုးသလိုမျိုး သွားနေကြခြင်းဖြစ်သည်။

အချို့က ထားဝယ်၊ အချို့က မြဝတီ၊ အချို့က ထိုင်း၊ အချို့က မလေးရှား၊ အချို့က စင်္ကာပူ၊ အချို့က ဖားကန့် စသဖြင့် ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလို မတတ်နိုင်လျှင် မတတ်နိုင်သလို ထွက်နေကြသည်။

ယခု သိန်းအောင်၏ အသိတစ်ယောက်က ဖားကန့်မှာ အခြေအနေကောင်းနေသည်။ ရေမဆေးကျောက် ရှာဖွေ၍ လော်ပန်ဖြစ်သွားသူ အတော်များကြောင်း ပြောပြသည်။

ကုမ္ပဏီတစ်ခုခုမှာ ဝင်လုပ်လျှင်ပင် လုပ်ခ မြိုးမြိုးမြက်မြက် ရရှိကြောင်း ပြောပြသည်။

ငွေးအောင်က သွားမည်၊ သူစွန့်စားချင်သည်ဟု သိန်းအောင်ကို ပြောပြရာ နှစ်ယောက်သား တွေဝေမနေတော့ဘဲ၊ ဖားကန့်သို့ ကျောက်တူးသွားရန် ဆုံးဖြတ်လိုက်ကြတော့သည်။

သူတို့နှစ်ယောက် ခရီးသွားရန် တိုင်ပင်နေသည့်အချိန် သူတို့အသိမိတ်ဆွေ ရွှေသွားဇော်မိုးတစ်ယောက် ရောက်လာသည်။ ရွှေသွားဇော်မိုးဟု ခေါ်တွင်ရခြင်းမှာ အပေါ်သွားနှစ်ချောင်းမှာ အမာကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်မိ၍ သွားနှစ်ချောင်း တစ်ဝက်နီးပါး ပဲ့သွားသည်။

ထိုပဲ့သွားသော သွားများကိုနုတ်ပြီး ရွှေသွားနှစ်ချောင်း ပြန်တပ်ခဲ့သည်။ အသိမိတ်ဆွေများက ရိုးရိုးနာမည်မခေါ်တော့ဘဲ ရွှေသွားဇော်မိုးဟု ခေါ်ခဲ့သည်။

သူ့မိဘများရှိစဉ်က စီးပွားရေးကောင်းခဲ့သည်။ မိဘများ လွန်ခဲ့သော ငါးနှစ်ခန့်က ရှေ့ဆင့်နောက်ဆင့် ဆုံးသွားသဖြင့် လယ်အလုပ် ဝါသနာမပါခဲ့သော ဇော်မိုး အနေအစား ကျပ်တည်းသွားသည်။

သူ့မှာ မွေးချင်းအစ်မတစ်ယောက်ရှိပြီး အိမ်ထောင်ကျနေသည်။ ရွှေသွားဇော်မိုးတစ်ယောက် အစ်မနှင့် ယောက်ဖမျက်နှာကြည့်ပြီး နေ့ထိုင်စားသောက်ခဲ့ရသည်။

စကားဝိုင်းမှာ ဝင်ထိုင်ပြီး နားထောင်နေသော ရွှေသွားဇော်မိုးအား ဖားကန့်သို့သွားလျှင် လိုက်မည်လားဟုမေးရာ …

"ကျုပ်လည်း အလုပ်မရှိတာနဲ့ အတော်ပဲ လိုက်မယ်ဗျာ ဘယ်နေ့သွားမှာလဲ"

တစ်ဂိုက်၊ လမ်းစရိတ် စုဆောင်းပြီး အမြန်ဆုံး တစ်ပတ်အတွင်း သွားကြမည်ဟု ဆုံးဖြတ်လိုက်သည်။

အားလုံး စရိတ်စုဆောင်းမိသည်နှင့် ဖားကန့်သို့ ရထား



တစ်တန် ကားတစ်တန်ဖြင့်၊ အဆင့်ဆင့်စီးပြီး ခရီးထွက်လာခဲ့ကြသည်။

သူတို့လာချင်သော ဖားကန့်သို့ ရောက်ခဲ့ပါပြီ။ သူတို့နှင့် ကားပေါ်မှာ အတူစီးခဲ့သူတစ်ယောက်က ဖားကန့်မှာ အလုပ်လုပ်နေသူဖြစ်သည်။

သူက ကူညီမည်ဆို၍ သူ့ကိုပင် အစစအရာရာ အားကိုးမှု ပြုပြီး သူဦးဆောင်ရာနောက် လိုက်သွားကြသည်။

ထိုသူက သူ့စကားအတိုင်း အကူအညီပေးပါသည်။ နေရေးထိုင်ရေး အဆင်ပြေအောင် ကူညီပြီး အလုပ်ရရှိအောင်ပါ ကူညီပေးခဲ့ပါသည်။

သူတို့ နှစ်ရက်သုံးရက်ခန့် အလုပ်လုပ်ပြီး ကိုယ်လက်များ မခံနိုင်အောင် နာကျင်နေသည်။

သူတို့က သည်လောက်အထိ ပင်ပန်းမည်ဟု ထင်မထားဒေသခံမိတ်ဆွေကတော့ တစ်နေ့တတ်ကျွမ်းနားလည်လာပါက စီးပွားရေးအခြေအနေ ကောင်းနိုင်သည်တဲ့။

သူတို့သုံးယောက်က ကျောက်စိမ်းကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေရ၍ အခြေအနေကောင်းရန် မမြင်တော့။ ထို့ကြောင့် ထိုအလုပ်မှ လွှဲ၍ အခြားအလုပ်ပြောင်းလုပ်ရန် မလွယ်သေးသဖြင့် စိတ်ညစ်

www.burmeseclassic.com

www.burmeseclassic.com



နေကြတုန်း သူတို့နှင့် လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ကသာနယ်ဘက်မှာ ရွှေသွားကျင်မည့်အကြောင်း ပြောလာသည်။

တိုရောက်၍ ရွှေကျင်နည်း တတ်မြောက်ပါက ထိုကျင်၍ ရသောရွှေဖြင့် ကြီးပွားနိုင်ကြောင်း ပြောပြသည်။

သူလည်း အခွင့်သာသည်နှင့် ကသာဘက်သို့သွားမည့် အကြောင်း ပြောလာပါသည်။ ထိုလူ ရွှေကျင်ရန် သွားလျှင် သူတို့ပါ လိုက်မည်ဟု ပြောထားလိုက်သည်။

ထိုသို့ တိုင်ပင်ထားကြပြီး ဖားကန့်သို့ရောက်၍ တစ်နှစ် မပြည့်ခင် ထိုနယ်ခံမိတ်ဆွေနှင့်အတူ ရွှေကျင်ရန် ထွက်ခဲ့ကြသည်။

နယ်ခံက ထိုရွှေကျင်သည့်နေရာမှာ သူ၏အသိမိတ်ဆွေများ ရှိကြောင်း ပြောသည်။

သူ၏ ဦးဆောင်မှုနှင့်အတူ ရွှေကျင်ရန် ထွက်ခဲ့ကြပြန်သည်။ ကသာမြို့သို့ သင်္ဘောဆိုက်သည်နှင့် သင်္ဘောပေါ်မှ ဆင်းခဲ့ကြသည်။

ကသာမြို့မှနေ၍ ထွန်စက်နှင့်ဆွဲသော ထော်လာဂျီနောက်တွဲ ယာဉ်ပေါ်တက်ပြီး ခရီးထွက်ခဲ့ကြရပြန်သည်။ တောင်ပေါ်လမ်းများကို ဘုရားတပြီး အသည်းတအေးအေး လိုက်ခဲ့ရသည်။ ထိုလမ်းကြမ်း ပေါ်မှာ ကုန်းလမ်းပို့ဆောင်ရေးက တီအီးတားများ သွားလာနေကြ သည်ကိုလည်း လမ်းမှာကြုံရသည်။





သူတို့၏ ထော်လာဂျီခရီးက ဆုံးခဲ့ပြီ၊ အထုပ်အပိုးများ သယ်ပြီး တောင်ပေါ်ခရီးကြမ်းကို ခြေလျင်တစ်ညအိပ်ခရီးသွားရဦးမည်ဆို၍ ထွက်ခဲ့ကြသည်။

သို့ဖြင့် သူတို့လေးယောက် တစ်တောဝင် တစ်တောင်ထွက် ထွက်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက် ဘာအန္တရာယ်မှ မကြုံရသေး။ အားလုံးအခြေအနေက ကောင်းနေသည်။ လမ်းမှာ တစ်ည အိပ်ပြီး နေ့ခင်းတစ်နာရီကျော်သည်နှင့် သူတို့ခရီးဆုံးသို့ ရောက် ခဲ့သည်။

ရွှေရှာကြသော တဲစုလေးများကို ဟိုနားတစ်စု ဒီနားတစ်စု တွေ့ရသည်။ နယ်ခံမိတ်ဆွေက သူ့အသိရှိသော တဲတစ်လုံးသို့ ခေါ်သွားသည်။ သူတို့သုံးယောက် နေထိုင်လို့ရမည့် တဲတစ်လုံးကို အမြန်ထိုးခိုင်းသည်။

တဲထိုးရန် သစ်ဝါးက ပေါသဖြင့် ညနေငါးနာရီခန့်မှာ သုံး ယောက်နေရန် ဆယ်ပေပတ်လည် တဲလေးတစ်လုံးဆောက်၍ ပြီးစီးခဲ့သည်။

ညဘက်ရောက်တော့ စကားဝိုင်းဖွဲ့ကြသည်။ ရွှေကျင်သော နေရာက သူတို့နေရာနှင့် မိုင်ဝက်ခန့် သွားရဦးမည်ဟုသည်။ အလုပ်လုပ်ရာနှင့် နေရာအတူတူ ရှိမနေခြင်းက အန္တရာယ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာရှိပါက အလွယ်တကူ ရှောင်တိမ်းနိုင်ရန်တု ဆိုပါသည်။

ဒါ့ပြင်မည့် သူတို့ရွှေမိုးကျင်သော သူများဖြစ်ကြောင်း အားလုံး သိကြသည်တု ဆိုပါသည်။ သူတို့ဖေါင်းသော ဆက်ကြေး ပေးလိုက်လျှင် တော်ရုံတန်ရုံ ကိစ္စပြီးပြတ်သွားသည်တု ဆိုသည်။

နောက်နေ့ သူတို့ ရွှေကျင်သောနေရာသို့ လိုက်သွားပြီး အလုပ်လိုက်သင်သည်။

မကြာသောရက်မှာပင် ရွှေကျင်တတ်လာကြသည်။ ရရှိသော ရွှေတိုရွှေစ ရွှေမှုန်များကို လာရောက်ဝယ်ယူသည့် ပွဲစားကလည်း အဆင်သင့်ရှိသည်။

ဝင်ငွေက ပုံမှန်မရှိ၊ ပိုရသူကလည်း ရတတ်သလို နေ့တွက် မကိုက်သူကလည်း ရှိတတ်သည်။ တစ်ဦးနှင့်တစ်ဦး မတူကြ။ အချို့ဆိုလျှင် ရွှေကျင်ရာမှ ရွှေးစေ့ခန့်၊ သန်စေ့ခန့်၊ ရွှေတုံးလေး များပင် ရတတ်သည်။

သူတို့ သုံးယောက်တစတော့ ကျွေးကျွန်သောသည့် နေ့တွက် ပင် မကိုက်သေး။ ရေထဲဆင်းပြီး ရွှေကျင်သော အတွေ့ကလည်း မရှိသဖြင့် ထိုလုပ်ငန်းကိုလည်း စိတ်ကုန်စပြုလာသည်။

မိုးကျချိန်အထိတော့ နောက်လာပြီမှ ကြိုးစားပြီး ရွှေရှာဖော် ကျင်ကြမည်တု ဆုံးဖြတ်ထားသည်။ ရွှေရှာသူများမှာ မိုးကျချိန်



အထိ ရွှေရှာပြီး မိုးတွင်း ပြန်နားကာ မိုးကုန်မှ ပြန်လာ၍ လုပ်ငန်းအသစ် ပြန်စကြသည်တုဆိုသည်။

သို့ကြောင့် ရာသီမကုန်ခင် ရသမျှပိုက်ဆံ ပြန်ပါသွားရန် ကြိုးစားလုပ်ကိုင်မည်တု စိတ်ပိုင်းဖြတ်ပြီး ဇွဲကောင်းကောင်းနှင့် လုပ်ကိုင်ခဲ့ကြရာ မကြာခင်မှာပင် ရွှေကို ကျွမ်းကျင်စွာ ကျင်နိုင် လာခဲ့ကြသည်။

ထိုခေတ်က ရွှေတစ်ကျပ်သား သုံးသောင်းခန့်သာ ရှိသေး သည်။

မကြာခင် မိုးသားတိမ်ရိပ်များတွေ့လာရသည်။ မိုးရွာပါက တောင်ကျရေများကြောင့် အလုပ်လည်း မဖြစ်နိုင်တော့သလို လမ်းပန်း ခရီးကလည်း သွားလာ၍ မကောင်းနိုင်တော့။

သို့ကြောင့် ရှာဖွေရသမျှ ကျစ်ကျစ်ပါအောင် ဆုတ်သေးပြီး ပြန်ရန် စီစဉ်ကြတော့သည်။

ထိုအခါ ရွှေသွားဇော်မိုးက အသက်တလည်းငယ် ရွှေရှာသူ သုံးယောက်မှာ ကံအလိုက်ဆုံးဖြစ်သည်။ သူရှာသော နေရာမှ ရွှေးကြီး၊ ရွှေးလေးအရွယ် ရွှေတုံးရွှေစလေးများ မကြာခဏတွေ့ ခဲ့သည်။

စားပြီး၊ သောက်ပြီး စုဆောင်းမိသော ရွှေစုသိမ်းခွဲခန့်

www.burmeseclassic.com



ရရှိခဲ့သည်။

သိန်းအောင်နှင့် ငွေအောင်တို့နှစ်ယောက်ပေါင်း တစ်သိန်းခန့်သာရရှိကြသည်။

တောထဲမှာ စားသောက်စရိတ်ကလည်း ကြီးသည် ဆေးခိုးတလည်း တုန်သည်၊ ငွေအောင်က ငှက်ဖျားမိ၍ မကြာခဏအိပ်ရာထဲ လဲခဲ့သည်။

ထို့ကြောင့် ငှက်ဖျားဆေးကို အမြဲသောက်နေရသည်။ ဆေးခိုးတလည်း သူ့အတွက် ထောင်းနေသည်။ အပြန်ခရီးမှာ သူတို့နှစ်ယောက်အတွက် မျက်နှာပန်း မလှခဲ့။ သူတို့သုံးယောက် ပြန်မည့်နေ့မှာ စခန်းမှ စောစောထွက်ခဲ့ကြသည်။

မည်သို့ပဲပြန်ပြန် လမ်းမှာ တစ်ညအိပ်ကြရဦးမည်။ သူတို့နှစ်ယောက် ငွေထုပ်ပိုက်ပြီး အပျော်မျက်နှာနှင့် ပြန်လာသော ရွှေသွားဇော်မိုးကို မနာလိုချင်ကြ။ စားပြီးသောက်ပြီး တရင်းရှင်းပြီးနောက် သူ့မှာ နှစ်သိန်းကျော်ကျော် ကျန်သေးသည်။

သို့ကြောင့် ရွှေသွားဇော်မိုးထံမှာ ပါလာသော ပိုက်ဆံများကို လုယူရန် နှစ်ယောက်သား တိုင်ပင်ကြသည်။

"ခင်ဗျားက ... ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

"ငါ သူ့ကို လက်စဖျောက်လိုက်မယ်"



"တာ ... မလုပ်ပါနဲ့ ... ကျုပ် လူမသတ်ရဲဘူး"

"မင်း သတ်စရာမလိုဘူး ... ငါသတ်မယ် ... မင်းနှုတ်လုံဖို့ပဲ အရေးကြီးတယ်"

ထို့နောက် ရွှေသွားဇော်မိုးအား လက်စဖျောက်ရန် အခွင့်အရေးကို ချောင်းနေကြသည်။

အချိန်က ညနေလေးနာရီခန့် ရောက်လာသည်။ သူတို့သုံးယောက် ညအိပ်ရန် နေရာရှာသည်။

"ဟောဒီနေရာကတော့ တို့ချက်ပြုတ်စားဖို့ရော ညအိပ်ဖို့ပါ နေရာကောင်းပဲ"

"နေရာရပြီဆိုတော့ ငါက ထမင်းတင်ချက်လိုက်မယ်။ မင်းတို့က ညဘက် မီးပိုထားရအောင် အနီးတဝါမှာ ထင်းခြောက်တွေလိုက်ကောက်ကြ။

သိန်းအောင်က ညစာအတွက် ချက်ပြုတ်ရန် စီစဉ်နေစဉ် ငွေအောင်နှင့် ရွှေသွားဇော်မိုးတို့က ထင်းရှာ ထွက်ခဲ့ကြသည်။

ချက်ပြုတ်စားသောက်ပြီးတော့ အချိန်က ည '၆' နာရီကျော်သွားသည်။ ညအိပ်ရန် နေရာထိုင်ခင်း ပြင်ဆင်လိုက်ကြသည်။

"အင်း ဒီတစ်ညတော့ တောထဲမှာ အသက်စွန့်ပြီး အိပ်ကြရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲဗျ ကိုသိန်းအောင်ရဲ့"

"တောင်ပေါ်တောကြီး မျက်မည်းထဲမှာ ကျားခြသေ့်တွေလည်း ရှိနိုင်တယ်။ မြွေဆိုးတွေလည်း ရောက်လာနိုင်တယ်။ ဒီအနီးနားမှာ မိတောင်တွေ မရှိဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"သူတို့သာ ရောက်လာလို့ကတော့ မြန်ခုခံဘို့ လက်နက်လည်း ရှိတာမဟုတ်ဘူး။ သေရုံးကပြင် ဘာရှိလို့လဲ။ အဲကြောင့် အသက်ရှန့်ပြီး အိပ်တာလို့ပြောတာ"

"တဲပါမှာ ... မိတ်ညာ အေးအေးချမ်းချမ်း လွန်မြောက်ပါစေလို့ပဲ ဆုတောင်းကြရုံပေါ့ ဘုရား၊ တရား၊ သံဃာလည်း စောင့်ကြပ်မှာပါ။ သေတော့လည်း ကောင်းရာသုဂတိ ရောက်နိုင်တာပေါ့"

ရွှေသွားဖော်မိုးက ဇွေအောင်ကို ပြောလိုက်သည်။

"ကဲ စကားအပြော လျှော့ကြ၊ ညနေက ရှာထားတဲ့ သစ်ကိုင်းခြောက်တွေသာ မီးမငြိမ်းအောင် ကြိုးစားကြရမှာပဲ"

သစ်တုံး၊ သစ်ကိုင်းခြောက်များကို တောင့်လေးထောင့်မှာ လေးပုံ ပုံပြီး မီးရှို့ထားသည်။ သူတို့က မီးပုံများအလယ်မှာ နေရာယူထားခြင်းဖြစ်သည်။

သို့ဖြင့် တစ်ညတာ လွန်မြောက်ခဲ့သည်။ အန္တရာယ် တစ်စုံ





တစ်ရာ မတွေ့ရောက်ခဲ့။ ညကကျန်သော ထမင်းနှင့် ဟင်းကို မနက်စာ အစာပြေစားကြသည်။

ထမင်းစားပြီးသည်နှင့် ခရီးဆက်ကြရန် ဆုံးဖြတ်ပြီး ထိုနေရာက စထွက်ခဲ့ကြသည်။ တောင်ပေါ်လမ်းက ဝါးပင်များ သစ်ပင်ကြီးများ အုပ်မိုးနေခြင်းကြောင့် နေပျောက်ပင်မထိုး။

"ဟာ ကိုဇွေအောင် ကျုပ်တို့ လမ်းမှားဝင်လာပြီနဲ့တူတယ်။ ရှေ့မှာ လမ်းပိတ်နေပြီ"

"တုတ်လား ... အဲဆို အတော်ပဲပေါ့"

ဇွေအောင်က ထိုမျှသာပြောပြီး လမ်းကြောင်းရှာနေသော ရွှေသွားဖော်မိုးအား လမ်းရှင်းရန်ကိုင်ထားသော ဓားနှင့်တစ်ချက်တည်း ဇက်ကို ပိုင်းဖြတ်လိုက်ရာ ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားတော့သည်။

ခန္ဓာကိုယ်မှ လွင့်ထွက်သွားသော ဦးခေါင်းက ခပ်ဝေးဝေးသို့ လိမ့်ပြီး မှောက်လျက်အနေအထား ရှိနေသည်။

"တော့ သိန်းအောင် ပိုက်ဆံအပြင် ရွှေသွားစွပ်ရှောင်လည်း ရှိသေးတယ်ကွ၊ ငါ မိတောင်ရဲ့ သွားစွပ်ရှောင်တွေကို ချိုးယူလိုက်ဦးမယ်"

ဇွေအောင်က ရွှေသွားဖော်မိုးရဲ့ ခေါင်းကို ခြေထောက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တန်၍ လှန်လိုက်ပြီး ဓားနောင့်နှင့် ဆောင့်ချိုးလိုက်သည်။

ထိုအချိန် ရွှေသွားဇော်မိုးက သိန်းအောင်လုပ်နေသည်ကို ရပ်ကြည့်နေသည်။ သူ့ကိုယ်သူ သေမှန်းမသိသေးချေ။

"ဒီခန္ဓာကိုယ်နဲ့ ခေါင်း ငါနဲ့ တူလိုက်တာ" သူ၏ ခန္ဓာကိုယ်ကိုဖြတ်၍ သွားလာနေသော ငွေအောင်နှင့် သိန်းအောင်တို့ကြောင့် သူ့ကိုယ်သူ အံ့ဩနေသည်။ သူစုဆောင်းရရှိထားသော ပိုက်ဆံများကိုလည်း သူ့ကိုအနားထား၍ ခွဲဝေယူနေကြသဖြင့် သူတို့လက်ထဲက အတင်းပြန်လုယူလိုက်သည်။

ဒါပေမဲ့ သူတို့လက်ထဲက ပိုက်ဆံများကို အကြိမ်ကြိမ် ဆွဲလုသော်လည်း လက်ထဲသို့ ပါမလာ။ ထိုအခါမှ သူ့ကိုယ်သူ သေဆုံးခဲ့ပြီဟု ယုံကြည်လိုက်တော့သည်။

သေချာအောင် သိန်းအောင်လက်ကို လှမ်း၍ဆွဲလိုက်သည်။ သိန်းအောင်လက်ကို မဆုတ်ကိုင်မိ လက်က ကျွံဝင်သွားသည်။

သူဆက်၍ မကြိုးစားတော့ဘဲ သူတို့လုပ်ကိုင်နေသည်ကို ကြည့်နေလိုက်သည်။

သူတို့နှစ်ယောက်က သူ့ခေါင်းနှင့် ခန္ဓာကိုယ်ကို ကျောက်တုံးကြီး ကျောက်တုံးငယ်များဖြင့်ဖုံးပြီး မြှုပ်ပစ်နေသည်။ နာရီဝက်ခန့် ကြာတော့ ခေါင်းကိုယ်လုံးဆိုင်ကို ကျောက်တုံးများဖြင့် ဖုံးအုပ်ပြီး



သွားပြီဖြစ်သည်။ ထို့နောက် သစ်ကိုင်းများခုတ်ပြီး အပေါ်က သေချာအောင် ဖုံးအုပ်နေပြန်သည်။

အမှတ်တမဲ့ဆိုလျှင် လူတစ်ယောက်ကိုသတ်ပြီး ဖုံးထားသည်ကို မသိနိုင်တော့။

သူတို့ သူ့အား ထားပြီး ထွက်သွားသည်ကိုလည်း ရပ်ပြီး ကြည့်နေမိသည်။

"တာ ... ငါ့ရဲ့ရှာဖွေထားတဲ့ ပိုက်ဆံတွေ လိုချင်လို့ ငါ့ကို သတ်သွားတာပါလား။ ရက်စက်လိုက်ကြတာ ... ငါ့ခေါင်းကိုလည်း ခြေထောက်နဲ့ကန်ပြီး ငါ့ရွှေသွားနှစ်ချောင်းကိုလည်း ရိုက်ချိုးသွားသေးတယ် ... တောက် ... အချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်ရက်တယ် ..."

"ငါ မင်းတို့နောက်ကို လိုက်ခဲ့မယ် ... ငါ ပြန်ကလဲ့စားချေမယ်"

ငွေအောင်နှင့် သိန်းအောင်တို့နှစ်ယောက် ပိုက်ဆံများ ခွဲဝေယူပြီး ခရီးဆက်ကြသည်။ ငွေအောင်က ရွှေသွားနှစ်ချောင်းကို ယူထားသည်။

ဇော်မိုးက သူတို့နှစ်ယောက်နောက်မှ လိုက်ခဲ့သည်။ သူသွားနေသည့်လမ်းက တောတောင်လျှိုမြောင်မဟုတ်ဘဲ မြို့ရှင်းလိုလို

www.burmeseclassic.com

www.burmeseclassic.com



မြစ်လိုလိုဖြစ်နေသည်။

နောက်ကနေ ကျောကုန်းကို တုတ်နှင့်ရိုက်လိုက်သကဲ့သို့ ဖျန်းခနဲ အသံနှင့်အတူ နာကျင်စွာ ခံစားလိုက်ရသည်။

"တော့ကောင် မင်းဘယ်ကိုသွားမှာလဲ၊ မင်းပစ္စည်းတွေ သွားပြန်ကောက်"

ထိုစကားသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်တော့ သူ၏ ခရီးဆောင်အိတ်ကို တွေ့ရသည်။

အိတ်ကို ကောက်ယူပြီး လွယ်လိုက်သည်။

"မင်း ခရီးသွားမယ်ဆို ... ကုတို့ခ ပိုက်ဆံပေး"

"ကျုပ်ဆီမှာ ဘာပိုက်ဆံမှ မပါတော့ဘူး ... အားလုံးယူသွားကုန်ပြီ"

"အေး ပိုက်ဆံမပါရင် ခြေထောက်နဲ့သာ ကူးသွား"

မမြင်ရသော အသံရှင်က ညွှန်ကြားချက်တွေ ပေးနေသည်။ သေသည်၏ အခြားမဲ့မှာ ခရီးထွက်ရန် ပိုက်ဆံမပါသဖြင့် ချောင်းလိုင်း၊ မြစ်လိုလိုအရာတို့ကို သည်အတိုင်း ကူးခတ်ရတော့သည်။

ဘစ်ဖက်ကမ်းသို့ ပင်ပန်းစွာ ရောက်ခဲ့သည်။

တစ်ဖက်ကမ်းသို့ ရောက်သည့်အခါမှာတော့ နောက်က အသံရှင်ကို မတွေ့ရတော့။



တစ်ဖက်ကမ်းသို့ ကူးပြောင်းရောက်ရှိသွားသည်နှင့် ခန္ဓာကိုယ်မှာ လူမဟုတ်သဲ့ အကောင်တစ်ကောင်အဖြစ် ကူးပြောင်းသွားပြီကို သိလိုက်သည်။ တစ္ဆေတစ်ကောင် ဖြစ်သွားပြီကို သိလိုက်သည်။

တောပိုင် တောင်ပိုင် နယ်ပိုင်များကို ခွင့်တောင်းပြီးသည်နှင့် မိမိနေရပ်ကို အရောက်လွင့်ခဲ့သည်။

ထိုအချိန်မှာ ရွာသို့ သိန်းအောင်နှင့် ငွေအောင်တို့ ပြန်မရောက်ကြသေး။

ရွာမှာ ဇော်မိုး၏ မိသားစု များများစားစား မရှိ။ အစ်မတစ်ယောက်သာရှိသည်။ အစ်မမိသားစုကလည်း အေးအေးဆေးဆေး။

တစ္ဆေဖြစ်နေသော ဇော်မိုးလည်း ရွာကိုရောက်သည့်အခါ နေထိုင်စရာ မှီခိုရာ သစ်ပင်တစ်ပင်မှပင် ရှာမတွေ့သေးသဖြင့် အစ်မအိမ်သွားပြီး အိုးခွက်ပန်းကန်များဖွင့်ကာ လှန်လှောရှာဖွေစားသောက်သည်။

သိန်းအောင်နှင့်ငွေအောင် အိမ်သို့လည်း ရောက်သွားသည်။ ငွေအောင်သိန်းမက်ိုမြင်တော့ စိတ်ဆိုးသွားသည်။ ထို့ကြောင့် မီးဖိုထဲဝင်ပြီး အစားအသောက် အကုန်စားပစ်သည်။

စိတ်ဆိုး ဒေါသနဲ့ပြီး အိုးခွက်များ လွှင့်ပစ်သည့် အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခဲများဖြင့် ပစ်သည်။

ထို့အတူ သိန်းအောင် အိမ်ကိုပါသွားပြီး ကိုင်လှုပ်ပစ်သည်။ စိတ်ကျေနပ်လောက်မှ တစ္ဆေဇော်မိုး ခြံပြင်ထွက်လာခဲ့သည်။

ရွာထဲသို့ထွက်လာခဲ့သည် လူတွေက သူ့ကို မမြင်ရပေမယ့် ခွေးများကတော့ မြင်ကြသည်။

သူသွားရာ ခွေးများကမြင်ပြီး ဟောင်ကြသည်၊ အူကြသည်။ ခွေးတစီစီ ဖြစ်နေသဖြင့် ရွာစောင့်နတ်ကလည်း အမြင်ကပ်လာပုံ ရသည်။

နောက်ကို အခုလို လျှောက်သွားနေရင် ရွာထဲ အဝင်မခံတော့ဘူးဟု ကြိမ်းမောင်းသည်။

သို့ကြောင့် ရွာစောင့်နတ်ထံမှာ နေရာတောင်းရာ ရွာစောင့်နတ်က တစ္ဆေသရဲတို့ရဲ့အချုပ် မဖဲဝါထံသွားပြီး နေရာတောင်းရန် အကြံပေးသည်။

သို့ကြောင့် တစ္ဆေဇော်မိုးလည်း နေရာတစ်နေရာ ရရှိရေးအတွက် ရွာစောင့်နတ်အကြံပေးသည့်အတိုင်း နေရာတောင်းရန် စိတ်ကူးလိုက်သည်။

သူမြင်မြင်သမျှ နေလို့ရသော အပင်မှန်သမျှ နေထိုင်ကြသော သရဲတစ္ဆေ၊ သဘက်များ အပြည့်ရှိနေကြသည်။





သူ မဖဲဝါထံရောက်တော့ မဖဲဝါက သရဲမအိုကြီးတစ်ကောင်နှင့်အတူတွဲပြီး နေရာချပေးသည်။ ရွာအဝင်ရှိ မန်ကျည်းပင်မှာ သရဲမကြီးနှင့်တွဲပြီး နေရသည်။

သရဲမကြီးကလည်း ကြည်ကြည်ဖြူဖြူ နေခွင့်ပေးခဲ့သဖြင့် ခိုနားစရာ နေရာရရှိခဲ့သည်။

ထိုသို့ နေစရာရရှိပြီးနောက် တစ္ဆေဇော်မိုးတစ်ယောက် မိမိအပေါ် ရက်စက်သွားကြသော သိန်းအောင်နှင့် ငွေအောင်တို့နှစ်ယောက် ပြန်အလာကို စောင့်နေလေသည်။

ဇော်မိုးသေဆုံးပြီး ငါးရက်ကျော်ခန့်မှ ငွေအောင်တို့ ရွာသို့ ပြန်ရောက်လာကြသည်။

ထိုအချိန် သိန်းအောင်က ရွာမရောက်ခင် ငှက်ဖျားရောဂါထလာသဖြင့် လှည်းတစ်စီး ငှားပြီး ပြန်ခဲ့ရသည်။

ငွေအောင်က သိန်းအောင် မိသားစုထံ အရင်သွား၍ လူမသာအကျိုးအကြောင်းပြောပြီး အပ်ကာ အိမ်သို့ ပြန်လာခဲ့သည်။

သူတို့ရောက်သည်နှင့် ဇနီး၊ သားသမီးများက လှိုက်လှဲဝမ်းသာစွာ ကြိုနေကြသည်။

ပြီးခဲ့သောရက်က သရဲအခြောက်ခံရခြင်းတို့မှာ ငွေရှာသွားသူများ သေဆုံးကုန်သဖြင့် မိသားစုများထံ လာရောက်အသိပေး၊

www.burmeseclassic.com



ခြောက်လှန့်ခြင်းလားဟု အထင်ရှိနေကြသည်။

သို့ကြောင့် ဋ္ဌေးအောင်အား မိသားစုများက သရဲအခြောက်ခံရပုံကို ရောက်မဆိုက် ပြောပြကြသည်။

"ဘာပြောတယ် ... အိမ်မှာ သရဲ လာခြောက်တယ် ဟုတ်လား"

"ကျွန်မတို့အိမ်တင် မဟုတ်ဘူး။

ရှင့်သူငယ်ချင်းကိုသိန်းအောင်တို့အိမ်ပါ အခြောက်ခံရတယ်"

"ဒါဆို ဇော်မိုးသရဲဖြစ်ပြီး တို့နောက်လိုက်လာတာဖြစ်မယ်"

"တင် ရှင်တို့နဲ့ အတူပါသွားတဲ့ တိုရှေ့သွားဇော်မိုး ပါမလာဘူးလား"

"တောင်ပေါ်ငှက်ဖျားက အတော်ကြောက်ဖို့ကောင်းတယ်၊ ဇော်မိုးက ဟိုရောက်ပြီး တစ်နှစ်လောက်မှာ ငှက်ဖျားကြောင့် သေဆုံးသွားတယ်"

"သိန်းအောင်လည်း ငှက်ဖျားမိနေတယ်။ အခု ပြန်လာရင်းလမ်းမှာ ငှက်ဖျားပြန်ဖြစ်နေလို့ လှည်းငှားပြီး သူ့အိမ်လိုက်ပို့ခဲ့ရသေးတယ်"

"ဒါဆို ရှင် ဇော်မိုးရဲ့ အစ်မအိမ်ကိုသွားပြီး အကျိုးအကြောင်းရှင်းပြလိုက်ဦးပေါ့"



"အေး ခဏနေရင် ငါသွားလိုက်မယ်၊ အလုပ်လုပ်ရင်း သေသွားလို့ သပိတ်သွပ်၊ တရားနာတောင် မလုပ်လိုက်ရဘူး"

"ဒါဆို သူ့အစ်မကို ဇော်မိုးအတွက် သပိတ်သွပ် ဆွမ်းအလှူလုပ်ခိုင်းရင် ကောင်းမယ်၊ ငါနဲ့သိန်းအောင်က ငွေနည်းနည်းစိုက်ပေးလိုက်မယ်"

"ကောင်းပါတယ် ... ကိုယ့်သူငယ်ချင်းတွေပဲ၊ ဒီလောက်တော့ လုပ်ပေးသင့်တာပေါ့"

"အေး ... ငါသိန်းအောင်တို့ အိမ်လှည့်ဝင်ပြီး ဒီကောင့်ရောဂါ သက်သာလား ဝင်ကြည့်ရင်း၊ ဇော်မိုးအိမ်ကိုပါ ဆက်သွားလိုက်မယ်"

ကိုဋ္ဌေးအောင်၏ ဇနီး မငွေမြိုင်က ခင်ပွန်းပြန်လာတော့ ငွေတစ်သိန်းခြောက်သောင်းကျော်ပါလာသဖြင့် စိတ်ထဲမှာ ရွှေလက်ကောက် ရွှေဆွဲကြိုးများကို မြင်ယောင်နေပြီး ဇော်မိုးသေဆုံးသည်ကိုပင် ငွေထည့်ပြီး အလှူတစ်ခုလုပ်ပေးရန်ပင် တိုက်တွန်းနေသေးသည်။

သိန်းအောင်အား ကျွန်းမာရေးမှူးအိမ်ခေါ်ပြီး ပြကြသည်။ ဋ္ဌေးအောင်တို့ ပြန်ရောက်သည်ကြား၍ အိမ်နီးနားချင်းများလာ၍ သတင်းမေးကြသည်။ အခြေအနေကို လာအကဲခတ်ကြသည်။

www.burmeseclassic.com



ငွေးအောင်က သူတို့အလုပ်သည် မည်မျှပင်ပန်းကြောင်း၊ အလွန်ဒုက္ခရောက်ကြောင်း၊ အသက်ဘေးနှင့် အလွန်နီးကြောင်း ဝိုဝိုသာသာလေး ပြောသည်။

အေသစိမ်းသောသူများ ငှက်ဖျားရောဂါများဖြစ်၍ သေသူများလှကြောင်း ဇော်မိုးတစ်ယောက် ရောက်ပြီး မကြာခင်မှာပင် ငှက်ဖျားရောဂါခံစားရကာ တစ်နေ့တစ်ခြား ပိုဆိုးလာပြီး သေဆုံးသည်အထိ ဖြစ်သွားခဲ့ကြောင်း။

ရွာကို အကြောင်းကြားရအောင်ကလည်း လူကြုံမရှိ အလုပ်မှ ဝိုက်ဆံမရှင်းရသေးသဖြင့် ပြန်လာ၍ မရကြောင်း ယုံကြည်အောင် ပြောပြသည်။

ဇော်မိုးမှာ သွေးချင်းဆို၍ အစ်မတစ်ယောက်သာရှိပြီး အစ်မကလည်း အေးဆေးသူဖြစ်၍ ဇော်မိုးသေဆုံးသည့် သတင်း ကြားပြီးကတည်းက တခြားရှည်ရှည်ဝေးဝေး မစဉ်းစား။ မည့်သူကိုမှ မသင်္ကာမဖြစ်ဘဲ၊ သေနေ့စေ့၍ သေဆုံးကြောင်းသာ စိတ်ပိုင်းဖြတ်ထားခဲ့သည်။

သူတို့ ရွာပြန်ရောက်သည့်အချိန်က နေ့ခင်းပိုင်းဖြစ်သည်။ ညနေပိုင်းရောက်တော့ အိမ်သို့ သတင်းလာမေးကြသူများလည်း ပြန်ကုန်ကြပြီ။



ဇနီးဖြစ်သူက ယောကျ်ား ငွေထုတ်ပိုက်၍ ပြန်လာသဖြင့် အပျော်ကြီး ပျော်နေသည်။

ငွေးအောင် ပါလာသောငွေက ရွှေဒင်္ဂါးကျပ်သားခန့်ဝယ်၍ ရနိုင်ပြီး ငွေသားက နှစ်သောင်းနီးပါး ကျန်ပေဦးမည်။ ထိုငွေများဖြင့် တစ်မိုးတွင်း စားသောက်နေထိုင်ရန် လုံလောက်သည်။ ဇော်မိုး နာရေးအတွက် အလှူလုပ်ရန် ငွေနှစ်ထောင်ကို ဖယ်ထားလိုက်သည်။

သို့ဖြင့် ညကိုးနာရီခန့် မီးမှုတ်ပြီး အိပ်ရာဝင်ကြသည်။

ဒုန်း … ဝုန်း …

ဝုန်း … ဝုန်း … ဝုန်း …

"အမယ်လေး … အမေရေ … သရဲ … သရဲ …"

"တဲ့ … ကလေးတွေ … လာ … လာ … ဒီဘက် အခန်းထဲ လာခဲ့"

ငွေးအောင်မှာ ကလေးသုံးယောက်ရှိသည်။ အကြီးဆုံးက ဆယ့်လေးနှစ်သား၊ ဆယ့်နှစ်သားနှင့် အငယ်ဆုံးက ခြောက်နှစ်သမီးဖြစ်သည်။ မောင်နှမသုံးယောက်က တစ်ခန်းအိပ်ကြသည်။

ဝေါ … ဝေါ … ဝေါ …

အိမ်ကိုပါ ဆွဲကိုင်လှုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝုန်း … ဂလုန်း … ဂွမ်း …

အငယ်ကောင်နှင့် အငယ်ဆုံးသမီးတို့က ထိတ်လန့်ပြီး အော်ငိုပါတော့သည်။ ဒွေးအောင် မီးခွက်ထွန်းလိုက်သည်။

"တဲ့ ကလေး တိတ်စမ်း၊ ဘယ့်နှယ့် မျက်လုံးမှိတ်ပြီး ဗွတ်အော်နေရတာလည်း"

"အမေ တိုမှာ သရဲကြီး … မျက်လုံးနှစ်လုံးက ရဲရဲကြီး"

ကလေးမလေး ပြရာသို့ အားလုံးလှည့်ကြည့်သည် … ဘာကောင်မှမတွေ့။

"အမေ သမီးကြောက်တယ် … ကြောက်တယ် …"

မျက်လုံးစုံမှိတ်ပြီး အသံကုန်အော်နေသည်။

"မရှိပါဘူး … သမီးရယ် … ဘာမှမရှိပါဘူး"

"ရှိတယ် ရှိတယ် သမီးတွေ့တယ်"

ကလေးမလေးက မျက်လုံးဖွင့်ကြည့်သည်။ စောစောက တွေ့သည့်နေရာမှာ သရဲမရှိတော့။

"တွေ့သေးလား သမီး"

"အခု မတွေ့တော့ဘူး"

"ခွပ် … ဝုန်း … ခလွပ် …"

"ဟာ မီးဖိုထဲမှာ … အိုးတွေခွက်တွေ ပစ်ချလိုက်ပြီ"



"ကြက်သားဟင်းတွေ မီးဖိုထဲမှာ ကျန်သေးတယ်။ အိုးတွေ ပစ်ထုတ်လိုက်လို့ အကုန်ဖိတ်ကုန်ပြီထင်တယ်"

"ရှင်သွားကြည့်လိုက်ပါလား"

"ငါမသွားရဲပါဘူး"

"ဘယ်လိုကဘယ်လို သရဲက ရောက်လာတာလဲ အရင်က တစ်ခါမှ မခြောက်ဖူးပါဘူး။ ရှင်တို့မလာခင် နှစ်ရက်လောက်ကမှ စပြီး ညတိုင်းခြောက်နေတာ"

ယောက်ျားဖြစ်သူ ပိုက်ဆံပိုက်၍ ပြန်ရောက်လာသဖြင့် ဇနီးဖြစ်သူက သားကြီးအား ပိုက်ဆံပေးကာ ကြက်တစ်ကောင် ဝယ်ခိုင်းပြီး ချက်ထားခြင်းဖြစ်သည်။

မိသားစုငါးယောက် ကြက်တစ်ကောင်လုံးချက်ထားရာ မကုန်သဖြင့် နောက်နေ့ မုန့်သီးနှင့်ရော၍ ချက်ရန် ချန်ထားခြင်းဖြစ်သည်။

တစ္ဆေကြီးကလည်း ထမင်းဟင်းများ ကုန်စင်အောင် စားပြီးမှ အိုးခွက်များကို လွှင့်ပစ်ခြင်းဖြစ်သည်။

ဒွေးအောင်အိမ်ကို ခြောက်လှန့်ပြီးသည်နှင့် သိန်းအောင်ကို သွား၍ ခြောက်လှန့်ပြန်သည်။

သိန်းအောင်တို့အိမ်က သွပ်မိုး၊ ငါးထရံကာဖြစ်သည်။ သွပ် အမိုးပေါ် ခဲပစ်ချလိုက်၊ ငါးထရံကို တဘုန်းဘုန်းပုတ်လိုက် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ထက်ပို၍တော့ ခြောက်လှန့်မှုမရှိ။

နောက်ညအရောက် သိန်းအောင် အဖျားကျသွားသည်မရှိဘဲ အဖျားတက်လာသည်။

အနီးမှာ ဇနီးနှင့် ဆယ့်သုံးနှစ်အရွယ်သမီး၊ သိန်းအောင်၏ ယောက္ခမကြီးတို့ ရှိနေကြသည်။

"မအေး ... မအေးမြိုင်"

"ရှင် ... ကိုသိန်းအောင်"

"ငါ ... ငါ ... အရမ်းချမ်းတယ်။ ငါ့ကို စောင်တွေ ထပ်ပြီးခြုံ ... ခြုံပေးဦး"

"တစ်အိမ်လုံးရှိသမျှ စောင်တွေ ရှင့်ကိုယ်ပေါ်မှာ ခြုံပေးထားတယ် သိပ်ချမ်းရင် ရေနွေးသောက်မလား"

"မ ... မသောက်ချင်ဘူး"

"ဝုန်း ... ဝုန်း ... ဂျိန်း ...
ဒုန်း ... ဒုန်း ... ဝုန်း ..."

"တင် အိမ်ကို ဘယ်က ကလေးတစ်တွေလာပြီး ခဲနဲ့ပစ်နေလည်း မသိပါဘူး"

ဇနီးဖြစ်သူ မအေးမြိုင်က ကိုသိန်းအောင် ကြောက်မည်စိုး၍ သရဲခြောက်သည်ကို ကလေးများ ခဲနှင့်ပစ်သယောင် ပြောလိုက်



သည်။

"ငါ ... ငါ ... သိတယ် ... သူ ... သူတကယ် လာခြောက်နေတာ ... ငါ ငါတို့ကို မကျေနပ်လို့ လာ ... လာ ခြောက်နေတာ"

ဝုန်း ... ဒိန်း

"တာ ... ငို့ ငါ ... အပေါ်တည့်တည့် ခေါင်မိုးမှာ အမိုးကို တွယ် ... ပြီးလျှောက် ... လျှောက်နေတယ်"

မအေးမြိုင်နှင့် သူ့မိခင်တို့ကပါ မြိုင်တူမော့ကြည့်မိကြသည်။

"ဘာမှ ... မရှိပါဘူးတော်"

"တာ ... တာ ... ရှိတယ် ဇောက်ထိုးကြီးလုပ် ... တာ ခေါင်းကြီး ... မရှိတော့ဘူး"

"ရှင် ... မျက်လုံးထဲ မြင်ချင်ရာ လျှောက်မြင်နေတာပါ ... ကျွန်မတို့ကြည့်တာ ဘာမှမရှိဘူး"

"ရှိတယ် ... ရှိတယ် ... ခေါင်းပြတ်ကြီး ... အားအား ငို့ ... ငို့အပေါ်ကို ခုန်ချတော့မယ် ..."

သူတို့က ... သိန်းအောင် အဖျားကြီး၍ ကယောင်ကတမ်း ပြောနေသည်ဟု ... ယူဆနေကြသည်။

... အ ... အမယ်လေး ... မ မ အေး ... မြိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ကို တယ်ဆိုး ... အောက်ကို ... ခုန်ခုန်ချ ... ချ။

"အား"

အားလုံး ရှေ့မှာပင် မျက်လုံးကြီး ပြူးသွားပြီး ... ပါးစပ်ကြီးဟောင်းကာ ... သိန်းအောင်တစ်ယောက် အသက်ရှူ ရပ်သွားသည်။

"အမေ ... အမေ့သားကို ကြည့်ပါဦး"

"တင် ... အ ... အသက် မရှူတော့ဘူး"

"အမေ ... အမေ ... အမေ ဘာဖြစ်တာလဲ"

"အမယ်လေး ဇော်မိုးက တောင်ပေါ်မှာ ငုတ်မျှားမိပြီး သေဘယ်။ ရှင်က ကျွန်တို့ကို မျက်နှာလာပြပြီးမှ သေရတာယ်လား တော့ ... ဟီး ... ဟီး ... ဟီး"

သိန်းအောင်တစ်ယောက် ဇော်မိုးအကြောင်း ဆိုထားသဖြင့် သာမန်သရဲခြောက်သည်ထက်ပိုပြီး ကြောက်လန့်ကာ အသက်ပင် ပါသွားသည်အထိ ဖြစ်ရသည်။

* * * * *

သိန်းအောင် သေဆုံးသွားမှန်း ငွေအောင်သိသွားသည်။ ထိုအခါ သိန်းအောင်အိမ်သို့ မသွားမဖြစ် သွားနေရသည်။ သူ ရောက်သွားတော့ မအေးမြင့်က ...



"အမယ်လေး ... ကိုငွေအောင်ရေ ... ရှင့်သူငယ်ချင်း အဖြစ်ကို လာကြည့်ပါဦး ... ဇော်မိုးရဲ့သရဲကြောင့် သေရတယ် ... ရှင် အခုလိုသေမယ်ဆိုရင် ရှင်ရှာပေးတဲ့ ပိုက်ဆံတွေ ကျွန်မသုံးချင်ဘူး ဟီး ... ဟီး ... ဟီး ..."

"ကျွန်တို့ကို ငွေရှာပေးပြီးလို့ စိတ်ချသွားပြီလား ... တော့"

သိန်းအောင်ဇနီးက ... ငွေအောင်ကိုမြင်တော့ ... ပိုပြီး ငိုလေတော့သည်။

သိန်းအောင်၏ အမေက သူ့သားသေရပုံကို ငွေအောင်အား ပြောပြသည်။

"သူမသေခင် ... ဇော်မိုးရေပြန့် ခေါက်ထိုးကြီးလုပ်ပြတဲ့ သရဲက ခေါင်းပြတ်ကြီးတဲ့ ... အဲဒီသရဲကြီး သူ့အပေါ် ခုန်ချပြီ လို့ ခြောက်ခြောက်လန့်လန့် အော်ပြီး ... သေသွားတာပဲ"

ထိုစကားကြားလိုက်တော့၊ ငွေအောင်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားစေ၍ မျက်နှာလည်း ပျက်သွားသည်။

ခုလောလော သရဲက ညရင့်ရက်ဆက် ခြောက်လှန့်နေတာပဲ... ဘယ်လိုတွေဖြစ်မှန်းကို မသိပါဘူး။ မောင်ငွေအောင်ရယ်...။

ငွေအောင်လည်း သိန်းအောင်သေဆုံးခဲ့သော ညသည့်တစ်ညမှာ

www.burmeseclassic.com



တတည်းက ရောက်နေခဲ့ပြီး နောက်နေ့မှ အိမ်သို့ ပြန်လာခဲ့ရတော့သည်။

* * * * *

အချိန်က ညနေ ငါးနာရီလိုးပြီး အသုဘအိမ်က ပြန်ရောက်ပြီး ခံထားမှုနားကာ ရေချိုးလိုက်သည်။

ခြောက်နာရီခန့်မှာ ညစာထမင်းစားရန် ပြင်ဆင်နိုင်းလိုက်သည်။

"ဘာချက်လဲ"

"ငါးဟင်းနဲ့ ငါးပိရည်တို့စရာ"

"စားတော့မလား"

"စောစောစားလိုက်တာ ကောင်းပါတယ် ပြင်လိုက်လေ"

"သားရေ ... မောင်မျိုး၊ ခုံခင်းပြီး ထမင်းပန်းကန်တွေလာသယ် ... သမီးလေးလည်း အစ်ကိုနဲ့ ဝိုင်းကူသယ်ပေးဦး"

အလတ်ကောင် မောင်မျိုးလေးက ထမင်းစားပွဲဝိုင်းကို ခင်းလိုက်သည်။

အငယ်ဆုံးသမီးက ထမင်းပန်းကန်များသယ်ပြီး စားပွဲပေါ် ချပေးနေသည်။

ထိုအချိန်မှာပဲ

ဟာ ... သ ... သရဲ ... အား ဟီး ဟီး ...





"ခွမ်း"

အငယ်မလေးက တိတ်ထိတ်လန့်လန့် ထအော်ပြီး လက်ထဲက ပန်းကန်ကို လွှတ်ချကာ မျက်လုံးစုံမှိတ် အော်နေသည်။

"တဲ့ ... တဲ့ ... ဘာဖြစ်တာလဲ"

"ဟိုမှာ ... ဟိုမှာ ..."

ကလေးမပြသော အိမ်ဝသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။ ဘာမှမတွေ့။

"မတွေ့ဘူး သမီး ဘာမှမရှိဘူး"

"ရှိတယ် ... ရှိတယ် ... ခေါင်းပြတ်ကြီး"

"သမီး ဖေဖေတို့ရှိတယ်၊ မေမေလည်းရှိတယ်။ မကြောက်နဲ့ ... လာ ... လာ ..."

ကလေးက အိမ်ဝကို ကျောပေးပြီး ငိုနေရာက မရဲတရဲနှင့် နောက်လှည့်ပြီး ကြည့်လိုက်သည်။

"ဟာ ... သရဲကြီး ထိုင်နေတယ်"

"ခေါင်းပြတ်သရဲကြီး ထိုင်နေတယ်"

ကလေးမလေး သတိလစ်ပြီး ခွေကျသွားသည်။

"အုကွပါပဲ ... ဘာတွေဖြစ်နေတာလဲ"

"ငါလည်း ... မသိပါဘူး မိန်းမရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ တစ်ခုခု အမှားတွေများ လုပ်ခဲ့မိသေးလား ... လို့၊ မြန်စဉ်းစားစမ်းပါ"

"တာ ... မေတ္တာတာ ... ဒီတို့ ဘာမှအမှားမလုပ်ခဲ့ဘူး"

"ဂုန်း"

သမီးလေးကို ဝိုင်းပြုစုနေစဉ်မှာပဲ ထမင်းဝိုင်းကို အားကုန်ဆွဲလှန်ပစ်ခြင်း ခံလိုက်ရသည်။

ထမင်းများ တင်းများ ဇီးပိရည်တို့စရာတို့ ကြမ်းပြင်ပေါ် ပြန့်ကျဲကုန်တော့သည်။

"အမယ်လေး ... လာကြပါဦး ... အရပ်ကတို့ရဲ့"

"တဲ့ ... ဘာဖြစ်လို့ လျှောက်အော်နေတာလဲ"

"ကျွန်မတို့အိမ်မှာ ... သရဲ ... သရဲခြောက်နေလို့ လာကြပါဦး"

"မင်းတွေ ... ဘယ်သူက လာမှာလဲ"

"ဂုန်း"

ခလွမ်း ... ချွမ်း

မီးဖိုထဲမှ ထမင်းအိုး တင်းအိုးများ မီးဖိုပေါ်မှနေ၍ မီးဖိုခန်း အတွင်း လွှင့်ပစ်ခြင်းကိုလည်း အတိုင်းသား မြင်နေရသည်။

ဂုန်း ... ဂုန်း ... ဒိန်း ... ဒိန်း ...



ဖျောင်း ... ဖျောင်း ... ဂျိန်း ... ဂျိန်း ...

အိမ်အမိုးပေါ်သို့ ခဲပစ်တင်သံများ ဆက်တိုက်ကြားရပြီး အိမ်ကိုပါ ဆွဲကိုင် လှုပ်နေပြန်သည်။

ကျွန်ကလေးနှစ်ယောက်လည်း မိခင်နှင့် ဖခင်ကြား အတင်း ဝင်ကစ်ရင်း တဆတ်ဆတ်တုန်နေတော့သည်။

"မကြောက်ကြနဲ့၊ အဖေရော အမေရောရှိတယ်။ သားကြီးက ညီလေးကို ဖက်ထား။ ညီမလေး သတိမရလို့ ညီမလေးကို ချီထားရဦးမယ်"

"အဖေ ... သရဲကြီး အိမ်ပေါ်တက်လာဦးမှာလား"

"မလာတော့ပါဘူး ညွှားပါပြီ"

သတိလစ်နေသော ကလေးမလေးကို သတိပြန်ရအောင် မည်သူမှ မပြုစုတတ်၊ မိခင်ဖြစ်သူက ဖိုးရိမ်လွန်း၍ တရှုံ့ရှုံ့ငိုကြွက် နေသည်။

ဒွေးအောင်လည်း သရဲခြောက်လွန်း၍ ငြိမ်သက်သွားသည့် အတွက် အိမ်ဝမှရပ်ပြီး ...

"ကိုတင်တို့ ဦးလေးထွန်းရှိန်တို့ အိမ်မှာရှိရင် ခဏလောက် လာကြပါ"

တုန်ယင်သောအသံနှင့် အိမ်နီးချင်းများကို ဒွေးအောင် လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သည်။

ခဏကြာတော့ ကိုတင်နှင့် ဦးထွန်းရှိန်တို့ အိမ်ပေါ်ရောက်လာကြသည်။

"ဟာ တစ်အိမ်လုံး ပြောင်းဆန်နေပါလား"

"မင်းတို့ ရန်ဖြစ်နေကြတာလား"

"မဟုတ်ပါဘူး။ ကျွန်တော်တို့အိမ်အမိုးပေါ် ခဲတွေကျတာ အိမ်ကို ထုရိုက်နေတဲ့ အသံတွေ မကြားကြဘူးလား"

"ဟေး ... မကြားဘူးကွ"

"ဟုတ်တယ် ... မကြားဘူး"

"ဒါဆို ကျုပ်တို့ပဲကြားအောင် ခြောက်လှန့်တာပဲဖြစ်မယ်၊ တဲ ဒါဆို နောက်မှပဲ ရှင်းပြတော့မယ်။ အခု သမီးကို ဆေးခန်းပို့ချင်လို့ ဝိုင်းကူညီပေးကြပါဦး"

"ဦးလေးထွန်းရှိန်က အိမ်မှာ အဖော်နေပေးခဲ့ပါ။ ကျွန်တော်နဲ့ ကိုတင် ဆေးခန်းသွားကြမယ်"

"အေး ... အေး ငါနေခဲ့ပေးမယ်"

"ဒီအချိန် ကျန်းမာရေးမှူး ဆေးခန်းရောက်နေပြီ ကိုငွေအောင် သွားကြမယ်"

ကိုငွေအောင်က သမီးကို ပွေ့ချီပြီး ဆေးခန်းသို့သွားသည်။





အိမ်မှာ ကျန်ခဲ့သော မငွေမြိုင်လည်း သရဲခြောက်လှန့်ပုံကို ပြောပြနေသည်။

"အင်း တူမတို့အိမ်နဲ့၊ သိန်းအောင်တို့အိမ်ကိုခြောက်တဲ့ သရဲ အတူတူပဲနဲ့တူတယ်။ သရဲအခြောက်ခံရတာ အမျိုးစုံကြားဖူးပါတယ်။ အခုလို တူမတို့နှစ်အိမ်ကို ခြောက်ပုံလောက် မကြမ်းဘူး။ အခုလို လုပ်ထားပုံအရဆို တကယ်ကြောက်စရာကောင်းတယ်"

"ဟုတ်တယ်ဦးလေး ... တစ်ခုဆိုးတာက လူကြီးတွေက သရဲကို မမြင်ရဘဲ ကလေးတွေက သရဲကိုမြင်ရတယ်"

"ကလေးမလေး သည်းခြေက နုနုလေး၊ ကလေးသည်းခြေ ပျက်သွားမှာ စိုးရိမ်ရတယ်။ ကလေးတွေကို ပစ်မထားနဲ့"

"သရဲမခြောက်အောင် ဦးလေးမကြံတတ်ဘူးလား"

"ဘယ်ကြံတတ်မလဲ တူမရယ်"

"နေဦး မကြံတတ်ဘူးဆိုလို့ ... တို့ရွာတောင်ပိုင်းက နတ်ကတော်မရဲ့ အစ်ကိုက ဒီလိုသရဲပူးကပ်တာတွေ ပယောဂလုပ်ထားတာတွေ၊ ဖယ်ရှားပေးနိုင်တယ် ... မအုံးကို ခေါ်ပြီး မေးကြည့်ပါလား"

"အဲဒီဆရာက ဘယ်မှာနေတာလဲ"

"သဲကွင်းရွာမှာနေတယ် ... သူက သဲကွင်းရွာသူနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျသွားတာ သူ့အသက်ကတော့ ငါးဆယ်ကျော်ကျော်ပဲ ရှိတယ်"

"ခေါ်အုံးကို ခေါ်မမေးတော့ဘူး။ ဦးလေးတို့နဲ့တိုင်ပင်ပြီး မနက် သွားမင့်နိုင်းလိုက်မယ်"

"ဦးလေးတို့နဲ့အတူ လိုက်ပေးပါလား"

"ရပါတယ် ... ဦးလေးကို လှည်းတစ်စီးသာ ငှားပေး လိုက်။ ဦးလေးနဲ့သိတယ် ဦးလေးသွားမင့်လိုက်မယ်"

ထိုစဉ် ကိုထင်နဲ့အတူ ဌေးအောင်တို့သားအဖ ပြန်လာကြ သည်။ ကလေးမလေး သတိရသေးပုံမပေါ် မွေ့နိုးလျက်ပါလာ သည်။

အိမ်ပေါ်ရောက်လာတော့ မခွေမြိုင်က လက်မြှောင်းယူလိုက် သည်။

"နေနေ တစ်ခါတည်း ဗျာပေါ်မှာ ချလိုက်မယ်၊ ခေါင်းအုံး ယူလိုက်၊ ဆရာကတော့ ဆေးတိုက်ပေးလိုက်တယ်။ မနက်ဖြန် အိမ်ကို လာကြည့်ပေးမယ်တဲ့"

"အကြောက်လွန်ပြီး သတိမေ့နေတာတဲ့။ သတိရမှပဲ ကလေး အခြေအနေ သိရမှာပဲလို့ ပြောလိုက်တယ်"

ထို့နောက် ကိုတင်နှင့် ဦးထွန်းမြင့်တို့လည်း ဌေးအောင်တို့ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

* * * * *

ညအိပ်ချိန်ရောက်သည်အထိ အငယ်မလေး သတိပြန်လည် မလာသဖြင့် ဆယ်နာရီခန့်အထိ မအိပ်သေးဘဲ စောင့်ကြည့်နေကြ သည်။

ထို့နောက် ကလေးသုံးယောက်ကို အလယ်ကထားပြီး အိပ် ကြတော့သည်။ ညဦးပိုင်းမှာ ချိုးချိုးချွတ်ချွတ်အသံပင် မကြားရ။

သို့ကြောင့် စိတ်ချလက်ချ အိပ်လိုက်ကြသည်။ အိပ်မော ကျရုံ ရှိသေးသည်။ ထမင်းလုံးတခွေခြောက်သကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှ်မရဖြစ်ကာ ယည်ပင်းက အစ်အစ်မြည်နေသည်။

ကိုယ်လုံးက လှုပ်မရ၊ ရုန်းမရဖြစ်ကာ စောချွေးပြန်နေသည်။ ရုန်းကန်လှုပ်ရှားနေရာက အာသိစိတ်ဝင်လာတော့ သူ့အပေါ် ခွစီး ထားသော ဇော်မိုးကို တွေ့လိုက်သည်။

"မင်းက ငါ့ကို ခေါင်းဖြတ်သတ်ရုံမကဘူး၊ ခေါင်းကိုပါ မြေ တောက်နဲ့ ကန်သွားသေးတယ်။ ငါ အခု မင်းဆီလာတာ ငါ့ခေါင်း နှစ်ချောင်း လာပြန်တောင်းတာ"

"ငါ့ရဲ့ သွားနှစ်ချောင်း ပြန်မပေးမချင်း ... မင်းဆီသာရ

www.burmeseclassic.com



တစ်ယောက်ချင်း သတ်ပစ်မယ်”

“ငါ ... ငါမင်းရဲ့ ရွှေသွားနှစ်ချောင်းကို လမ်းက မြို့တစ်မြို့မှာ ရောင်းခဲ့ပြီးပြီ ... ငါ့ကို ခွင့်လွှတ်ပါကွာ”

“သွားနှစ်ချောင်းပြန်မရလို့ကတော့ မင်းရဲ့သမီး အရင်ဆုံး သေရမယ်”

“မ မလုပ်ပါနဲ့ကွာ ငါမှားသွားပါတယ်။ ငါ့အပြစ်အတွက် အပြစ်မရှိတဲ့ ငါ့သားသမီးတွေကိုတော့ ခွင့်လွှတ်ပေးပါကွာ။ ငါ နောင်တ ရပါပြီ”

ဝှား ... ဟား ... ဟား ...

ဇော်မိုးက အားပါးတရ အော်ရယ်ရင်း လက်တစ်ဖက်က လည်ပင်းကို ညှစ်ထားကာ ကျန်လက်တစ်ဖက်က ပါးစပ်ထဲ အတင်းထိုးသွင်းနေသည်။

ပြီးနောက် သွားများကို နှိုက်ထုတ်နေသည်။

“ဟား ... ဟား ... မလုပ်နဲ့ မလုပ်နဲ့”

“ဟား ...”

“ကိုငွေအောင် ... ကိုငွေအောင် ...”

“အဖေကြီး ... အဖေကြီး”

“ဘာဖြစ်တာလဲ အဖေကြီး ဘာဖြစ်တာလဲ”





“ငါ ... ငါ ... အိပ်မက်ဆိုးတွေမက်ပြီး လန့်အော်မိသွားတာ”

“မြန်မြန်မိုးလင်းပါတော့”

မငွေမြိုင်က နှုတ်မှအသံထွက်ပြီး ဆုတောင်းလိုက်သည်။ ညဦးပိုင်းက ဦးထွန်းရှိန်အား သရဲကို နှိမ်နင်းနိုင်သည့် ဆရာကို ပင့်ခိုင်းထားသည် မဟုတ်ပါလား။ ထို့ကြောင့် မိုးမြန်မြန် လင်းစေချင်။ အားလုံး ချက်ချင်းပြန်အိပ်မပျော်ကြတော့။ အငယ်ဆုံး မလေးက သတိပြန်လည်မလာဘဲ၊ အသက်သာ မှန်မှန်ရှူနေသည့်အတွက် စိတ်ပူနေကြသည်။

တစ္ဆေဇော်မိုးက သူ့သွားနှစ်ချောင်းပြန်မရလျှင် သမီးလေးကို အသက်ရှင်ခွင့် မပြုတော့ဟု ပြောသွားသည်။

သို့ကြောင့် ပထမဆုံး တစ္ဆေကောင်ရဲ့ ပစ်မှတ်က သမီးလေးများ ဖြစ်နေပြီလား။ သူ၏ရက်စက်ယုတ်မာမှုကြောင့် မိသားစုများ တန်ဆာခံအဖြစ် မရောက်စေလိုပါ။

သူ့အပြစ်တွေ သူခံလိုက်လို့ ကျေအေးသွားမည်ဆိုလျှင် သူသာ ဝင်ခံလိုက်ချင်ပါသည်။

မကျေနပ်လို့ အမြဲလာခြောက်လှန့်နေပါက မိသားစုများ သေလျှင်သေ၊ မသေလျှင် အကြောက်လွန်ပြီး ရူးသွပ်ကုန်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

ထို့နောက် လင်မယားနှစ်ယောက်လုံး မိုးလင်းကာနီးမှ ပြန်အိပ်ပျော်နိုင်တော့သည်။

* * * * *

မနက်ရှစ်နာရီမထိုးခင် ဦးထွန်းရှိန်အား လှည်းငှားပေးလိုက်သဖြင့် လှည်းမောင်းသူ စိုးညွန့်နှင့်အတူ သဲကွင်းရွာသို့ ဆရာပင့်ရန် သွားကြသည်။

သဲကွင်းရွာသို့ တစ်နာရီခွဲခန့် မောင်းသွားရမည်ဟု ဆိုပါသည်။ ဆရာနှင့် အဆင်သင့်တွေ့ပါက ရွာသို့ ဆယ့်တစ်နာရီမထိုးခင် ပြန်ရောက်မည်ဟု ဆိုပါသည်။

နေ့ခင်းပြန်ရောက်မည်ဟု ဆိုသော်လည်း ညနေသုံးနာရီမှ ဆရာနှင့်အတူ ပြန်ရောက်လာသည်။

"ငါတို့ရောက်သွားတော့ ဆရာက ရွာမှာ မရှိဘူး။ နေ့တစ်နာရီလောက်မှ တခြားရွာက ပြန်ရောက်လာတယ်"

"ညနေ နှစ်နာရီလောက်မှ သဲကွင်းက ထွက်လာခဲ့ကြတာ၊ နေ့လည်စာကိုတော့ ဆရာ့အိမ်က ကျွေးလိုက်တယ်"

"ဟင်း ဆရာကြီးကို ဒုက္ခပေးမိပြီနဲ့တူတယ်"

ဆရာကြီးက ဘုရားရှေ့မှာ သွားထိုင်ပြီး ဘုရားကို ရှိခိုး



ဦးချလိုက်သည်။

"ဆရာခေါ်နေတယ် မောင်ဖွေးအောင်"

"တုတ်ကဲ့ ပြောပါဆရာ"

"ကဲ ... သရဲကို ... အကျိုးအကြောင်း မေးလို့ရအောင်... ဆရာ့ညီမကို သွားခေါ်ခိုင်းထားတာ မရောက်သေးဘူးလား"

"အစ်မအုံးက အိမ်မှာမရှိလို့ ရွာထဲမှာရှာပြီး ခေါ်ခဲ့ပါလိမ့်မယ်"

"အင်း ... ခင်းက နတ်ကတော်ဆိုတဲ့အတိုင်း လေရှည်သလို ခြေကလည်း တယ်ရှည်တာပဲ"

ခဏအကြာမှာ နတ်ကတော် ဒေါ်အုံးရောက်လာသည်။

"အစ်ကိုကြီး ခေါ်ခိုင်းလိုက်တယ်ဆိုလို့"

"နင်က ဘယ်ခြေရှည်နေတာလဲ"

"ရွာမြောက်ပိုင်းက တင်ရီကို အိမ်မှာ စကားသွားပြောနေတာ"

"ကဲ ... ရောက်မဆိုက်ဘဲ ... အချိန်မရှိဘူး။ သရဲကို ခေါ်လိုက်ရအောင်"

ဆရာကြီးက ပြောလိုက်သဖြင့် ဒေါ်အုံးက ဘုရားကို ရှိခိုး ဦးချပြီး ထိုင်နေသည်။

ဆရာကြီးလည်း ဆိုင်းရာပိုင်ရာတို့က တားဆီးပိတ်ပင်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုဘဲ ... သရဲကို လာရောက်ပူးကပ်ခွင့်ပြုပါရန်၊ ခွင့်တောင်းပြီး တစ္ဆေသရဲတောင်အား ခေါ်လိုက်သည်။

တစ်ကြိမ်ခေါ်သည်မရ။

နှစ်ကြိမ်ခေါ်သည်မရ။

ဆရာကြီးက အမျိုးစုံရွတ်ဖတ်ပြီး နတ်ကတော် ခေါ်အုံးထံမှာ ဝင်ပူးကပ်ခိုင်းသည်။

သို့သော် ထူးခြားမှုဘာမှမရှိ။

"အင်း ... သရဲကတော့ တောင်းကောင်းခေါ်လို့မရချင်ဘူး၊ ဒီတော့ လမ်းကြောင်းပြောင်းမှ ဖြစ်တော့မယ် ... မအုံး သွား နောက်မှာ သွားထိုင်တော့ ဇါတစ္ဆေကောင်ကိုတော့ ခေါ်လို့မရဘူး"

မင်းတို့ အမြန်လုပ်ရမှာက ညခုနစ်နာရီမထိုးခင် ကြက်တစ်ကောင်လုံး ဟင်းတစ်အိုးချက်လိုက် ဆန်တစ်ပြည်လည်း ချက်ပြီးရင် သချိုင်းထဲသွားမယ်။

ဌေးအောင်နှင့် မငွေမြိုင်ကိုလည်း ကြက်သားဟင်းနှင့် ဆန်တစ်ပြည်ကို ထမင်းချက်လိုက်သည်။

ညခုနစ်နာရီထိုးကာနီးတော့ ဆရာခိုင်းသည့်အတိုင်း ချက်လို့ပြုတ်လို့ ပြီးပြီဖြစ်သည်။

ကဲ ခုနစ်နာရီခွဲလောက် သချိုင်းထဲ သွားကြမယ်။ ကာယကံရှင်





မလိုက်နဲ့။ ရွာထဲက သတ္တိရှိတဲ့ ရွာသားသုံးယောက်လောက် လိုက်ခဲ့ကြပါ။

ဦးထွန်းရှိန်၊ ကိုတိုးနှင့် ထွန်းနိုင်တို့က လိုက်မည်ဟုဆို၍ ခေါ်အုံးအား စားသောက်ဖွယ်ရာတောင်းကို ရွက်ခိုင်းပြီး ရှေ့က သွားခိုင်းလိုက်သည်။

ဆရာနှင့် ရွာသားသုံးယောက် ပေါင်းငါးယောက်တို့ သချိုင်းသို့ လာခဲ့ကြရာ ဆယ့်ငါးမိနစ်အတွင်း ရောက်ခဲ့သည်။

ဂူတစ်လုံးအပေါ်၊ အမှိုက်သရိုက်များ သန့်ရှင်းလိုက်ပြီး စားသောက်ဖွယ်ရာများကို တင်လိုက်သည်။

ခေါ်အုံးအား ဂူဘေးမှာ ဆံပင်ဖားလျားချပြီး ဒူးထောက်ထိုင်ခိုင်းလိုက်သည်။

သောက်ရေခွက်နှင့် စားသောက်ဖွယ်ရာမှာကို ဇကောအတွင်း ၄က်ပျော့ရွက်ခင်းပြီး အားလုံးထည့်လိုက်သည်။

ဖယောင်းတိုင် သုံးတိုင် ထွန်းလိုက်သည်။

ဆရာကြီးက တောမိုင်၊ တောင်မိုင်များကို ခွင့်တောင်းပြီး မဖဲဝါအား ရောက်ရာအရပ်မှ ကြွရောက်ပါရန် ပင့်ဖိတ်လိုက်သည်။

ဆရာပင့်ဖိတ်သံ ဆုံးသည်နှင့် အနီးနားဝန်းကျင်ရှိ ချုံပင်များ လေတိုး၍ လှုပ်ရှားသွားသကဲ့သို့ ယိမ်းထိုးလှုပ်ခါသွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တွေ့ကြရသည်။

"မဖဲဝါရောက်ပြီဆိုလျှင် စားသောက်ဖွယ်ရာများ စားသုံးပါ"

ဆရာကြီးလည်း မဖဲဝါရောက်လာပြီမှန်း သိလိုက်၍ စားသောက်ဖွယ်များ စားသုံးခွင့်ပြုလိုက်သည်။

ထို့နောက် ဆံပင်ဖားလျားချထားသော ခေါင်းလည်း တုန်တုန်ရီရီဖြစ်တာ ဂုပေါ်ခုန်တက်ပြီး စားစရာများကို အားပါးတရ စားနေသည်ကို အားလုံးတွေ့ရသည်။

လူတစ်ယောက် စားနေပုံမျိုးနှင့် လုံးဝမတူ၊ လက်နှစ်ဖက်နှင့် အားပါးတရ စားနေပုံမျိုးဖြစ်သည်။ ခဏအတွင်းမှာပင် ကုန်လုနီးပါးဖြစ်သွားသည်။

ရေခွက်ကိုယူပြီး သောက်လိုက်သည်။

"ကဲ ... ဆိုစမ်း ... ဘာပြောချင်လို့ ငါ့ကိုခေါ်တာလဲ"

"အခု ရွာထဲမှာ အမျိုးအမည်မသိ၊ သရဲတစ်ကောင်ရောက်နေလို့ မဖဲဝါကို အကူအညီလာတောင်းတာပါ"

"နေစမ်း ... ငါကြည့်စမ်းမယ်"

နှစ်မိနစ်ခန့် ငြိမ်နေပြီးမှ ...

"အင်းသိပြီ ... ပြီးခဲ့တဲ့ ငါးရက်လောက်က ငါ့ဆီရောက်လာလို့ နေရာထိုင်ခင်းပေးလိုက်တဲ့ တစ္ဆေတစ်ကောင် ရွာထဲဝင်ပြီး



သောင်းကျန်းနေပါလား"

"ဟုတ်ပါတယ် မဖဲဝါ၊ သူ့ကြောင့် ရွာထဲကလူတစ်ယောက်သေသွားတယ်။ ခုတလော ကလေးမလေးတစ်ယောက်လည်း သူခြောက်လှန့်လို့၊ သတိမေ့နေတာ နှစ်ရက်နီးပါးရှိပြီ"

"အင်း ... ငါနေရာပေးလို့ နေခွင့်ရတဲ့ သရဲက အခုလို လုပ်တယ်ဆိုတော့ ဆုံးမတန် ဆုံးမရမယ်"

ဒါပေမဲ့ အကျိုးအကြောင်းသိရအောင် အခု ခေါ်ခိုင်းထားပြီးပြီ။ ရောက်လာလိမ့်မယ်။

မဖဲဝါစကားဆုံးပြီး ခဏအတွင်းမှာ မည်းမည်းအကောင်ကြီး ရိပ်ခနဲ ရိပ်ခနဲ အဝေးမှ အနီးသို့ ရောက်လာသည်။ မဖဲဝါ၏ လက်စွဲခွေးနက်ကြီးဖြစ်သည်။

သူ့နောက်မှ ခွေးတစ်ကောင်ပါလာသည်ဟု ထင်လိုက်သည်။

ထိုအချိန် ဆရာကြီး၏ နောက်မှာရပ်နေသော ရွာသားသုံးယောက်မှ ထွန်းနိုင်တစ်ယောက် ရပ်နေရာမှ တုန်တုန်ရီရီဖြစ်တာ ထိုင်ရက်ဖြစ်သွားသည်။

ဆရာကြီးက ဘေးသို့ဆုတ်လိုက်သည်။

"တဲ့ကောင် ငါ့ရှေ့လာစမ်း"

မဖဲဝါစကားဆုံးသည်နှင့် ဒူးထောက်ပြီး ရှေ့သို့ ထွန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။

"နေစရာမရှိလို့ ဝှါဆီလာတောင်းတယ် ... ဝါလည်း နေရာပေးလိုက်ရော နေစရာရတာနဲ့ ရွာထဲကလူတွေကိုလိုက်ပြီး အန္တရာယ်ပြုနေပြီး ..."

"မင်းတွေ့တယ်မဟုတ်လား ... သစ်ပင်ကြီးငယ်မှန်သမျှ တစ္ဆေ၊ သရဲ၊ ဘုတ်၊ ပြိတ္တာတွေ၊ သူတို့အပြင် လမ်းတွေ၊ တောတွေ၊ တောင်တွေထဲမှာလည်း လက်ညှိုးထိုးမလွဲရှိကြတယ်"

ဘယ်သူမှ လူတွေကို အန္တရာယ်မပေးဘူး ... မခြောက်မလှန့်ဘူး။ စားစရာမရှိလို့ ငတ်ချင်ငတ်နေကြမယ်၊ လူတွေရဲ့နေအိမ်တွေထဲ ဘယ်သရဲမှဝင်ပြီး မစားကြဘူး၊ လူတွေ စွန့်ကြဲလွှင့်ပစ်မှ စားကြတယ်။

"အခု ... မင်းက ခြောက်လှန့်တယ်၊ လူသတ်တယ်၊ စားစရာတွေ ယူစားတယ် ... မင်းကိုဝါ ခွင့်မလွှတ်ဘူး"

"အထင်မလွဲပါနဲ့သခင်မ ကျွန်တော်ရှင်းပြပါရစေ"

"ကျွန်တော်က လူ့ဘဝက ဇော်မိုးပါ။ ငွေအောင်ရယ်၊ သိန်းအောင်ရယ်၊ ကျွန်တော်ရယ် စီးပွားအရှာထွက်ခဲ့ကြပါတယ်။ ရွာပြန်တဲ့အချိန်မှာ ပိုက်ဆံက သူတို့ထက် ကျွန်တော့်မှာ သုံးဆလောက် အပိုပါခဲ့ပါတယ်"





"လမ်းမှာ ကျွန်တော့်ခေါင်းကိုဖြတ်လို့ ရွှေသွားနှစ်ချောင်းကို ချိုးယူသွားပြီး ပိုက်ဆံတွေကိုပါ ယူသွားကြပါတယ်"

"သူတို့ကို သတ်ချင်ရင် သတ်ပစ်လို့ရပါတယ်။ အခု သူတို့ကို ကြောက်လန့်ပြီး အသိတရားရအောင် ခြောက်လှန့်တာပါ။ ကလေးမလေးလည်း သတိပြန်ရမှာပါ။ မသေပါဘူး"

"တိုသိန်းအောင် သေတာက၊ ရောဂါကျွမ်းပြီး သေတော့မယ့်အချိန် သွားခြောက်မိလို့သေသွားတာပါ"

"အင်း ... ပိုက်ဆံလောဘဇက်လာရင် သူငယ်ချင်းမိတ်ဆွေဆိုတာ မရှိတော့ဘူး ... ကဲ ... ကဲ မင်းကို သတ်ခဲ့တဲ့ အပြစ်ကို သူတို့ မကြာခင် ပြန်ခံစေရမယ်။ မင်းလည်း နောက်ကို လူတွေကို မနှောင့်ယှက်နဲ့တော့ နှောင့်ယှက်ရင် မင်းကို ဒီကနေ နှင်ပစ်လိုက်မယ်"

"နောက်ကို မခြောက်လှန့်တော့ပါဘူး။ ကျွန်တော့်ကို သတ်ခဲ့တဲ့ကောင်တွေ အပြစ်ခံရပြီဆိုရင် ကျေနပ်ပါပြီ"

"အေး ... အကြောင်းကိုစွသိပြီးပြီ ... မင်းလည်း ရွာထိပ်မန်ကျည်းပင်ကိုပြန်တော့"

မဖဲဝါ ... ထိုသို့ ပြောလိုက်သည်နှင့် ထွန်းနိုင့်ကိုယ်မှ ဝင်ပူးကပ်နေသော တစ္ဆေလည်း ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ ... အားလုံးကြားတဲ့အတိုင်းပဲ ... သူ့ကို ခေါင်းဖြတ်သတ်ခဲ့ပြီး ငွေတွေယူခဲ့လို့ အခဲမကြေဘဲ လာခြောက်လှန့်နေတာတဲ့။ ကျန်တဲ့ကိစ္စ မင်းတို့ဆက်လုပ်ပေတော့"

"တုတ် ကျေးဇူးတင်ပါတယ် မဖဲဝါ"

နတ်ကတော် ဒေါ်အုံး ခန္ဓာကိုယ်မှ မဖဲဝါထွက်သွားသည်။

သူတို့ သချိုင်းက ပြန်လာကြသည်။ သူတို့၏ ခြေလှမ်းများက အလာကကဲ့သို့ သွက်လက်မှုမရှိ လေးကန်နေကြသည်။

သူတို့ကို သရဲ မခြောက်ရန် အကူအညီတောင်းရာမှ သူတို့အားပြန်ပြီး လူသတ်မှုအကြောင်း ပြောပြရမည်ဆိုတော့ အားလုံးစိတ်မကောင်းကြပါ။

သို့ပေမယ့် မပြုလုပ်သင့်သော သစ္စာမဲ့မှုကြီးကိုတော့ အားလုံးသိအောင် ပြောပြမှုဖြစ်မည်ဟု သံဓိဋ္ဌာန်ချပြီး ပြန်လာခဲ့ကြသည်။

ငွေးအောင်တစ်ယောက် သူ့အပြစ် သူဝန်ခံပြီး ဥပဒေအဆုံးအမ ခံယူနိုင်ပါစေတု အားလုံးရင်ထဲမှာ ဆုတောင်းရင်း လေးကန်သော ခြေလှမ်းများနှင့် ပြန်လာနေကြသည်။

* * * * *



# မဖဲဝါပေးသောကလေး

လက်မရှို့တင်အေး။

ထိုနာမည်ကြားရုံနှင့် ကြားရသူအပေါင်း ဖြုံသွားကြသည်။

သူကယောကျ်ားလား၊ မိန်းမလား နာမည်ကြားလျှင်တော့ လက်မရှို့တင်အေးက ယောကျ်ားသား သေရှာပြန် တစ်ကွျန်းပြန် ရေသိမ်ပြန်တု အထင်ရှိပြီး ကြောက်လန့်ကြမည်ကတော့ အမှန်ပင်။

ဘယ်ကယ်စုံစမ်းကြည့်လိုက်သည့်အခါမတော့ လက်မရှို့တင်အေးက ယောကျ်ားမဟုတ် မိန်းမဖြစ်နေသည်။

မိန်းမဖြစ်မှန်း သိကြပြီဆိုပြန်တော့ ထောင်ထွက်လား၊ ထောင်ဝါဒါလား၊ မိန်းမထောင်ကြပ်လား၊ ဂိုဏ်းစတား ဆရာကြီးလား



www.burmeseclassic.com

ထိုအထဲက တစ်ခုခုတော့ တစ်ခုခုဖြစ်မည်ဟု ထင်ကြပြန်သည်။

ဒါပေမဲ့ အတွေးကြီးကြီးတွေးပြီး ထင်ရာမြင်ရာကြောက်လန့်ကြသူများ သူ့အကြောင်း နိုက်နိုက်ချွတ်ချွတ် သိသူတစ်ယောက်နှင့် ဆုံလိုက်ရာ။

ကြားရသူအပေါင်း ကိုယ့်နားပင်ကိုယ်မယုံနိုင်အောင် ပါးစပ်တပြီး ပြန်သွားကြရတော့သည်။

သူက အမျိုးသမီးများကြား နာမည်တစ်လုံးနှင့်နေသည်။ တလေးမလိုချင်သူများကို ကိုယ်ဝန်ဖျက်ချပေးနေသူဖြစ်သည်။

သူက မိန်းကလေးအတော်များများ၏ ကိုယ်ဝန်ကို ဖျက်ချပေးသည်။ သူ့ကိုယ်သူလည်း ဖျက်ချသည်။

လူကြီးသူမများ အတွေ့အကြုံရှိသူ လက်သည်ကြီးများကလည်း သူနှင့်တွေ့လျှင် ကိုယ်ဝန်မဖျက်ချရန် ကိုယ်ဝန်ဖျက်ချလျှင် အန္တရာယ်ကြီးကြောင်း ပြောဆိုပေမယ့် သူကဖြင့် မမှုပါ။

"အရီးကလည်း ကျွန်မအလု ကျွန်မ ကျွမ်းကျင်ပါတယ်။ ဒီလိုနဲ့ လုပ်လာတာပဲ ... နည်းမှတ်လို့"

"အေး ... မဖြစ်သေးတော့ ... မဖြစ်ဘူးပေါ့"

"ဖြစ်တဲ့အခါ... ပြဿနာက နင့်ခေါင်းဝင်ဆောင့်မှာ နင်မကြောက်ဘူးလား"



"အခု နင်လုပ်နေတဲ့အလုပ်က လူသတ်တဲ့အလုပ်"

"အမယ်လေး ကြီးတော်တို့ကလည်း အကြီးကြီးလျှောက်တွေးနေကြတာပဲ၊ ဒါလေးလုပ်တာ ဘာဖြစ်လို့ လူသတ်တာ ဖြစ်ရမှာလဲ"

"သန္ဓေလောင်းဖြစ်တယ်ဆိုကတည်းက သူ့မှာ အသွေးအသားတွေ လည်ပတ်နေပြီလေ ကျောက်တုံးကျောက်ခဲမှ မဟုတ်တာ"

"သူ့မိခင်ဆီက အသွေးအသားတွေ လက်ခံပြီး ကြီးထွားလာတာ ... သူ့ကိုဖျက်စီးပစ်တော့ ... လူသတ်တာပဲပေါ့ ... နင်ငရဲ တော်တော်ကြီးနေပြီ"

"အရီးကလည်း ကျွန်မ လူသတ်တာ မဟုတ်ပါဘူးလို့ပဲ သဘောထားတာ၊ ပြီးတော့လည်း ကျွန်မသဘောနဲ့ ကျွန်မလုပ်တာ မဟုတ်ဘူး။ ကာယကံရှင်တွေရဲ့ ခွင့်ပြုချက်နဲ့မှ ကျွန်မက လုပ်တိုင်ပေးရတာ"

ဘယ်သူခိုင်းခိုင်း လုပ်ပေးတဲ့လူက အဓိကကျတယ်။

မတင်အေးကတော့ လူကြီးများ ဆုံးမစကားကို အကြောက်အကန် ငြင်းချက်တွေ ထုတ်နေသည်။

အကြောင်းပြချက်အမျိုးမျိုးပေးသည်။

သူ့ရွာနှင့် ရွာနီးချုပ်စပ်က သူ့ကို အားကိုးပြီး ကလေးဖျက်

www.burmeseclassic.com

www.burmeseclassic.com



ချခဲ့ရာ အနည်းဆုံး ဆယ်ယောက်ခန့်ရှိပြီ။

မတင်အေးကိုယ်တိုင် ကိုယ်ဝန်ရခဲ့၍ သုံးခါတိတိ ဖျက်ချခဲ့သည်။

သူ၏ လက်စွဲတော် ကိုယ်ဝန်ဖျက်ချသော ကိရိယာကို ကြားရသူ မြင်ရသူတို့ ယုံနိုင်ဖွယ်မရှိ။

အိပေမဲ့ ယုံကြည်၍ အပ်ပြီဆိုလျှင်တော့ သူလုပ်သမျှ လက်ခံစိတ်ချခဲ့သည်သာဖြစ်သည်။

သူလုပ်ကိုင်ပေးခဲ့သမျှ အမှားအယွင်းမရှိ အောင်မြင်ခဲ့သည်။

သူ၏ လက်စွဲကိရိယာက တင်းဝါး၏ အကြောကိုလှုပ်ပြီး ဘဝတ်ကို လှာထားသည့်အတိုင်းထားသည်။ ဆေးသွားတဲ့သို့ထက်လှသည်။

ဖျက်ကနီးတစ်ပြားသာသာရှိသည်။

အရှည်က တစ်ထွာခန့်ရှိသော ဝါးဖြင့်လုပ်ထားသည့် ကိုယ်ဝန်ဖျက်ကိရိယာဖြစ်သည်။

တစ်ခုတော့ သူကရှောင်သည်။ ပြုလုပ်ပြီးသော ကိရိယာကို ဆက်မသုံး အိမ်မှာပင် တင်းဝါးတစ်လုံးဝယ်ထားသည်။

တစ်ယောက်အပ်လျှင် ဝါးကြောကိုခွာပြီး ကိရိယာအသစ်ပုပ်သည်။





ကိုယ်ဝန်ရှိသည်ဆိုသော အမျိုးသမီးသားအိမ်ထဲသို့ ထိုဝါးသေးသေးလေးကိုထည့်ပြီး သူတတ်ကျွမ်းနားလည်သလို ထိုးမွှေသည်။

သူ့ကိရိယာလေးတို ထုတ်ပြီး ကြည့်လိုက်သည်။ သွေးစလေးများ စိုပြီးကပ်နေလျှင် သူ့လုပ်ငန်းအောင်မြင်ပြီဖြစ်သည်။

သူ့အလုပ်ကို သူစိတ်ချသည်။ စိတ်လှုပ်ရှားစရာမလို၊ လက်တုန်စရာမလို လက်ဆမှန်ကန်စွာ လုပ်ကိုင်ခဲ့သည်။

သူ ထိုကဲ့သို့ လုပ်ကိုင်ပြီး တစ်ရက်နှစ်ရက်အတွင်း သားလောင်းပျက်ကျသွားတာ သူ၏လုပ်ငန်းလည်း ပြီးဆုံးခြင်းသို့ရောက်ခဲ့သည်။

သို့ကြောင့်ပင် မတင်အေးအား အမျိုးသမီးအများစုကလက်မရှို့တင်အေးဟု ကွယ်ရာမှာ နာမည်ပေးထားကြသည်။

နောက်ပိုင်းကြတော့ သူတို့ပေးထားသော နာမည်ပြောင်ကိုသူကြားလာရသည်။ ထိုနာမည်ကိုပင် သူက ပြန်သဘောကျနေခဲ့သည်။

တစ်ရက် လက်မရှို့တင်အေးတို့ရွာအနီး ငွေးချိုကုန်းရွာမှာပြဿနာတစ်ခု ဖြစ်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပျိုမလေးတစ်ယောက် ကိုယ်ဝန်သုံးလခန့်မှ လူကြီးများ သိပြီး ခေါင်းမီးတောက်နေကြသည်။

မဖုံးနိုင် မဖိနိုင်သည့် အခြေအနေရောက်မှ လူကြီးများ သိသဖြင့် မည်သူနှင့်ရသော ကိုယ်ဝန်လဲမေးရာ အဖြေလုံးဝမရခဲ့။

"တဲ့ ကောင်မ နင့်အကောင်က ဘယ်ကလဲ"

"မသိဘူး"

"မသိလို့ဖြစ်မလား။ နင်အခုလိုပြောတာ နင့်အကောင်က တာဝန်မယူဘူးတဲ့လား"

ဘာအဖြေမှ မရခဲ့။

အစ်ကိုများကလည်း ဒေါကြိမ်း ကြိမ်းသည်။

"ရှက်တယ်အမေရာ၊ အဲဒီကောင်မကို အသေသာသတ်ပစ်လိုက်"

ဖခင်ကလည်း တောက်တခေါက်ခေါက်နှင့် တုတ်ဆွဲ ဓားဆွဲ ဖြစ်နေသည်။

မိန်းကလေးကို မည်သို့မေးမေး အဖြေတမရ၊ အကြောက်အကန်သာ ငြင်းနေသည်။

"နင် ဒီလိုငြင်းနေလို့ ဖြစ်မလား ... နင့်ဗိုက်က ဒီအတိုင်းနေမှာမဟုတ်ဘူး။ တစ်နေ့တခြား ကြီးလာမှာ"





"ကျွန်မ ဘယ်သူနဲ့မှ မဖြစ်ခဲ့ဘူး"

"ကျွန်မ ရည်းစားလည်း မရှိဘူး"

"တောက် ငါ သေသာ သေလိုက်ချင်တော့တယ်။ တဲ့ လင်ကောင်မရှိဘဲ နင့်ဗိုက်က ဘယ်လိုကြီးမှာလည်း ကဲဟယ် ... ကဲဟယ် ကဲ ..."

ဘုန်း ... ဘုန်း ... ဘုန်း ...

"အမေ ထုရိုက်မနေနဲ့ ... အသေသာသတ်ပစ်လိုက်။ ဘယ်သူနဲ့မှ မကြုံခဲ့ဘူးဆိုတာ မယုံကြဘူး ... ဟီး ... ဟီး ... ဟီး ... ဟင့် ... ဟင့် ..."

"တဲ့ကောင်မ ... ငိုနေလို့ ပြီးမလား"

မိခင်ဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့က တစ်ယောက်နှင့်တစ်ယောက် လက်ကုတ်ပြီး ...

"တဲ့ မိကြည် နင့်သမီး ဒီလောက်ငြင်းနေရင် အချိန်ဆိုင်း မနေနဲ့။ ဟိုဘက်ရွာက လက်မရှုံ့တင်အေးလက်ထဲသာ အပ်လိုက်တော့"

"ဟုတ်တယ် အရှက်ရမယ့်အတူတူ အဲဒီကလေး မကြီးလာခင် ... ဖျက်ချပစ်လိုက်တာပဲကောင်းတယ်"

"ညည်း သမီးက သဘောတူပါ့မလား"

www.burmeseclassic.com



"အို သဘောတူတူ မတူတူ ဘယ်ကလေကဝစနဲ့ ရခဲ့မှန်းမသိ ... ကျွန်မကတော့ ဗိုက်အကြီးမခံနိုင်ဘူး"

"အဲဒါဆို ... ဘယ်လိုလုပ်မလဲ"

"အစ်မ သွားခေါ်လိုက်"

"မနက်ဖြန် ... သူ့အစ်ကိုနဲ့ ... သူ့အမေကို လယ်ကွင်းထဲလွှတ်လိုက်မယ်"

"အေး နှင့်ဘက်က ကြိမ်းသေအောင် စီစဉ်ထား ငါမနက်စာ စားပြီးတာနဲ့ လက်မရှုံ့တင်အေးတို့ရွာကိုသွားပြီး သူ့ကိုခေါ်လာခဲ့မယ်"

* * * * *

ငွေးချိုကုန်းရွာရှိ ခေါ်ကြည်အိမ်မှာ ယောကျ်ားသားများ ရှင်းနေသည်။

ခေါ်ကြည်၏ညီမ ခေါ်သီက၊ ချောင်းကျိုးရွာမှ လက်မရှုံ့တင်အေးကို အိမ်သို့ ခေါ်လာခဲ့သည်။

လက်မရှုံ့တင်အေးက မိန်းကလေးကိုကြည့်ရှုစမ်းသပ်သည်။ ဗိုက်ကလေးက အပျိုဗိုက်ပေမင့် သိသိသာသာလေး စူထွက်နေသည်။



"အင်း ဗိုက်ကတော့ အနည်းဆုံး သုံးလကျော်ပြီ နည်းနည်းတော့ ခက်နိုင်တယ်။ ဒါပေမဲ့ မပူပါနဲ့ တင်အေးလက်က ပွဲတွေ့ပါ၊ အားလုံးကျေနပ်စေရမယ်"

"မလုပ်ဘူး ကျွန်မဘယ်သူနဲ့မှလည်း မဖြစ်ခဲ့ဘူး"

"ဟဲ့ ဒါ ရှက်စရာမဟုတ်ဘူး ဖြစ်ပြီးမှ ရှက်မနေနဲ့"

"ဟိုသေနာက တာဝန်မယူမှတော့ ... ဘာအကြောက်အကန်ငြင်းနေတာလဲ ... ဖျက်သာချလိုက် ... နောက်မှ နင့်ကိုသင့်တော်တဲ့ ကောင်လေးတစ်ယောက်ရှာပြီး ပေးစားမယ်"

"အဲဒီတော့မှ ဝိုးသမီးတန်ဘိုးကို အဲဒီမှာ သိစေရမယ်"

"အမေတို့ မဟုတ်တာတွေ လျှောက်ပြောပြီး၊ မဟုတ်တာတွေလိုက်လုပ်နေတာပဲ"

မိန်းကလေးက မော်လမြိုင်တက္ကသိုလ်မှာ ပညာသင်နေသူဖြစ်သည်။ ကျောင်းပိတ်၍ ပြန်လာစဉ် ဗိုက်ကို မိခင်က တွေ့သွားသည်မှ ပြဿနာစခဲ့ခြင်းဖြစ်သည်။

ရွာမှာမရှိခဲ့ခြင်းကြောင့် ရွာက၊ ကာလသားများကို ထင်စရာမရှိ၊ လက်သည်တရားခံ ပျောက်နေသည်။

"ကျွန်မစာသွားသင်နေတာ ဘယ်ယောကျ်ားနဲ့မှ မနေခဲ့ဘူး၊ ရည်းစားလည်း မရှိခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အစ်မ လုပ်စရာရှိတာပဲ လုပ်ကြရအောင် သူက အမျိုးဆိုတော့ ဘယ်ဝန်ခံပါ့မလဲ"

ကာယကံရှင်က အပန်းပြင်းသော်လည်း ဖုံးဖိမရအောင် ရူတွက် နေပြီဖြစ်သည့် ကိုယ်ဝန်ကို ဖျက်ချရန် ခြေလက်များ ဝိုင်းချုပ် ပေးတာ လက်မရှုံ့တင်အေး လုပ်ငန်းစပါတော့သည်။

ကလေးမကနာ၍ အော်ငိုသည်။

ခဏကြာတော့ လက်မရှုံ့တင်အေး သူ့ကရိယာကို ထုတ်လိုက်တာ စစ်ဆေးလိုက်သည်။

"ပြီးပြီအစ်မ တစ်ရက်နှစ်ရက်နေရင် မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်ပြီ မှတ်လိုက်တော့"

မိန်းကလေးကတော့ နာ၍ အော်ငိုနေသည်။

"ဒီလိုပဲအစ်မ ခဏတော့နာတယ် နောက်ပိုင်း သူဟာသူ ကြွေပြီး ကျသွားလိမ့်မယ် စိတ်မပူကြနဲ့"

သို့ဖြင့် လက်မရှုံ့တင်အေးကို ဆောင်ချက်ခ မြိုးမြိုးမြက်မြက် ပေးပြီး ပြန်လွှတ်လိုက်သည်။

သို့ပေမယ့် ကာယကံရှင် မိန်းကလေးကတော့နာ၍ လူးလိမ့်နေသည်။ မိန်းမကိုယ်က သွေးများ စို့ထွက်နေသည်။

မခံမရပ်နိုင်အောင် နာကျင်လွန်းနေသဖြင့် ရွာမှနေ၍ ညတွင်း



ချင်း လှည်းမောင်းကာ မြို့ဆေးရုံသို့ ပို့လိုက်ရတော့သည်။

မြို့ဆေးရုံရောက်၍ ဆရာဝန်များ အရေးပေါ် စစ်ဆေးကြသည်။ ထိုအခါမှ သုံးလဆိုသော ကိုယ်ဝန်၏ လက်သည်ပေါ်သွားတော့သည်။

မိန်းကလေးမှာ ရေဖျဉ်းရောဂါဖြစ်နေသည်တဲ့ ရေဖျဉ်းရောဂါကြောင့် ဗိုက်ကြီးဖောင်းလာရကြောင်း ရှင်းပြသည်။

ထိုအခါ သူတို့က အပျိုမိန်းကလေး ဗိုက်ကြီးသည်ဖြစ်၍ မေးရာ ကာယကံရှင် ယောကျ်ားလေး ဘယ်သူဆိုသည်ကို မပြောခြင်းကြောင့် အရှက်ရမှာစိုးသည့်အတွက် ကိုယ်ဝန်ဖျက်ချအောင် လုပ်ခဲ့မိခြင်းတု ဝန်ခံကြသည်။

ဆရာဝန်မက လူနာအသက်မထိခိုက်သေး၊ အချိန်မီကုသနိုင်ခြင်းကြောင့် ပြဿနာ အကျယ်မချဲ့တော့။

အကယ်၍ သားအိမ်ထုတ်ပစ်ရခြင်း လူနာအသက်အန္တရာယ် ကြုံတွေ့ရပါက ဖျက်ချသူရော ကြံရာပါများ အားလုံး လူသတ်မှုနှင့် တရားစွဲဆိုခံရမည့်အကြောင်း ဆရာဝန်မက ရှင်းပြပါသည်။

နောက်ကို ကိုယ်ဝန်ဖျက်ချခြင်း မလုပ်ရန်လည်း အသေအချာ ရှင်းပြသည်။ ဆရာဝန်မ သဘောကောင်းလွန်း၍ တရားစွဲမခံရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးခိုင်ပိုးဝင်လျှင် ဆေးကုမရဘဲ အသက်ဆုံးရှုံးနိုင်ကြောင်းလည်း ရှင်းပြခဲ့သေးသည်။

သွေးထွက်လောက်အောင် ဒဏ်ရာရခဲ့သော သားအိမ်အနာကျက်ရန် ဆေးထိုးဆေးတိုက်ပြီး စားဆေးများလည်း ပေးပါသည်။

ရေဖျဉ်းရောဂါနှင့် သားအိမ်ဒဏ်ရာ ကုသရန် ဆေးရုံမှာတင်ထားခဲ့ရမည်ဆို၍ မိန်းကလေးအား ဆေးရုံတင်လိုက်ရတော့သည်။

ထိုအခါမှပင် သမီးဖြစ်သူက ရည်းစားမရှိပါ။ မည်သူနှင့်မှမဖြစ်ပါဟု အမှန်ပြောသည်ကိုပင် မယုံကြည်ဘဲ လူသတ်သမားလက်ဝတွင်း အပ်ခဲ့သော မိမိတို့အဖြစ်ကို မိမိတို့တွေးပြီး စိတ်မကောင်းဖြစ်ကြသည်။

နောက်ကို သားဖျက်ချခြင်း အလုပ်ကိုလည်း အားမပေးတော့။ သူများကိုလည်း မလုပ်ကြရန်ပြောမည်ဟု သမီးရဲ့အဖြစ်ကိုတွေ့ပြီး ဒေါ်ကြည်ဆုံးဖြတ်ချက် ခိုင်မာစွာချလိုက်တော့သည်။

* * * * *

လက်မရုံ့တင်အေးတစ်ယောက် ငွေးချိုကုန်းရွာက ပြဿနာကိုကြားပြီး ကလေးဖျက်ချခြင်းကို လက်လွှတ်စပယ် လိုက်မလုပ်တော့။

သို့ဖြင့် ရက်အတန်ကြာနေလာခဲ့ရာမှ၊ သူ့မှာမထင်မှတ်ဘဲ ကိုယ်ဝန်ရလာသည်။





ကိုယ်ဝန်လွယ်ထားရကြောင်း တစ်လကျော်ကြာမှ ရိပ်မိလိုက်သည်။ ထိုအခါ မည်သူ့ကိုမှ လက်စွမ်းမပြရဘဲ ကိုယ့်ဗိုက်ထဲကကလေးကို ကိုယ်ပိုင်လက်စွမ်းပြရတော့မည်။

မည်သူကမှ ကန့်ကွက်စရာမရှိ၊ ယောကျ်ားဖြစ်သူကတော့ကန့်ကွက်သည်။ ဒါပေမဲ့ ယောကျ်ားကန့်ကွက်သည့်ကြားမှ ကလေးဖျက်ချခြင်းကို ထမင်းစားရေသောက်လောက် မခက်ဟု သဘောထားသော မတင်အေး ယောကျ်ားမသိခင် ဖျက်ချမည်ဟု ဆုံးဖြတ်ထားသည်။

ကိုယ်ဝန်က တစ်လကျော်ကျော်သာရှိသေးသဖြင့် နှစ်လခန့်အနေအထားရောက်ရန် ခဏစောင့်နေသည်။

တစ်ညအိပ်မောကျနေစဉ် ဆံပင်ဖားလျားချ ထမီအင်္ကျီအဖြူရောင် ဝမ်းဆက်ဝတ်ထားသော မျက်နှာခပ်ကြမ်းကြမ်း အမျိုးသမီးတစ်ယောက်က သူ့ကိုအိပ်ရာမှထရန် လာနှိုးသည်။

"ဟဲ့ မိတင်အေး ထစမ်း"

"ဟာ ... အိပ်လို့ကောင်းမှ အနှောင့်အယှက်က ရောက်လာရသေးတယ်"

"ဟဲ့ကောင်မ ထစမ်း မျက်လုံးဖွင့်ကြည့်စမ်း နင်ငါ့ကိုသိလား"

"မသိဘူး ... ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ... မသိရင် ... သေသေချာချာမှတ်ထား ငါ သချိုင်းတွေကို စောင့်တဲ့ မဖဲဝါပဲ"

"ရှင် ... ရှင် ... မဖဲဝါ"

"ငါ့နာမည် ကြားဖူးလား"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

"ငါ ... အခု ... နင့်ဆီကို ဘာကြောင့် လာခဲ့လဲ သိလား"

"မ ... မသိပါဘူး"

"ဒီတစ်ခါတော့ နင့်အလှည့်ပဲ နင့်အတွက် ငါ့သချိုင်းမှာ မြေတစ်နေရာ ချန်ထားတယ်"

"ရှင် ... ရှင် ... ကျွန်မဘာအမှားလုပ်မိလို့လဲ"

"နင့်အမှားတွေ လုပ်နေတယ်ဆိုတာ မသိဘူးလား။ နင်လုပ်ခဲ့တာ မနည်းဘူးဆိုတာရော မသိဘူးလား"

"မသိလို့ပါ"

"နင့်ရဲ့ရွာရော၊ ဟို ဝွေးချိုကုန်းရွာရော၊ ရွာနီးနားပါမကျန် ကလေးတွေကို သတ်ပစ်နေတာ မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်... သူ.... သူတို့က ခိုင်းလို့ပါ"

"သူတို့ခိုင်းပေမယ့် လုပ်ပေးတဲ့သူက ပိုအပြစ်ကြီးတယ်"



"ဒါကြောင့် နင့်မှာ အကုသိုလ်တွေ များနေပြီ။ အခု နင် ထပ်ပြီး ကြံစည်နေပြန်ပြီ မဟုတ်လား"

"ဟို ... ဟို ... ဘာမှ မကြံစည်ပါဘူး"

"နင့်ဗိုက်ထဲကကိုယ်ဝန် နှစ်လပြည့်ရင် ... ဖျက်ချမလို့ မဟုတ်လား"

"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် ကြံမိပါတယ်"

"အေး ဒီတစ်ခါ ကလေးကို ဖျက်ချလို့ ကလေးသေရင် နင့်ကိုပါ ကလေးနဲ့အတူ သေအောင် ငါလုပ်ပစ်မယ် ... ပြီးတော့ ငါ့သချိုင်းထဲ ခေါ်သွားပြီး မြှုပ်ပစ်မယ်"

"နင့်ရဲ့ခန္ဓာကိုယ်ကို ငါ့သချိုင်းမှာထားပြီး နင့်ရဲ့ဝိညာဉ်ကို အဝီစိငရဲသွားဖို့ ငါတစ်ခါတည်း ပို့လိုက်မယ်"

"ကြောက် ... ကြောက်ပါပြီ နောက်ကို ကိုယ်ဝန်တွေကို မဖျက်ချပေးတော့ပါဘူး။ ကျွန်မရဲ့ ကိုယ်ဝန်ကိုလည်း မဖျက်ချတော့ပါဘူး"

"အေး နင့်ဗိုက်ပစ်အတွက် နင်ခံရမှာပဲ။ အခုကြီးထွားလာမယ့် ကိုယ်ဝန်ကို မသတ်ဘူးဆိုရင် နင့်ရဲ့အသက်ကို ဆက်ရှင်ခွင့် ပေးလိုက်မယ်။ ငါ့စကား နားမထောင်ဘဲ ... နင့်ကလေးကို ဖျက်ချတဲ့နေ့တာ နင်သေတဲ့နေ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက် ကြောက်ပါပြီ၊ နောက်ကို ဘယ်ကလေးမှ မဖျက်တော့ပါဘူး"

ထိုသို့ကတိပေးလိုက်မှ အိပ်မက်ထဲက မဖဲဝါလည်း ပျောက်တွယ်သွားသည်။

အိပ်မက်ထဲ မဖဲဝါ လာရောက် ခြိမ်းခြောက်ပြောဆိုသွားပြီးနောက် ကိုယ်ဝန်ဖျက်ချရန် လုံးဝမစဉ်းစားရဲတော့ဘဲ၊ ကိုယ်ဝန်ရင့်သည်အထိ လွယ်ထားခဲ့သည်။

ထိုအခါ ရပ်ကွက်အတွင်း အမျိုးသမီးကြီးများက လက်မရှိ့တင်အေးအား တွေ့သည်နှင့် ...

"ဘယ်လိုလဲ မိတင်အေးတို့ ထူးထူးခြားခြား ကိုယ်ဝန်ကြီးနဲ့ပါလား"

"မွေးရတော့မယ် ... ဒေါ်လေးရေ ... မွေးမှ ဖြစ်တော့မယ် ... ကလေးဖျက်ချမယ်ဆိုတဲ့ အပြုအမူကို စိတ်နဲ့တောင်မဖြစ်မှားဝံ့တော့ပါဘူး"

"ဘယ်လိုများ ဖြစ်သွားရတာလဲကွယ်"

"ပြော ... ပြောချင်တော့ပါဘူး ဒေါ်လေးရယ် ... မပြောချင်ပေမယ့် ပြောရဦးမယ်"

လက်မရှိ့တင်အေးလည်း အသိအဒေါ်ကြီး ဒေါ်အုံးစိန်အား





မဖဲဝါ လာကြိမ်းမောင်း ပြောဆိုသွားသည့်အကြောင်း ရှင်းပြလိုက်သည်။

"အေး နင့်လိုကောင်မကို ငါတို့ထိန်းချုပ်လို့မလွယ်နိုင်လို့ မဖဲဝါကိုယ်တိုင်လာပြီး နှိပ်ကွပ်ရတာ"

"ဒါဆို ... နင့်ကလေးက ... မဖဲဝါပေးတဲ့အသက်ပဲရှိတော့တာပေါ့"

"နောက်ကို အဲဒီကလေးဖျက်ချတဲ့ အလုပ်တွေ စိတ်ကုန်သွားပါပြီ။ ဒီတစ်ခါသေရမယ့်အလှည့်က ကျွန်မတဲ့ ဒေါ်လေးရယ်၊ ပြောရင်းကြက်သီးတောင် ထလာပြီ"

"အေး ... အေး ... ကလေးကိုလည်း ဂရုစိုက်ဦးတော်ကြာ ကလေးတစ်ခုခုဖြစ်ရင် မဖဲဝါ နင့်ကို အထင်မှားဦးမယ်"

"အခုမှ ကျွန်မအတွက်၊ အသွားကြပ်၊ အနေကြပ်၊ အစားကြပ်ဖြစ်နေရပြီ"

"နင့်ကိုနိုင်တဲ့ လူလည်း ရှိဦးမှ၊ ငါတောင် မဖဲဝါကို ကျေးဇူးတင်ချင်နေပြီ"

သို့ဖြင့် မိတင်အေးတစ်ယောက် ကိုယ်ဝန်မွေးဖွားရန်ရက်သို့ရောက်သောအခါ သားယောကျ်ားလေးတစ်ယောက်ကို လွယ်လွယ်ကူကူမွေးနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ သားလေး၏ မျက်နှာချိုချိုလေး မြင်လိုက်တိုင်း သားလေးအခုလိုလူဖြစ်လာရတာ အမေမဲ့ဖေါ် ကျေးဇူးမကင်းဘူး... တု တွေးမိခဲ့ရသလို နှုတ်ကလည်း...

ကျေးဇူးတင်လိုက်တာ မဖဲဝါရယ်တု

အခါခါ ပြောနေမိပါတော့သည်။

* * * * *

# လက်ပံပင် သရဲနက်ကျော်

မကွေးတိုင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လက်ပံပင်ကြီးမှာနေသော သရဲကြီး အကြောင်းဖြစ်သည်။

အချိန်ကာလက (၁၉၇၀)လောက်က ဖြစ်သည်။ ဖွေ့ါလ ဘုန်းတော်ကြီးကျောင်းမှာ သယ်စုနှစ်စုစာမျှ နေထိုင်ခဲ့သော သရဲကြီးနက်ကျော်ရဲ့ အကြောင်းဆိုလျှင်လည်း မများပေ။

ဘုန်းတော်ကြီးဘွဲ့က ဦးဇဝနဖြစ်သည်။ ဘုန်းတော်ကြီးက ယယ်မြူမတုတ်၊ တောထွက်ဖြစ်သည်။

အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျက်သွားသဖြင့် အသက်နှစ်ဆယ့်သုံးနှစ်မှာ ရဟန်းဝတ်၍ ဆရာတော် ဦးဝေပုလ္လထံမှာ စာပေကျမ်းဂန်သင်ယူရင်း သီတင်းသုံးနေထိုင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ပယောဂပညာလည်း တဖက်ကမ်းခပ် တတ်မြောက်သဖြင့် တပည့်ရှင်ဇဝနအား တတ်သမျှ အလုံးစုံသင်ကြားပေးခဲ့သည်။

ဆရာတော် ဦးဝေပုလ္လလည်း ရှင်ဇဝန ဝါတော်ဆယ့်ရှစ်ဝါအရောက်မှာ ပျံလွန်တော်မူသွားသဖြင့်၊ မွေပါလကျောင်း၌ အရှင်ဇဝနက ဆက်လက်ကျောင်းထိုင်ခဲ့သည်။

အရှင်ဇဝနလည်း ဝါတော်ဆယ့်ရှစ်ဝါ သက်တော် (၄၁)နှစ်အရောက် ကျောင်းတိုင်ဆရာတော် ဖြစ်ခဲ့သည်။

နောက်ပိုင်းမှာတော့ တရားဟော တရားပြကောင်းသဖြင့် နာမည်ကျော်ကြားခဲ့သလို စုန်း၊ ကဝေ၊ အမှောင့်ပယောဂ တုသရာတွင်လည်း ထိုနယ်တဝိုက်မှာ ထင်ပေါ်ကျော်ဇောခဲ့သည်။

ကျောင်းဝင်းအတွင်းမှာလည်း နှစ်ဆယ့်ခုနစ်တောင် ဉာဏ်တော် အမြင့်ရှိ မြေစိုက်စေတီတစ်ဆူရှိသည်။

ကျောင်းရှေ့မြောင့်တွင် လှူကြီးတစ်ဖက်သာသာလုံးပတ်ရှိ လက်ပံပင်ကြီးတစ်ပင်ရှိသည်။

ဘုန်းကြီးဦးဇဝနနှင့် ရွာသူရွာသားများက စေတီနဘေးနားတွင် မွှာရုံတစ်ဆောင်ဆောက်လုပ်ရန် လုံးပမ်းနေကြသည်။

ဆရာတော်က မွှာရုံဆောက်လုပ်ရန် ကောင်းမကောင်း မြေ





နေရာ သန့်မသန့် စစ်ဆေးကြည့်ရှုသောအခါ ကျောင်းမြောင့်က လက်ပံပင်ကြီးမှာ သရဲကြီးတစ်ကောင်ရှိနေကြောင်း ဘုန်းတော်ကြီး၏ ပယောဂပညာအစွမ်းဖြင့် မြင်ရသည်။

ဆရာတော်ကြီးလည်း လက်ပံပင်ကြီးမှာ သရဲကြီးရှိနေကြောင်း ကျောင်းမှ ကျောင်းသားလေးများ၊ ကိုရင်များ၊ ရွာသူရွာသားများကိုလည်း မပြောပြ။

တစ်ရက် အားလုံးမရှိမှ သရဲကြီးကို မေးတန်မေး နှင်တန်လျှင် နှင်ထုတ်မည်ဟု ဆုံးဖြတ်ထားသည်။

ဘုန်းတော်ကြီးက မည်သူ့ကိုမျှ မပြောပြပဲ သရဲကြီး အခြေအနေကို အကဲခတ်လျက်ရှိသည်။ သရဲကြီးက မည်သူ့ကိုမျှ အနှောင့်အယှက်မပြု မခြောက်မလှန့်ဘဲ၊ ဘုန်းကြီးအစွမ်းကိုလည်း သိသဖြင့် ကျောင်းက ခွာသွားလိုက် ကျောင်းကိုပြန်လာလိုက် ဖြစ်နေသည်ကို ဘုန်းတော်ကြီးသိသည်။

ဘုန်းတော်ကြီးက မွှာရုံ မပြီးသေး၍ သရဲကြီးအခြေအနေ အကဲခတ်လျက်သာနေသည်။

ဆရာတော်ကြီးအနေနှင့် သရဲကြီးနှင့်ဆုံတွေ့နိုင်ရန် အခွင့်သာသောနေ့သို့ ရောက်လာခဲ့သည်။ မွှာရုံဆောက်သော ပန်းရံများ၊ လက်သမားများ၊ အလုပ်နားသောရက် ဒကာဒကာမများ မရှိမှ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလေးတစ်ယောက်ကို သရဲကြီးအကြောင်း သိရအောင် ဘုန်းကြီးရဲ့ ပညာစွမ်းနှင့် ခေါ်ယူ၍ ပူးကပ်နိုင်းသည်။

ထိုအခါ ကျောင်းသားလေးအား သရဲကြီးဝင်၍ပူးကပ်တော့သည်။

"တဲ မင်းအကြောင်းကို ပြောပြစမ်း"

ဆရာတော်က အမိန့်သံမြူးနှင့်မေးရာ၊ ကျောင်းသားလေးအား ဝင်ပူးကပ်ထားသော သရဲကြီးက

"တပည့်တော် လူဖြစ်စဉ်က ရွာစဉ်လှည့်ပြီး ဓားပြတိုက်ခဲ့တဲ့ ဓားပြတစ်ယောက်ဖြစ်ပါတယ်ဘုရား"

ရွာတစ်ရွာမှာ ဓားပြတိုက်လို့သေရင်း မကောင်းမှုတွေ များလွန်းလို့ သရဲဘဝရောက်နေရပါတယ်ဘုရား။ သရဲဘဝရောက်တာနဲ့၊ ဆရာတော်ရဲ့ လက်ပံပင်မှာ နေထိုင်တဲ့သရဲမရှိတာနဲ့ ဝင်နေမိတာပါဘုရား။

"ဆရာတော်ရဲ့ ဘုန်းတန်ခိုးကိုကြောက်လို့ သရဲတွေမနေတဲ့ လက်ပံပင်ကြီးမှာ လာနေမိတဲ့ တပည့်တော်နေရထိုင်ရတာ အတော်လေး ဒုက္ခရောက်ပါတယ်ဘုရား"

"ဆရာတော်ကျောင်းက ကြေးစည်သံ၊ ဘုရားရှိခိုးသံ၊ တရားတရွတ်တာကြားတာနဲ့ အသည်းနှလုံးလွင့်မတတ် ကြောက်လန့်ပြီး





အပင်ပေါ်က ဆင်းဆင်းပြေးနေရပါတယ်ဘုရား"

"အခုနောက်ပိုင်း လက်ပံပင်ပေါ်မှာ နေရတဲ့အချိန်ထက် ပြေးရတဲ့အချိန်က များနေလို့ အခြားမှာနေလို့ရမယ့် သစ်ပင်တစ်ပင်ကို ရှာနေပါတယ်ဘုရား"

"တဲ့ ... မင်းကိုဘယ်သူက နှင်နေလို့လဲ"

"ဘယ်သူကမှလည်း မနှင်ပါဘုရား။ ဘုရားရှိခိုးသံ၊ ဘုရားတရွတ်သံ၊ ကြေးစည်သံတို့ကို အရှင်ဘုရားက ခွင့်ပြုမှ မပြာခွေ့ တပည့်တော် နားခွင့်မရှိသေးပါ။ ပြေးနေရဦးမှာပါ"

"အင်း အဲဒီ ငါက တရားဝင်နေခွင့်ပေးရင်တော့ ဒီလက်ပံပင်ကြီးမှာ နေထိုင်နိုင်မလား"

"အရှင်ဘုရားတသာ ခွင့်ပေးမယ်ဆိုလျှင်ဖြင့် ဘုရားရှိခိုးတဲ့ အချိန် တစ်ခြားကို ပြေးမထွက်တော့ဘဲ ရဲရဲဝံ့ဝံ့ တရားနာလို့ ရပါပြီဘုရား တပည့်တော်နေဝံ့ပါပြီဘုရား"

"ကိုင်း အမြဲ့လည်း နေပေတော့။ ဒါပေမဲ့ ငါ့ကျောင်းက ကိုရင်တွေ ကျောင်းသားတွေကို မခြောက်မလှန့်ရဘူးကြားလား"

"ပြီးတော့ ရွာသားတွေကိုပါ မခြောက်မလှန့်ရဘူး"

"အရှင်ဘုရားစကားကို နားထောင်ပါ့မယ်ဘုရား"

"အရှင်ဘုရား တပည့်တော်ကို သွားခွင့်ပြုပါတော့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးကွယ့် မင်းနာမည် ဘယ်လိုခေါ်လဲ"

"တပည့်တော်နာမည်က နက်ကျော်ပါဘုရား။ လှုဖြစ်စဉ်က ရှာစဉ်လှည့်ပြီး ဓားပြတိုက်ခဲ့တော့ ဗိုလ်နက်ကျော်လို့ အမည်တွင်ခဲ့ပါတယ်ဘုရား။ ဓားပြဖြစ်စဉ်က ဘယ့်သူ့အသက်မှ မသတ်ဖူးပေမယ့် အာဒိန္နာဒါနံကံချိုးဖောက်ခဲ့လို့ အခုလို တစ္ဆေသရဲဘဝကို ရောက်နေတာပါဘုရား"

ထို့နောက် ကျောင်းသားလေးကို ပူးကပ်နေရာက ခွာပြီး ထွက်သွားလေတော့သည်။

* * * * *

နောက်ပိုင်း သရဲကြီးနက်ကျော်စားရန် ပိုလျှံသော ထမင်းနှင့်တင်းတို့ကို သပိတ်ဟောင်းတစ်လုံးအတွင်း ပေါင်းထည့်ပြီး လက်ပံပင်အောက်မှာ၊ ကိုရင်လေးများကိုသွား၍ ပုံကျွေးစေလေသည်။

ကိုရင်လေးများကို တာဝန်ပေးသလို ကျောင်းသားလေးများကိုလည်း တာဝန်ပေးသည့်အခါပေးသည်။

တစ်ခါတစ်ရံ ဆရာတော်ကိုယ်တိုင်လည်း သွားကျွေးတတ်သေးသည်။

ထမင်းကို ပုံထားရင် အားလုံးမျက်စိအောက်မှာပင် ကြည့်ရင်းကြည့်ရင်း ကုန်သွားတော့သည်။





ကျောင်းသားလေးများက အကောင်အထည်မမြင်ရဘဲ ကုန်ကုန်သွားသဖြင့် အစပိုင်းတော့ ကြောက်လန့်ကြသည်။

အကြိမ်ပေါင်းများစွာ အဖော်ကောင်းကောင်းနှင့် သွားကျွေးတော့ ကြောက်လန့်မှုမရှိသည်သာမက ပျော်ရွှင်တတ်သော ကျောင်းသားလေးတစ်ယောက်က စားစရာများ သပိတ်ဟောင်းတစ်လုံးနှင့် လာကျွေးစဉ်၊ သပိတ်အပေါ်လက်အုပ်ပြီး ကျောင်းသားလေးက သူ့ဘက်ကိုဆွဲယူသည်။

သပိတ်က သူ့ဘက်ပါမလာဘဲ၊ ကျောင်းသားလေးလက်ပေါ်က အလွန်ကြမ်းတမ်းသော အမွေးအမှင်ရှိသည့်လက်ကြီးနှင့် ဖိကိုင်ထားကြောင်း အကောင်အထည်မမြင်ရဘဲ သိလိုက်ကြသည်။

ကျောင်းသားလေးက ရုတ်တရက်ဆိုတော့ ထိတ်လန့်သွားသည်။ , သို့သော် သူနှင့်အတူ ကိုရင်လေးပါမှန်း သိလိုက်သဖြင့် အကြောက်ပြေသွားကာ ...

"ခင်ဗျားကြီးလုပ်လိုက်တာ ကျုပ်တော်တော်လန့်သွားတာပဲ ဘုန်းကြီးနဲ့ ပြန်လျှောက်မယ်။ ဒါမှနောက်ကို ထမင်းမကျွေးခိုင်းမှာ"

ထိုသို့ပြောလိုက်သဖြင့် သစ်ပင်အရင်း ထမင်းထည့်ထားသော သပိတ်ကြီးနားက အသံထွက်လာသည်။

"တ ကောင်လေး ငါကမင်းတို့ကို ချစ်လို့စလိုက်တာပါကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကိုတော့ မလျှောက်ပါနဲ့”

ကြောက်ရွံ့သံလိုလို ရယ်သံလိုလို မှုမှန်သောအသံကို ကျောင်းသားလေး ကြားလိုက်ရသည်။

ထိုသို့ပြောလိုက်သည့်အတွက် ကိုရင်လေးနှင့် ကျောင်းသားလေးတို့က သရဲကြီးနက်ကျော် ဘုန်းကြီးအား အလွန်ကြောက်ကြောင်း သိသွားသည်။

သရဲကြီးဘုန်းတော်ကြီးအား ကြောက်မှန်းသိလိုက်ကြသော ကိုရင်ကျောင်းသားလေးတို့၊ သရဲကြီးကို ကြောက်သည့်အပြင် မခံချင်အောင် စကြသည်။ သရဲကြီးက ပြန်ပြီးတစ်ခုခုလုပ်လျှင်

“ဘုန်းကြီးကို ပြန်လျှောက်မယ်”

ဟု ပြောသည့်အခါ ကလေးများကို ကျေနပ်အောင် ပြန်ချော့ပြီး

“မလျှောက်ပါနဲ့ကွာ၊ မင်းတို့အခြားကလေးတွေနဲ့ ဂူညင်းတို့ နီးလိုမ့်၊ ဖယ်တောက်၊ ခေါင်းပန်းလုနှ် ကစားရင် မင်းတို့နိုင်အောင် ငါလုပ်ပေးပါ့မယ်”

ထိုသို့ ကတိခံထားသဖြင့် ကျောင်းသားလေးများကစားသည့်အခါ အနိုင်ရအောင် လေပြင်းပြင်းနှင့် မှုတ်၍ ကူညီနေမှန်းသိသည်။

“ကြည့် မိုလ်နက်ကျော် မတရားဘူး။ အနိုင်ရချင်လို့ ကစား





ပါတယ်ဆိုမှ တဖက်ကကောင်တွေကို နိုင်အောင်လာလုပ်ပေးနေတယ်။ မတရားဘူး ဆရာတော်ကို သွားတိုင်ပြောမယ်”

“ဟော့ဟော့ ကလေး။ မင်းမကြိုက်ရင် ငါတိုကောင်ဘက်က နေပြီး မကူညီတော့ပါဘူး။ ဆရာတော်ကိုတော့ သွားမလျှောက်ကြပါနဲ့”

“ငါသစ်ပင်ပေါ်မှာပဲ သွားနေတော့မယ်၊ မင်းတို့ဘာသာပဲ ကစားကြပါတော့ကွာ”

ထိုသို့ပြောပြီး လက်ပံပင်ပေါ်တက်သွားသည်ကို သစ်ကိုင်းလှုပ်ရှားသွားသဖြင့် အားလုံးသိလိုက်သည်။

* * * * *

လက်ပံပင်ကြီး ရဲရဲတောက်အောင်ပွင့်နေပြီ။

လက်ပံပွင့်များကလည်း တဖြုတ်ဖြုတ်ကြွေနေပြီ၊ ရွာထဲမှ အမျိုးသမီး ကလေးလူကြီး မနက်မိုးလင်းသည်နှင့် လက်ပံပွင့် လာကောက်ကြသည်။

မိန်းကလေးများက သစ်ပင်ပေါ်မော့ကြည့်၍

“မိုလ်နက်ကျော်ကြီးရေ ကျုပ်တို့လက်ပံပွင့်တွေ ကောက်ချင်လို့ လက်ပံပွင့်တွေ လှုပ်ချပေးပါဦး”



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများက လှုပ်ချိုင်းလျှင် လက်ပံပွင့်များများရအောင် အကိုင်းများကို လှုပ်ချပေးသည်။

ကောင်လေးများက လှုပ်ချိုင်းလျှင် လုံးဝမလှုပ်ချပေး။

ကျောင်းသားလေးများ လက်ပံပွင့်လာကောက်လျှင် တစ်ခါမှ လက်ပံပွင့်မရ။ မြေပေါ်ကြွေကျနေသော လက်ပံပွင့်များပင် ပျောက်နေသည်။

"ဗိုလ်နက်ကျော် ခင်ဗျားလက်ပံပွင့်တွေကောက်ပြီး ဖွက်ထားတာမဟုတ်လား။ ရွာထဲက မအေးချစ်ကြီးကို ပေးမလို့ ဖွက်ထားတာ မဟုတ်လား"

"ကျုပ်တို့ ခင်ဗျားအကြောင်းသိတယ်။ ခင်ဗျားမပေးရင် ဘုန်းကြီးနဲ့ တိုင်မယ်ဒါပဲ"

"ရှေ့ကွာ ... ရှေ့ ... မင်းတို့တာ၊ ဦးကိုဘုန်းကြီးနဲ့ တိုင်မယ်ဆိုတာကြီးပဲ"

"ခင်ဗျားက ဆရာတော်ကိုပဲ ကြောက်တာ၊ ကျုပ်တို့ကြတော့ ခင်ဗျားလုပ်ချင်ရာလုပ်တာ ခံနေရတယ်"

မကျေမနပ်နှင့် သရဲဗိုလ်နက်ကျော်က အင်ဖက်နဲ့ထုတ်ထားသော လက်ပံပွင့်များအား ဘုတ်ခနဲပစ်ချပေးသည်။

ရွာထဲမှ လက်ပံပွင့်လာကောက်ကြသော မိန်းကလေးများ





အထဲမှ အဖိုးကြီးမအေးချစ်ကို မိန်းကလေးများက သရဲဗိုလ်နက်ကျော်နှင့် စကြသည်။

နောက်နေ့ မအေးချစ်အတွက် လက်ပံပွင့်တွေ ကောက်ထားပေးပါရန်ပြောကြသည်။

ထို့နောက်ပိုင်း မအေးချစ်ပါလာသည်နှင့် ဘယ်ကမှန်းမသိ။ အင်ဖက်အုံးရွက်ခန့်နှင့် ထုတ်ထားသော လက်ပံပွင့်ထုတ်က အနားသို့ ဘုတ်ခနဲကျလာသည်။

မအေးချစ်လည်း ကျလာသော လက်ပံပွင့်ကို မရဲတရဲယူ၍ ပြန်သည်။

"ကြည့် ဗိုလ်နက်ကျော်ကြီး မျက်နှာလိုက်တယ်"

ဟု မိန်းကလေးများက ပြောလိုက်လျှင် လက်ပံပွင့်အကိုင်းကို လှုပ်ချပေးသည်။

ဘုန်းတော်ကြီး ညအိပ်ညနေ အလှူအတန်းသွားစရာရှိလျှင် လက်ပံပင်အောက်သို့သွားပြီး ...

"တော့ ... အဘကြီး နက်ကျော် ... ဘုန်းကြီး ကြခတ်တောရွာ အလှူညအိပ်သွားစရာရှိတယ်။ မနက်ဖြန်ညနေမှ ကျောင်းပြန်ရောက်မယ်"

"မင်းကျောင်းကို စောင့်ရှောက်ပြီး ကြည့်ထားပေးပါ။ ဘယ်

www.burmeseclassic.com



ကိုရင်၊ ဘယ်ကျောင်းသား စာမအံဘူး၊ ဆွမ်းခံမထွက်ဘူး တစ်ယောက်မကျန် ပြန်ပြော။ ဆရာတော် စိတ်ချသွားမယ်ဆိုပြီး ထားခဲ့တယ်"

ဆရာတော်က စိတ်ချလက်ချ မှာသည့်အတိုင်း ကျောင်းကို စောင့်ရှောက်ခဲ့သည်။

ဆရာတော် ပြန်ကြွလာ၍ ညရောက်သည်နှင့် ဆရာတော်အား။

မောင်ဖုန်းနဲ့ မောင်အေးကြွယ်ကတော့ စာဖတ်ရင်း ရန်ဖြစ်ကြပါတယ်ဘုရား။

ကိုရင်ပဏ္ဍိတနဲ့ ကိုရင်ကုသလက စာမဖတ်ဘဲ ညစာခိုးစားကြပါသည်ဘုရား။

ငွတိုနဲ့ သံချောင်း၊ ကိုရင်တေဇိန္ဒတို့က ရွာထဲဆွမ်းခံတာ လမ်းတစ်ဝက်က ပြန်လာကြပါတယ်ဘုရား။

"ပြီးတော့ တပည့်တော်ကို ထမင်းလာကျွေးတာ အစားကြီးလို့ဆိုပြီး' သပိတ်တစ်ဝက်ပဲထည့်ပြီး လာကျွေးပါတယ်ဘုရား"

"တဲ ... လူဆိုးလေးတွေလာခဲ့ ထန်းလက်ပြားပါ ယူခဲ့"

"ဘုန်းဘုန်းဘုရား သူ့ကို ထမင်းနည်းနည်းကျွေးတယ်ဆိုပြီး မဟုတ်မဟက်တွေ၊ လျှောက်တင်နေတာပါဘုရား။ သူ့စကားကို မယုံပါနဲ့"





"မင်းတို့ကိုပဲ ငါကမယုံတာ။ နက်ကျော်ကို ငါကယုံတယ်။ ကဲ ... တစ်ယောက်စီတန်းစီ"

ဘုန်းကြီးက ကျောင်းသားရော ကိုရင်ပါ ထန်းလက်အကြောကို သပ်ထားသော ထန်းဖတ်ပြားနှင့် အားမထည့်ဘဲ သုံးချက်စီ ရိုက်လိုက်သည်။

ထိုအခါ သရဲနက်ကျော်က

"ငါ့ကို ထမင်းနည်းနည်းပဲကျွေးတဲ့ ကိုရင်နဲ့ကျောင်းသား အစုမှရှုံ့မဲ့နေပြီ"

ဘုန်းကြီးက ကျောင်းသားများကိုရိုက်ရင်း ပြုံးပြီးကျန်ခဲ့သည်။

ရွာထဲက ဘုန်းကြီး၏ ဒကာများကလည်း သရဲနက်ကျော် အကြောင်းသိသွားကြသဖြင့် သရဲနက်ကျော်စားရန် စားစရာများ ယူလာပြီး လက်ပံပင်အောက်မှာ ချပေးထားသည်။

သူတို့ရှေ့မှာပင် သရဲကြီးစား၍ စားစရာများ ကုန်သွားသည်ကို တွေ့ရပြီး သရဲကြီးကို မတွေ့ရ။

သူတို့ကျွေးသော စားစရာများ ယူစားသည်ကိုတွေ့၍ ဝမ်းသာကြသည်။ အချို့ကို စကားပြန်ပြောသည်။ အချို့ကို စကားပြန် မပြော။

သရဲကြီးကား ဘုန်းကြီးကျောင်းမှာ နေရင်း အကြောက်အလှန့်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ လူတဲ့သို့ပင် သဘောထားနုံးညွှံခဲ့သည်။

* * * * *

တစ်ရက် ဆရာတော်ထံ သရဲကြီး နက်ကျော်ရောက်လာသည်။

"တဲ့ ငါ့ရှေ့ရောက်နေတာ နက်ကျော်မဟုတ်လား"

အခြားသူများ မမြင်ရပေမယ့် ဆရာတော်ကတော့ သင်ကြား တတ်မြောက်ထားသော ပညာအစွမ်းနှင့် သရဲကြီးနက်ကျော် ရောက်နေကြောင်းသိသည်။

"မှန်ပါ့ဘုရား၊ တပည့်တော်နက်ကျော်ပါဘုရား"

တပည့်တော် နောက် ခုနစ်ရက်နေလျှင် ဒီသရဲဘဝက ကျွတ် ပါတော့မယ်ဘုရား"

"လူ့ဘဝ ဝင်စားခွင့် ရခဲ့ပါပြီဘုရား"

"ဘယ်လိုဖြစ်သွားတာလဲ ဆရာတော်ရဲ့ကျောင်းတကန်ဘုရား ရိပ်ခိုဝမ်ရိုး တရားနာ သာဓုခေါ်ရလို့ အခွင့်တက်သွားတာလားကွဲ့"

"အရှင်ဘုရားကျွေးတဲ့ ဆွမ်းကျန် ဟင်းကျန်များစားရင်း၊ အရှင်ဘုရား ညဘက်ဘုရားရှိခိုးတဲ့အခါ သစ်ပင်ပေါ်ကနေပြီး လိုက် ရှိခိုးမိပါတယ်"

အရှင်ဘုရားက တပည့်တော်ကို နေ့စဉ်ကျွေးတဲ့ အစာ အလှူအိန်ကိုလည်း အမြဲသာဓုခေါ်ခဲ့ပါတယ်။





ပြီးတော့ အခုရက်ပိုင်းမှာ ကျောင်းစောင့်နတ်ကလည်း တာဝန် တစ်ခုပေးပါတယ်။

"ရွာထဲက လူတော်တော်များများကို သာသနာကို ကိုင်းရှိုင်း ဘို့၊ ဘုရားကျောင်းကန်သွားဖို့ ဇာစ်ညကိုတစ်အိပ်မက်စီ၊ အိပ်မက် လိုက်ပေးခိုင်းပါတယ်"

တပည့်တော်လည်း ခိုင်းတဲ့အတိုင်း အိပ်မက်လိုက်ပေးခဲ့ပါ တယ်ဘုရား။

အခု တပည့်တော် တာဝန်လည်းပြီးဆုံးခဲ့ပါပြီ။ ဘုရားတရား တော်ကိုလည်း မမေ့မလျော့ အမြဲတမ်း ကိုင်းရှိုင်းလို့နေပါ့မယ် ဘုရား။

"အတာနက်ကျော် လူ့ဘဝကို ဝင်စားတော့မယ်ဆိုလို့ ဘုန်းကြီး ဝမ်းသာပါတယ်၊ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ မိသားစုရဲ့ မိခင် ဝမ်းမှာ ဝင်စားနိုင်ပါစေလို့ ဘုန်းကြီးဆုတောင်းပေးပါတယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား"

သရဲနက်ကျော်လည်း ဘုန်းတော်ကြီးအား လာရောက်လျှောက် ထားပြီးနောက် ခုနစ်ရက်အတွင်းမှာပင် သူပြောခဲ့သည့်အတိုင်း လူဝင်စားဖြစ်သွားလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# နေရာဟောင်းဆီ ပြန်ရပြီ

ဝင်းကျော်တစ်ယောက် နယ်ကနေ ရန်ကုန်ကိုရောက်ခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီ။

အလုပ်လည်း စုံခဲ့ပြီ။ ဘာလုပ်လုပ် အဆင်မပြေ၊ မည်သည့်အလုပ်မှ ခြောက်လမကျော်၊ သူရရှိခဲ့သည့်အလုပ်များက ပညာမတတ်၊ ငွေမရှိ၍ အလုပ်ကြမ်းများသာဖြစ်သည်။

အလုပ်မြဲတော့မည်ထင်ထားသော အလုပ်ကို ခြောက်လနီးပါးတော့ လုပ်လိုက်ရသည်။ ရေသန့်စက်ရုံမှာ ညဘက်အစောင့်နေဘက် ရေသန့်ပို့ရသော အလုပ်ဖြစ်သည်။

လခစားနှင့် ဝင်လုပ်ခဲ့သည်။ အချို့ရေသန့်စက်ရုံများက



ရေသန့်ဗူးပို့ရာ ဗူးကုန်သောအရေအတွက်အပေါ် ကော်မရှင်သဘောမျိုး တွက်ချက်ပြီး ပေးသည်ဟု သိရသည်။

ဝင်းကျော်ကတော့ တစ်နေ့လုံး ရေသန့်ဘယ်လောက်ပို့ရပို့ရ သူ့အတွက် မထူးခြား၊ လကုန်လျှင် လစာရမည်။

ရေသန့်ဗူး သူမရောက်ခင် ပို့ခဲ့သူက သူ၏ဖောက်သည်များကို မြဲထားခဲ့သည်။ မပြလို့မဖြစ် ရေသန့်ဗူးပိုရသည်က ဗူးအဟောင်းပြန်သိမ်း အသစ်ချပေးသောစနစ် ဖြစ်သည်။

ရေသန့်စက်ရုံက ရုံကြီးမဟုတ်။ အလုပ်သမားနှစ်ဆယ်လောက်နှင့် လည်ပတ်အလုပ်လုပ်နေသော စက်ရုံဖြစ်သည်။

ဖောက်သည်ဆိုင်များကို လိုက်ပို့သော ဒိုင်နာနှစ်စီးရှိသည်။ ရပ်ကွက်အတွင်းသို့ ရေဗူးပို့သော လက်တွန်းလှည်းဆယ်စီးတို့ဖြင့် လည်ပတ်နေသော ရေသန့်စက်ရုံ အသေးစားဖြစ်သည်။

ဝင်းကျော်က လမ်းဆယ့်နှစ်လမ်းကို တွန်းလှည်းနှင့် ရေလှည့်ရောင်းရသည်။ ဝင်းကျော်အလုပ်ဝင်ပြီး ခြောက်လမပြည့်ခင် သူနှင့်အတူ အေးသိန်းဆိုသော ကောင်လေးတစ်ယောက်ကို အလုပ်ဖြုတ်ခြင်း ခံလိုက်ရသည်။

မိုးတွင်းလည်းဖြစ်ပြန် ရေရောင်းအားကလည်း ကျသဖြင့် လူလျှော့သည့်အထဲ ဝင်းကျော်တို့ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူ အလုပ်ပြုတ်ခဲ့သော အေးသိန်းက—

"အစ်ကို ဘာမှအားမငယ်နဲ့။ ကျွန်တော့အစ်ကိုတစ်ဝမ်းကွဲ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ သဲကားမောင်းနေတယ် သူ့ကား မှာ သဲတင်သဲချပေးမယ့် လူသုံးယောက်လောက် လိုနေတယ်လို့ ပြောတယ်။ အစ်ကို လုပ်နိုင်မလား"

"မင်းရော ဘာလုပ်မှာလဲ"

"ကျွန်တော်လည်း လုပ်မှာ"

"မင်းတောင် လုပ်မယ်ဆိုမှတော့ ငါလည်းလုပ်မယ်"

သို့ဖြင့် ဝင်းကျော်တို့နှစ်ယောက် သဲတင်ကားတစ်စီးနှင့်အတူ သဲတင်သဲချ အလုပ်ဝင်လုပ်ခဲ့သည်။

ထိုအလုပ်မှာ အခြေခံမြေချောမွေ့အလုပ်နေရာက ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားများ ရှိလာသလို အချို့လူများ လျှော့ချမှုတွေဖြစ်လာသည်။ တိုက်ခန်းအရောင်းအဝယ်တလည်း ကျလာသည်။

အလုပ်သမား လျှော့သည့်အထဲ ဝင်းကျော်ပါသွားရသည်။ ဝင်းကျော် အလုပ်လက်မဲ့ဖြစ်သွားပြန်သည်။

ဝင်းကျော်က တစ်ယောက်တည်းအခန်းငှားနေသည်။ အုံ မြောက်ပိုင်း လေးဆယ်ငါးရပ်ကွက် အိမ်တစ်လုံးအောက်တွင် အဝီ



သဘောမျိုး ချဲ့ထားသော လူတစ်ယောက်သာနေလို့ရသည့် အခန်းလေး ဖြစ်သည်။ နေကာစ အိမ်လခ ငါးထောင်ဖြင့် နေခဲ့ သည်။

ပြောက်လပြည့်တော့ ရုန်းထောင်တောင်းသည်။ နောက်ပြောက် လပြည့်တော့ တစ်သောင်းဖြစ်သွားသည်။ ယခု တစ်သောင်းခွဲ ဖြစ်နေပြီ။

သူ့အနေနှင့် ပြောက်လစာလည်း တစ်ပေါင်းတည်း မပေးနိုင်။ တစ်လတစ်ခါပေးခွင့်ရနေသဖြင့် ပြောက်လတစ်ခါတိုးနေသော အခန်းခကို မပြီးမပြတ်ဘဲ ပေးနေခဲ့ရသည်။

ဒီတစ်ခါအလုပ်လက်မဲ့ဖြစ်တာ ဝင်းကျော် စိတ်အညစ်ဆုံးဖြစ် သည်။ အခန်းခက ပေးရကာနီးပြီ။ ဘာအလုပ်မှလည်းမရသေး၊ လက်ထဲမှာရှိသော ပိုက်ဆံကလည်း နည်းနေပြီ၊ အလုပ်တစ်ခု ရမှဖြစ်မည်။

"ဟင်း ငါ့ကိုမွေးတုန်းက အမေက အိပ်မက်မက်တယ်။ သိုက်ကမောင်နှမနှစ်ယောက် အမေ့ရင်ခွင်မှာ ခိုဝင်နားပါရစေ"ဟု ခွင့်တောင်းခဲ့ကြောင်း အမေပြောပြသည်။

အမေက ခွင့်ပြုလိုက်သည်နှင့် မောင်နှမနှစ်ယောက်လုံး အမေ့ ရင်ခွင်မှာ သနွေတည်ပြီး၊ အမွှာနှစ်ယောက်အဖြစ် မွေးလာသည်ဟု

www.burmeseclassic.com



သိရသည်။

အချို့လူများက ပြောကြသည်။ သိုက်ကလာသူများမှာ ဒုက္ခဆင်းရဲခြင်းမရှိကြ၊ သိုက်ကပေးသော ငွေများဖြင့် ချမ်းသာစွာနေရသည်ဟုဆိုသည်။ ငွေထုတ်ပိုက်ပြီး လာသူများဟုဆိုသည်။

ယခု သူတို့အား မွေးခဲ့သော မိခင်ဖခင်တို့ ဒီနေ့အထိ သူဆင်းရဲဘဝက မလွတ်ကင်းသေး။ ဖခင်ဖြစ်သူက သူတို့ ဆယ်နှစ်သား အရွယ်မှာ (၉၆)ပါး ရောဂါနှင့် သေဆုံးခဲ့သည်။

သူတို့မောင်နှမလည်း လေးတန်းအထိသာ သင်ခဲ့ရသည်။ ဒီနေ့အထိ ရွှေဆိုင်၌ တစ်မူးတစ်ပဲသားပင် မဆင်ခဲ့ရ။

သိုက်မှာကျန်ခဲ့သော အမျိုးအနွယ်များတလည်း ပစ်ထားကြပုံရသည်။ လူ့ဘဝရောက်လာပြီး မျက်နှာငယ်နှင့်နေရသည်။ ဒီလိုဖြစ်မယ်မှန်းသိရင် မလာခဲ့ပါဘူးဟုပင် အခါခါဆုံးဖြတ်မိသည်။

မိနစ်ပိုင်းကြီးသော အမှာအစ်မက မိခင်ဖြစ်သူနှင့်အတူ လယ်တွင်းထဲက မထွက်ရ။ တစ်နေ့ရ တစ်နေ့စားလောက်ရုံသာရှိသည်။

ဝင်းကျော်တစ်ယောက် တစ်ရွာမပြောင်း သူတောင်းမဖြစ်ဆိုသည့်စကားအတိုင်း အသိတစ်ယောက်နှင့် ရန်ကုန်သို့ လိုက်လာပြီး လုပ်ကိုင်နေပေမင့် အမေ့ထံ ငွေမပို့နိုင်သေး။

လက်ထဲမှာ ငွေနှစ်သောင်းကျော်ကျော် ကျန်သေးသည်။





ထိုငွေကို လမကုန်ခင် အရင်းအနှီးလုပ်ပြီး ငွေဖော်နိုင်ရန် စဉ်းစားနေသည်။

တစ်ရက် ဝင်းကျော်ဆန္ဒကို ဖြည့်ဆည်းပေးမည့်သူ ကိုစိုးနှင့် ဆုံလိုက်သည်။

"ဝင်းကျော် မင်းအလုပ်မရခင် ဖရဲသီးစိုက်ပြီး ရောင်းပါလား"

"တာ ကိုစိုး (၇/၈) လမ်းဆုံမှာ ဖရဲသီးဆိုင်က လေးဆိုင်လောက်ရှိတာဖြစ်ပါ့မလား၊ ခင်ဗျားတို့ လင်မယားလည်း ဖရဲသီးစိုက်ရောင်းနေတာ မဟုတ်လား"

"ရှိတော့ဘာဖြစ်လည်း ... ငါတို့ဆိုင်ကို မင်းတို့ရောင်းခိုင်းခဲ့မလို့"

"ခင်ဗျားတို့က ဖရဲမရောင်းဘဲ ဘယ်သွားမလို့လဲ"

"ငါ့မိန်းမတွေရဲ့ ရွာကိုသွားမလို့။ ယောက္ခမတွေက ဒီနှစ်အလှူလုပ်မယ်၊ ငါ့သားနှစ်ယောက်ကိုလည်း ကိုရင်ဝတ်ပေးမယ်ဆိုတာနဲ့ မရောက်တာကြာပြီဖြစ်တဲ့ ငါတို့ရွာကိုလည်း တဆက်တည်းသွားလိုက်မယ်"

"တစ်လလောက်တော့ကြာမယ်၊ ငါတို့မရှိတုန်း ငါတို့ဖရဲရောင်းတဲ့ လှည်းပေါ်မှာ မင်းဖရဲဆက်ပြီးရောင်းထား"

"ကျေးဇူးပဲ ကိုစိုး၊ ကျွန်တော် ဘယ်ရက်က စရောင်းရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကစရောင်း ဒီတို့သန်ဘက်ခါ နယ်ပြန်မှာ"

သို့ဖြင့် ဖရဲသီးတစ်လုံး (၁၅၀၀)နှင့် ဆယ်လုံးဝယ်ထားပြီး စျေးရောင်းသည်။ အလုံးလိုက်လည်း ရောင်းသည်။ ဖရဲသီးကို ခွဲပြီး (၂၀၀)ကျပ် (၃၀၀)ကျပ် (၅၀၀) ကျပ်ဖြင့် ရောင်းသည်။

နွေရာသီလည်းဖြစ် နေကလည်းပူပြင်းသောကြောင့် တစ်နေ့ကို ငါးလုံး ခြောက်လုံးမျှကုန်သည်။

ရောင်းရငွေနှင့် လက်ကျန်ပိုက်ဆံပေါင်းပြီး ဆယ်လုံးခန့် ပြန်ဝယ်ထည့်လိုက်သည်။

ကိုစိုးတို့လင်မယား တစ်လခန့်ကြာမည်ဟု ပြောသွားသော်လည်း သူတို့တစ်လခွဲခန့်ကြာမှ ပြန်ရောက်ကြသည်။ ထိုရက်ပိုင်းအတွင်း ရောင်းရငွေနှင့် ဖရဲလက်ကျန်စာရင်းချုပ်လိုက်သောအခါ ဝင်းကျော်လက်ထဲ တစ်သိန်းခန့်ကျန်ခဲ့သည်။

ဖရဲသီးကို ဆက်ပြီးရောင်းချင်သော်လည်း ဖရဲရာသီက တစ်လခန့်သာ ကျန်တော့သည်။ ကိုစိုးတို့နှင့်အပြိုင် မရောင်းချင်၍ ထိုငွေနှင့် မည်သို့လုပ်ကိုင်ပြီး စီးပွားရှာရမည်လည်း စဉ်းစားရတော့သည်။

အရောင်းဝယ်မှားလို့တော့မဖြစ်၊ ဆိုက်ကားစပေါ်ငွေတင်ပြီး နင်းရန်ကလည်း ယခင်လို အလုပ်မဖြစ်ကြတော့။ သို့ကြောင့် လက်ထဲကငွေ မပွန်းပဲ့အောင် ထိန်းသိမ်းရင်း အလုပ်တစ်ခုလုပ်ရန်



ကြိုးစားရပြန်သည်။

တစ်ညအိပ်ရာဝင်ပြီး အိပ်ပျော်ရန် ကြိုးစားအိပ်လိုက်သည်။ အိပ်မက်ထဲမှာ ပွဲထဲက နတ်စိမ်းလိုလို အဝတ်အစားမျိုးနှင့် အမျိုးသမီးတစ်ယောက်ရောက်လာပြီး လူ့ပြည်သွားမလို့ ခွင့်တောင်းသွားတဲ့ အချိန်ပေါ့ပြီ ပြန်လာကြတော့တဲ့ ပြောသည်။

နှစ်ဆယ့်ငါးနှစ်ပြည့်ရင် ပြန်ခေါ်မယ်။ လူ့ပြည်မှာရှိတုန်း မိဘတွေကို ရှာလို့ဖွေလို့ရတဲ့ ပိုက်ဆံနဲ့ တန်တော့ကြတဲ့ ပြောရင်း ထိုအမျိုးသမီး ပျောက်သွားသည်။

ထိုအိပ်မက်မက်ပြီး ဝင်းကျော်လန့်နိုးသွားသည်။ သူ့ကို နှစ်ဆယ့်ငါးနှစ်ပြည့်ရင် လာခေါ်မည်ဆိုတော့ ယခု သူ့အသက် နှစ်ဆယ့်လေးနှစ်ကျော်ပြီ။

အိပ်မက်ထဲကအတိုင်း ပြန်ခေါ်မည်ဆိုသူ အသက်ရှင်ခွင့် သမိုင်းသာ ကျန်တော့သည်။ အိပ်မက်တကယ်မဟုတ်ပါစေနဲ့တု ဆုတောင်းနေမိရသည်။

တကယ်သေမည်ဆိုရင်တောင် မသေချင်သေး၊ အိပ်မက်ဆိုတာ စိတ်စွဲလို့လည်း မက်တတ်သည်။ ယခုတလော အလုပ်အဆင်မပြေ၍ သိုက်တာလာခဲ့ပြီး မပြေမလည်ဖြစ်နေသောကြောင့် သိုက်မှာ ကျန်နေခဲ့သူများကို မကျေမနပ်ဖြစ်နေခဲ့သည့် တောက်

www.burmeseclassic.com



ပါလား။

သို့ကြောင့်ပင် ယခုအိမ်မက်က စိတ်စွဲ၍ မက်ခြင်းဟုသာ ထင်လိုက်သည်။ ထိုသို့ ထင်လိုက်သဖြင့် သူစိတ်သက်သာရာတော့ ရခဲ့သည်။

သူ့အလုပ်အတွက် စနည်းနာရန်၊ ဖရဲသီးရောင်းနေသော ကိုစိုးတို့လင်မယား၏ လှည်းရှိရာသို့ရောက်သွားသည်။

"ဟော့ ဝင်းကျော် ဘယ်လိုလည်း အလုပ်မဖြစ်သေးဘူးလား"

"မဖြစ်သေးပါဘူး ကိုစိုးရာ"

"လာကွာ လက်ဖက်ရည်ဆိုင်ထိုင်ရအောင်"

"ကျွန်တော်မသောက်ချင်ဘူး"

"ငါတိုက်မှာပါကွာ လာပါ"

သူတို့ဆိုင်နှင့် ကပ်ရက်ရွှေကောင်းကြွယ် လက်ဖက်ရည်ဆိုင်အတွင်း ဝင်ခဲ့ကြသည်။

အချိန်က ဆယ့်တစ်နာရီရှိပြီ။

သူတို့နောက်စားပွဲမှာ ထိုင်သောက်နေသော အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက်ပြောစကားကို ကြားလိုက်သည်။

"နှစ်ခွန်ဝမ်းချိန်း ကျိန်းသေးတယ်၊ အကောင်းဆုံးက နှစ်ထိပ် ကျိန်းသေးတယ်။ နှစ်ထိပ်စီးရိုးဆွဲရင် ပြေးမလွတ်ဘူး"



ထိုစကားကြားသော ဝင်းကျော် ညကအိမ်မက်ကို ပြန်သတိရလိုက်သည်။ သူ့ကို သိုက်က နှစ်ဆယ့်ငါးနှစ်ပြည့်ရင် ပြန်ခေါ်မည်တဲ့။

"ငါ့ကို သိုက်ကတကယ်ပြန်ခေါ်မှာလား၊ ဂဏန်းပေးချင်လို့လားမသိဘူး၊ ဒီတော့ ဟုတ်မဟုတ် စမ်းသပ်ကြည့်လိုက်မယ်"

"ကိုစိုး ကျွန်တော် နှစ်လုံးလောင်းချင်တယ်"

"မင်းဂဏန်းရလို့လား"

"ရလို့မဟုတ်ဘူး၊ ညက မင်းကို နှစ်ဆယ့်ငါးနှစ်ပြည့်ရင် ပြန်ခေါ်မယ်လို့ သိုက်က ကတိနဲ့လွှတ်တာဆိုပြီး ပြောသွားတယ်။ တကယ် ပြန်ခေါ်မှာလား၊ ဂဏန်းပေးမှာလား စမ်းသပ်ကြည့်မယ်"

"မင်းအခု အသက်ဘယ်လောက်ရှိနေပြီလဲ"

"နှစ်ဆယ့်လေးကျော်ပြီဗျ"

"ဟာ ... ဂဏန်းပေးတာ မဟုတ်လို့ကတော့ ပြဿနာပဲ"

"ခင်ဗျားကလည်း အိပ်လို့မပျော်အောင် လုပ်နေပြန်ပြီ"

"ဟကောင် ငါဆို ထမင်းတောင်စားဝင်တော့မှာ မဟုတ်ဘူး"

"ကဲပါဗျာ တကယ်လား၊ ဂဏန်းပေးတာလား၊ အသေအချာ သိရအောင် ဂဏန်းရောင်းတဲ့နေရာ သွားကြမယ်"

သို့ဖြင့် လက်ဖက်ရည်ဖိုး ရှင်းပြီး ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လောက်ဖိုးလဲ"

"သူ့အတိုင်းပဲ မလျှော့ဘူး တည့်ငါးထောင်ဗျာ"

"ဟာ လုပ်လှချည်လား"

"အသက်နဲ့တောင် လောင်းကြေးထပ်ရတာလေဗျာ"

"ဒီဂဏန်းအောင်မြင်ရင် ဂဏန်းပေးချင်လို့ အိပ်မက် မက်တာပဲ၊ မအောင်မြင်ရင် တကယ်သိုက်က ခေါ်တာပဲ"

"ငါ သုံးရာဖိုး အာလိုက်မယ်"

နှစ်ယောက်သား ဂဏန်းလောင်း၍ ရွှေကောင်းကြွယ်သို့ ပြန်လာပြီး ထိုင်ကြသည်။ ထိုဆိုင်က ကိုစိုးနှင့် ရင်းနှီးနေပြီဖြစ်၍ မသောက်လည်း ဝင်ထိုင်ဖြစ်သည်။

ဆိုင်ရောက်တော့ စကိုင်းနက်မှ ရုပ်ရှင်ကို ထိုင်ကြည့်နေစဉ်။

"ဟာ သွားပါပြီ တစ်လုံးချိန်းသွားတယ်"

"အစ်ကိုကြီး ဘာတဲ့လဲ"

"နှစ်ဆယ့်ငါးတဲ့"

ထိုအသံကြားသည်နှင့် ဝင်းကျော်ထခုန်မိမတတ် ဝမ်းသာသွားသည်။ ဒါဆို သိုက်ကပြန်ခေါ်တာ မဟုတ်ဟု အပိုင်တွက်လိုက်သည်။

သူ့ကို ဂဏန်းပေးချင်၍ သေမည့်နှစ်ဆိုပြီး အိပ်မက်ထဲ





ရောက်လာခြင်းဟု ယူဆကာ အပျော်ကြီး ပျော်နေသည်။

ထို့ကြောင့် သူ့မှာရှိသော ငွေနှင့် ထပ်ရှာရသော ငွေပေါင်းလိုက်ပြီး ဆိုင်ကယ်၊ ကယ်ရီဆွဲရန် နံပါတ်ကျပြီး တစ်ပတ်နွမ်း တစ်စီး ပြန်ဝယ်လိုက်သည်။

သူ့မိဘထံသို့ ပိုက်ဆံတစ်သိန်း ပို့လိုက်သည်။

ဝယ်ပြီးပြီးချင်း ဆိုင်ကယ်မောင်းကျွမ်းကျင်အောင် သင်လိုက်သည်။ (၇/၈) လမ်းဆုံနှင့် ကုန်ပဒေသာမှာထိုင်ပြီး ကယ်ရီဆွဲသည်။ တစ်နေ့ကို ငါးထောင်ခြောက်ထောင်ခန့်ကျန်သည်။

မကြာခင် သင်္ကြန်ရက်ရောက်တော့မည်။ ထိုရက်မျိုးဆို ဈေးခေါ်၍ ကောင်းသည်။ သူ့တွက်ကိန်းကတော့ ဟုတ်နေသည်။ အိပ်မက်များက ယခုတလော သိပ်မကောင်းလှ၊ အမေကို အိပ်မက်ထဲမှာ မြင်လိုက်၊ အစ်မကို မြင်လိုက်ဖြစ်နေသည်။ အိပ်မက်ထဲမှာ ဂဏန်းလာပေးသွားသော ဥစ္စာစောင့်အမျိုးသမီးကိုလည်း အိပ်မက်ထဲမှာ မကြာမကြာ တွေ့နေရသည်။

တစ်ညအိပ်မက်ထဲမှာ အစ်မဖြစ်သူက သူ့ထံရောက်လာသည်။ သူ့လက်ကိုဆွဲပြီး ကန်ကြီးတစ်ကန်သို့ ခေါ်သွားသည်။

ကန်အနီးသို့ ရောက်တော့ လှေလေးတစ်စီးရောက်လာသည်။ သူတို့မောင်နှမ လှေပေါ်တက်လိုက်သည်နှင့် တမ်းက ခွာသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောခင်အရှေ့သော်က တိုက်ကြီးတစ်လုံးမှာ လှေသွားဆိုက်ကပ်သည်။ တိုက်အဝမှာ နန်းဝတ်နန်းစားဝတ်ဆင်ထားသူများက ဇာတ်လှဲတကင်း ကြိုနေသည်ကို တွေ့လိုက်သည်။

ဥစ္စာစောင့်သိုက်နန်းရှင်များဖြစ်ကြောင်း အစ်မကရှင်းပြသည်။ သိုက်သို့လာလည်မည့်အစား၊ အမြန်ပြန်ခဲ့ရန် ဝိုင်းပြောကြသည်။ အစ်မဖြစ်သူက မကြာခင်လာခဲ့မည်ဟု ဂတိပေးသံကြားလိုက်ရသည်။

ကြောခင်အားလုံးကို နှုတ်ဆက်ပြီး လာကြိုသောလှေကလေးနှင့် လိုက်ပို့၍ ပြန်ခဲ့ကြသည်။

ထိုကဲ့သို့ ပုံစံတူမျိုးနှစ်ခါသုံးခါမျှ မက်နေ၍ ဝင်းကျော်စိတ်တွေရှုပ်တွေးလာသည်။

စိတ်ထဲမရှင်းမလင်းနှင့် ဇဝေဇဝါအတွေးများ အချိန်နှင့်အမျှ ခေါင်းထဲမှာ ပြည့်နေတော့သည်။

အရတာလော ဆိုင်ကယ်ကယ်ရီစိတ်မထိုးခင် မြို့ဦးစေတီသို့ သွားဆုတောင်း။ ဘုရားရှိခိုးဦးတိုက်ပြီးမှ တုန်ပဒေသာမှာ ဝိတ်ပြန်ထိုးသည်။

* * * * *

ရွာမှာကျန်ခဲ့သော မိခင်ကြီးနှင့် အစ်မတို့က မောင်လေးပို့လိုက်သော မိုက်ဆံကိုရပြီး သုံးပုံတစ်ပုံကို ဘုရားလှူ၍ ကျန်



နှစ်ပုံကို လိုအပ်သည်များကို ဝယ်လိုက်ကြသည်။

သကြိန်မကျခင် မြေပဲအခင်းပိုင်ရှင်က မြေပဲနှုတ်ရန် နေ့တားခေါ်ရာ၊ မာယာစိုးတို့သားအမိလည်း ပါခဲ့သည်။ အသက်ငါးဆယ်နားရောက်နေပြီဖြစ်သော မိခင်ကြီးက သန်တုန်းမြန်တုန်း အိမ်မှာနားနားနေနေနေရန် သမီးဖြစ်သူက ပြောပေမယ့် ... မည်သို့မျှ လက်မခံ။ သမီးအလုပ်သွားရာ အမြဲပါတယ်။

အသက် နှစ်ဆယ့်ငါးနှစ်နားနီးလာလေလေ သမီးကို မျက်စိအောက်က အပျောက်မခံနိုင်လေဖြစ်သည်။ သားဖြစ်သူကို အနားမှာထားချင်သော်လည်း လယ်အလုပ် မလုပ်နိုင်။ ရွာမှာမနေနိုင်ဟုသောအကြောင်းပြချက်ကြောင့် သားကိုမျက်စိအောက်က အဝေးသို့ မလွှတ်ချင်သော်လည်း စိတ်မကောင်းစွာနှင့် လွှတ်လိုက်ရသည်။

သူတို့ကဲ့သို့ပင် မြေပဲနှုတ်ကြမည့် အလုပ်သမား ငါးယောက်ခန့် လယ်ကွင်းထဲရောက်နေပြီ။

သူတို့သားအမိရောက်ပြီး မကြာခင်မှာပင် အခင်းရှင်ရောက်လာပြီး အစာပြေကောက်ညှင်းပေါင်းကျွေးသည်။ စားပြီးနောက်မြေပဲစနှုတ်ကြသည်။

ယောကျ်ားလေး သုံးယောက်ကနှုတ်ပြီးသား မြေပဲများကိုလှည်းပေါ်ဖွေ့တင်နေကြသည်။

www.burmeseclassic.com



လှည်းပေါ်တင်ပြီးသည်နှင့် မြေပဲချွေသည့်နေရာသို့ သယ်သွားသည်။ မနက်ပိုင်းနုတ်၍ရသမျှကို နေ့လည်စာစားပြီး အပြီးချွေကြသည်။

မြေပဲရိုက်စင်လုပ်ထားပြီး ထိုစင်မှာ သုံးလေးယောက်ထိုင်၍ ရိုက်ကြသည်။

အချို့က လက်နှင့်ချွေကြသည်။

အတော်များများက မြေပဲကို ဝါးလုံးတန်းမှာရိုက်ပြီး ချွေကြသည်။ အရိုက်မကျွမ်းကျင်ပါက မြေပဲများ ကွဲကြေတတ်သည်။

ကျွမ်းကျင်သူများကတော့ မြေပဲကွဲကြေခြင်းမရှိ၊ ရိုက်ချွေနိုင်ကြသည်။

"သမီး မြေပဲနုတ်တာ သတိဝီရိယနဲ့နုတ် မျက်လုံးရှင်ရှင်ထား အမေအခုတလော အိပ်မက်တွေ မကောင်းဘူး"

"အမေတာလည်း အိပ်မက်ပဲ အတည်ယူမနေပါနဲ့"

ဒေါ်အေးတင် ညက သမီး၏ အသက်ကင်းမဲ့သော ခန္ဓာကိုယ်အားဖက်ပြီး ငိုနေရာ၊ ငိုရလွန်း၍ အမောပင်စို့ရသည်။ ထိုစဉ် အိမ်မက်မှ လန့်နိုးလာကာ နိုးတစ်ဝက်မှာပင် တရှုံ့ရှုံ့နှင့် ရှိုက်နေမိသေးသည်။

သမီးဖြစ်သူက အမေ့ဘာတွေမက်ပြီး ရှိုက်ကြီးတငင်ငိုနေ





ရတာလဲဆိုပြီး လှုပ်နှိုးမှ ကြေကွဲစရာအိမ်မက်ဆိုးက နိုးခဲ့ရတာ။

သမီးတို့ကို ကိုယ်ဝန်ဆောင်စဉ်က သိုက်ကစွင့်တောင်းပြီး ရောက်သည်ကို အသေအချာသိခဲ့သည်။ သူ့ထံမှာ နှစ်ဆယ့်ငါးနှစ်မျှ နေခွင့်ပြုပါဆို၍ အိမ်မက်ထဲမှာ နေခွင့်ပြုခဲ့သည်က လုံးဝ မမေ့နိုင်သေး။

ယခု အသက်နှစ်ဆယ်ကျော်ကတည်းက သားနှင့်သမီးနေရာ ပေါင်းပြန်သွားမှာ အစိုးရိမ်ကြီး စိုးရိမ်နေခဲ့သည်။ ညကထူးဆန်းသောအိပ်မက်အကြောင်း သမီးကို ပြောပြစဉ် အမေစိတ်စွဲလို့ပါတု ပြောခဲ့သည်။

ဒါပေမဲ့ စိတ်စွဲ၍မက်ခြင်းမဟုတ်ကြောင်း မနက်ဆယ်နာရီခွဲခန့်မှာ ဒေါ်အေးတင်ရော မာမာစိုးပါ သိလိုက်တော့သည်။

မြေပဲအပင်ရင်းမှာ ခွေနေသော အဆိပ်ပြင်းသည့် မြွေပွေးကြီး တစ်ကောင်က မာမာစိုး၏ လက်ခွကြားကိုပေါက်လိုက်သည်။ လက်ခွကြားဖြစ်နေသဖြင့် မြွေဆိပ်က ချက်ချင်းပြန့်သွားသည်။

အနီးက လူများဘာမှမလုပ်ရသေးခင် အသက်ထွက်သွားတော့သည်။

"အမယ်လေး ဖြစ်ရလေသမီးရယ်၊ အမေ့အိပ်မက်က စိတ်စွဲလို့ပါဆို အခုတကယ်ဖြစ်နေပါပြီလား ဟီးဟီး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးတင်လည်း လယ်ကွင်းထဲမှာ အားပါးတရ အော်ဟိုရင်း သတိလစ်သွားတော့သည်။

ထို့နောက် ဒေါ်အေးတင်ကို သတိရအောင် ဝိုင်းပြုစုလိုက်ကြသည်။

မာမာစိုး၏ နာရေးကိစ္စကို ရပ်ကွက်ကူညီမှုနှင့် ကောင်းမွန်စွာမြေချခဲ့သည်။

* * * * *

ဝင်းကျော်တစ်ယောက် ဆိုင်ကယ်လူမရသေးသဖြင့် ကားဂိတ်အတွင်းထိုင်ရင်း ငိုက်နေသည်။

ထိုအခိုက် သူ့ကိုလာလှုပ်နှိုးနေသဖြင့် နိုးသွားသည်။

"တင် အစ်မ ... အစ်မ ရန်ကုန်ကိုလိုက်လာတာလား အမေတောပါလား"

"ဟေ့ကောင် ဘာတွေယောင်နေတာလည်း"

"တာ အေးထွန်း ငါအိမ်မက်လားတာကယ်လား မသိဘူး၊ ငါ့အစ်မက နှိုးနေလို့"

"ငါနှိုးတာပါကွ၊ ငါ ပါဆင်ဂျာရလို့သွားလိုက်ဦးမယ်။ မင်းဆိုင်ကယ်တစ်စီးပဲ ကျန်နေလို့ ငါနှိုးတာ"





"အေးသွားသွား ငါလည်းတစ်ယောက်ရရင်သိမ်းမယ်"

ခဏမျှကြာတော့ '၁၂၅'ရပ်ကွက်သို့သွားချင်သော လူတစ်ယောက်က ငှားသဖြင့် ဆိုင်ကယ်ပေါ်တင်ကာ မောင်းထွက်ခဲ့သည်။ '၁၂၅'ရပ်ကွက်က '၁၃၃'ရပ်ကွက်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ '၁၂၅'ရပ်ကွက်သို့ ရောက်တော့ အချိန်က ခြောက်နာရီခန့်ရှိပြီ။

ခရီးသည်ကို ချပေးပြီးသည်နှင့် အပြန်ခရီးသည်ရနိုင်သည့် ကျော်ကြားမှတ်တိုင်မှာရပ်၍ ခဏမျှစောင့်နေလိုက်သည်။

ထိုမှတ်တိုင်မှာ ဆိုင်ကယ်ငါးစီးခန့်ခရီးသည်စောင့်နေကြသည်။

"ဟေ့ကောင် ဒီမှာဂိတ်လာမထိုးနဲ့ မင်းတို့ကောင်တွေ (၃၆) ဂိတ်ပေါင်းမှာ သွားစောင့်"

"မင်းတို့လိုကောင်တွေကြောင့် ငှာနေကောင်တွေ စီးခွက်ပျောက်တယ်"

အရက်မူးနေသောလူတစ်ယောက်က ဂိတ်လာမထိုးရန် ပြောသည်။

"ဘာဆိုင်လို့လဲ ဆိုင်ကယ်ဂိတ်ဆိုပြီး ဘယ်မှာသတ်မှတ်ပေးထားလို့လည်း ငါမသွားနိုင်ဘူး"

'ဟေ့ကောင် မင်းဘာစကားပြောတာလဲ'

"မင်းကြားတဲ့အတိုင်း ငါပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ခွန်းစကားများနေစဥ် မူးနေသော ဆိုင်ကယ်သမားများ ဝင်းကျော်အားဝင်ချုပ်ကာ

"ကဲကွာ"

"ခွပ်"

ဘယ်သူထိုးလိုက်မှန်းမသိသော ဓားသွားက ဝင်းကျော်၏ရင်ညွန့်သို့ စိုက်ဝင်သွားသည်။

ဝင်းကျော်လမ်းပေါ် မှောက်ကျသွားသည်။

"လာကြပါဦး ဒီမှာ ဓားနဲ့ထိုးကုန်ပြီ"

ဓားနဲ့ထိုးသူ ထွက်ပြေးသွားသည်။

သွေးအိုင်ပေါ်မှာ ဝင်းကျော်မှောက်လျက် လဲကျနေသည်။ အသက်ငွေ့ငွေ့သာ ရှိတော့သည်။

ထိုအချိန် သူ့အနားသို့ သူ့အစ်မရောက်လာပြီး ခေါင်းကိုပွေ့ထူလိုက်သည်။

"မောင်လေး ဘာမှအားမငယ်နဲ့ မမရှိတယ်"

"မမ မောင်လေးကိုလာခေါ်တာ တို့အတူသွားရအောင်"

"မောင်လေး မမပြောတာကြားလား"

"ဟုတ်ကဲ့ကြားပါတယ်၊ အခုဘယ်သွားမှာလဲ"

"မမတို့လူ့ဘဝမလာခင်တုန်းက နေခဲ့တဲ့နေရာကိုသွားကြ





မှာလေ။ အနှစ်အစိတ်ခွင့်ပြုလိုက်လို့ အခုအစိတ်ပြည့်လို့ ပြန်သွားရမှာ"

အဲဒီ အခုသွားတော့မှာပေါ့ ဟုတ်လား။

အဲဒါပေါ့ လာသွားကြမယ်။

ဘဝသစ်မှာ ကြေကွဲစရာတွေအဖြစ် ကျန်ရစ်ခဲ့သော်လည်း ဘဝဟောင်းသို့ မောင်နှမနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် တစ်ယောက်လက်တစ်ယောက်ဆွဲပြီး မပြေးရုံတမယ် လျှောက်နေကြတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# မွေးထိုက်၏ မထိုက်၏

အချိန်ကာလက အင်္ဂလိပ်များ အုပ်စိုးစဉ်ကာလကဖြစ်သည်။ ပဲခူးရိုးမ၏ အရှေ့ဘက် ရဲနွယ်ချောင်းနဘေးရှိ ငါးကျည်အိုင်ရွာကလေးကား လဆန်းငါးရက်ညလေထက်မှာ မှောင်မှောင်မည်းမည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

တစ်ခြမ်းမရှိတရှိ လကွေးကွေးကလည်း အနောက်ဘက်မှာ မေးတင်နေပြီ။ မကြာခင် လဝင်တော့မည်။

အချိန်က ညဆယ်နာရီကျော်ပြီ၊ ရွာလေ့အတိုင်း တစ်နေ့လုံး လယ်ထဲယာထဲ မြို့ထဲမှာ လုပ်ကိုင်ကြရသဖြင့် ညရှစ်နာရီကျော်၊ ကိုးနာရီခန့်ဆိုလျှင် တစ်ရွာလုံး ငြိမ်သက်ကာ အိပ်စက်အနားယူကြလေပြီ။



မနက်ဆိုလျှင် သုံးနာရီခွဲ လေးနာရီခန့် ထကြပြီး အလုပ်ခွင်မှာ စားသောက်ရန် ချက်ကြပြုတ်ကြနှင့် အတော်များများ နိုးကုန်ကြပြီ။

ယခု ညဉ်းပိုင်းဖြစ်၍ အားလုံး တိတ်ဆိတ်ငြိမ်သက်လျက် ခွေးဟောင်သံ ခွေးအူသံပင် မကြားရ။

ဦးလှိုင်နှင့် ဒေါ်ခင်မြတို့ အိပ်ရာဝင်ကာစပင် ရှိသေးသည်။ အသံတစ်ခုခုကိုကြား၍ နားစွင့်လိုက်မိကြသည်။

ရှပ် ... ရှပ် ... ရှပ် ... ဘုတ် ... ဘုတ်

ခြေသံများက အိမ်ကို ပတ်လျှောက်နေသည်ဟု ထင်ရသည်။

ဒေါ်ခင်မြက အိမ်ဘေးပတ်လျှောက်နေသော ခြေသံပျောက်မသွားဘဲ ဆက်တိုက်ကြားနေရသဖြင့် သေချာအောင် နားစွင့်နေလိုက်သည်။

ခြေသံက ရိုးရိုးလူတစ်ယောက် လျှောက်နေသောအသံနှင့် မတူဘဲ အားပါးတရ အလေးချိန်ရှိရှိ ခြေကြီးကို ဆောင့်နင်းသော အသံမျိုးဖြစ်သည်။

ခြေတစ်ဖက် ခြေသို့ချလိုက်တိုင်း အိမ်ပါလှုပ်သွားသည်ဟုပင် ထင်နေမိသည်။

ထို့နောက် ခြေသံပျောက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



ဘုန်း ... ဘုန်း ... ဘုန်း ... ဘုတ် ... ဘုတ် ... ဖျန်းဖျန်း ...

ထရံကို ဖြည်းဖြည်းပုတ်နေရာမှ၊ အားနှင့်ပုတ်လိုက်သည့် အသံကြောင့် ဒေါ်ခင်မြ လန့်သွားပြီး အနီးမှာ အိပ်နေသော ဦးလှိုင်အား ရုတ်တရက်ဖက်လိုက်မိသည်။

"တဲ့ ... တဲ့ ... မခင်မြ ... ဘာဖြစ်တာလဲ"

"အပြင်မှာ သရဲရှိတယ် သရဲ"

"မရှိပါဘူးကွာ ... မင်း အိပ်မက် မက်တာလား၊ ထမင်းလုံး တစ္ဆေခြောက်တာလား၊ တစ်ခုခုဖြစ်လိမ့်မယ် ပြန်အိပ်လိုက်တော့"

"မဟုတ်ဘူး သရဲတော့ စောစောပိုင်းက ခြေသံတွေပါ ကြားရတယ် ... ကျွန်မက ရှင်ပါအိပ်မပျော်သေးလို့ ကြားမယ် ထင်တာ"

"ငါက ခေါင်းချတာနဲ့ အိပ်ပျော်သွားတာ"

"ကလေးတွေပါ ... လန့်ကုန်မှာစိုးတယ် ... ရှင်မအိပ်နဲ့ဦး"

"မဟုတ်တဲ့ဟာတွေပြီး ကြောက်နေပြန်ပြီ ... ကဲ ဒီလောက် ဖြစ်တာ ငါမီးခွက်ထွန်းလိုက်ဦးမယ်"

ဦးလှိုင်ကထပြီး မီးခွက်ထွန်း၍ အိမ်ပြင်ကို ခေါင်းပြူကာ ကြည့်သည်၊ ဘာမှမတွေ့။





ဒေါ်ခင်မြကျေနပ်ရန် ဦးလှိုင်လည်း မီးခွက်ရှေ့ချပြီး ထိုင်နေသည်။ ကလေးများက တစ်ယောက်မှမနိုး။

ဒေါ်ခင်မြလည်း ဦးလှိုင်အနားလာထိုင်သည်။

"စောစောက တကယ်ကိုကြားတာပါ ... ကျုပ် ညာတာ မဟုတ်ဘူး။ အခု ရှင်နိုးလာမှ ဘာသံမှမကြားရတာ"

ထိုသို့ပြောနေစဉ်မှာပင်

ဝုန်း ... ဝုန်း ... ဝုန်း ...

ဘုန်း ... ဘုန်း ... ဘုန်း ... ဖျန်းဖျန်း

အိမ်ထရံကို ပုတ်ရုံမက အိမ်ကိုပါ ကိုင်လှုပ်နေပြန်သည်။

ထိုအခါ ကလေးများပါ လန့်နိုးကုန်ကြတော့သည်။

"အား ... အား ... ကြောက်တယ် ... အမေ ... ဝါး ... ဝါး ... ကြောက်တယ်"

အငယ်လေးနှစ်ယောက်က လန့်ပြီး ငိုတော့သည်။

ကလေးက အကြီးယောကျ်ားလေးသုံးယောက်၊ အငယ် မိန်းကလေးနှင့် ယောကျ်ားလေးတစ်ယောက်ဖြစ်သည်။

အကြီးဆုံးယောကျ်ားလေး သုံးယောက်က ဆယ့်သုံးနှစ်၊ ဆယ့်တစ်နှစ်၊ ကိုးနှစ်ရှိပြီ။

အငယ်နှစ်ယောက် မိန်းကလေးက ခုနစ်နှစ်၊ အငယ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



က ထိနှစ်ရှိကြပြီ။

"ကိုလှိုင် လာပါဦး ကလေးတွေခေါ်ပါဦး"

ကလေးတွေ အိပ်ကြသော အခန်းအတွင်းဝင်သွားသော ဒေါ်ခင်မြက အပြင်သို့ လှမ်းအော်ပြောလိုက်သည်။

"ကလေးတွေ မရှိကြဘူး။ သံချောင်းနဲ့အေးမြင့် မင်းတို့က အကြီးဖြစ်ပြီး ကလေးတွေကို ဝိုင်းရှာဦး"

အေးပုံလေးနှင့် အငယ်တောင်က တဝါးဝါး အော်ငိုနေသည်။

"လာ အားလုံးအပြင်ထွက်ခဲ့ကြ၊ တိတ်ကြစမ်း။ ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိဘူး မင်းတို့ကြောက်ရင် မငိုကြနဲ့"

အခန်းဝတ ဦးလှိုင်က ရပ်ပြီး မှောက်လိုက်မှ အသံမထွက်တော့ဘဲ ရှိုက်၍ငိုလျက် အခန်းပြင်ထွက်လာကြသည်။

စောစောက တစ်အိမ်လုံး ဆူညံသွားသဖြင့် အိမ်နီးချင်းများပင် နိုးတုန်တော့သည်။

"ဗျို့ ဒေါ်ခင်မြ ဘာဖြစ်လို့လဲ"

အချို့က လင်မယားရန်ဖြစ်သည် ထင်ကြသလို အချို့က ကလေးတစ်ယောက်ယောက်၊ တစ်ခုခုဖြစ်၍ ဆူညံနေတာများလားတော့ ထင်ကြသည်။

တချို့ကတော့ မီးခွက်ထွန်းပြီး စပ်စုရန် ရောက်လာကြသည်။



သို့ဖြင့် ဦးထွန်းကျော်တို့ လင်မယားနှင့် ဦးစံဘွားတို့ လင်မယား ရောက်လာကြသည်။

အိမ်ပေါ်ရောက်မှပင် သရဲခြောက်၍တု သိကြသည်။

ထိုအခါ ယောကျ်ားများ အိမ်အောက်ဆင်း၍ လှည့်ပတ်ကြည့်ကြသည်။ ထူးခြားချက်တစ်ခု၍ မတွေ့။

သရဲအရိပ်အယောင်မတွေ့ပေမယ့် ဒေါ်ခင်မြက ရောက်လာကြသော အိမ်နီးချင်းများအား မပြန်ပါနှင့်ဦးဟု တားဖြ။

"အခြေအနေ စောင့်ကြည့်ပေးပါမယ် ... အိပ်စေချင်လည်း အိပ်တာပေါ့။ အခု ကလေးတွေကို ပြန်အိပ်ခိုင်းလိုက်ပါဦး"

ဒေါ်ခင်မြလည်း ကလေးများအား အခန်းထဲခေါ်သွားပြီး အိပ်စေလိုက်သည်။

ကလေးများလည်း အိပ်ချင်စိတ်မပြေသေးသဖြင့် ခဏအတွင်းမှာပင် ပြန်လည်အိပ်ပျော်သွားတော့သည်။

ကလေးများ အိပ်သွားပြီဖြစ်၍ ဒေါ်ခင်မြ အိမ်ပြင်သို့ ထွက်လာခဲ့သည်။

"ကိုလှိုင်၊ ဦးထွန်းကျော်တို့ ဦးစံဘွားတို့ သောက်ရအောင် ရေနွေးကြမ်းတစ်အိုးလောက် တည်လိုက်ပါလား၊ ရှင် အိပ်ချင်နေပြီလား"

www.burmeseclassic.com



"အအိပ်ချင်သေးပါဘူး၊ မင်းညော့်သည်တွေက အိမ်ပြန် အိပ်ချင်နေပြီလား မသိဘူး၊ မေးပဲ မေးကြည့်ဦး"

"မအိပ်ချင်သေးပါဘူး ကိုလှိုင်ရ … ဒါတို့ မျက်စိကျယ်သွားပြီ၊ အိပ်ချင်တော့ ပြန်အိပ်လည်းရတာပဲ၊ ဒီမှာအိပ်လည်း အပမ်းမကြီးပါဘူး။ အခြေအနေထူးဦးမလား စောင့်ကြည့်ပေးပါဦးမယ်"

ဦးလှိုင်က ရေနွေးသွားတည်နေသည်။

သို့ဖြင့် ရောက်တတ်ရာရာ ပြောကြသည်။

"ဒါတိုင်း ညဘက်တစ်ခါမှ ခြောက်လှန့်တာမရှိခဲ့ပါဘူး။ အခုမှ ဘယ်ကဘယ်လို လာခြောက်လဲ မသိဘူး"

"ကျုပ်တို့က မကြားလိုက်၊ မမြင်လိုက်တော့လည်း ဘယ်လို အကြံပေးရမယ်မသိဘူး၊ တကယ်ပဲ သရဲခြောက်တယ်ဆိုရင်တော့ ပရိတ်ရွတ် မေတ္တာပို့ အမျှဝေလိုက်ပေါ့"

"မခင်မြတို့လည်း ကလေးတွေအများကြီးနဲ့ဆိုတော့ သတိဝီရိယနဲ့နေပေါ့"

သို့ဖြင့် သန်းခေါင်ခန့်မှ စကားထိုင်ပြောနေကြရာ မနက်လေးနာရီထိုးကာနီး ဦးထွန်းကျော်၏ ဇနီးဒေါ်ကျေးဒူ၊ ဦးစံဘွား ဇနီး ဒေါ်အုံးစိန်တို့က ယာခင်းထဲသွားလျှင် ထမင်းထုတ်ရန်အတွက်





ထမင်းပြန်ချက်ရဦးမည်ဆိုကာ နှုတ်ဆက်ပြီး ပြန်ကုန်ကြပြီ။

ထိုအခါ ဒေါ်ခင်မြ အိပ်ရာထဲဝင်ပြီး အဖြစ်အပျက်ကို တွေးတောစဉ်းစားနေမိသည်။

ယခု ဦးလှိုင်က ဒေါ်ခင်မြ၏ ယယ်ပေါင်းမဟုတ်၊ ပထမယောကျ်ား သေဆုံးသွားမှ အိမ်ထောင်ထပ်ပြုခြင်းဖြစ်သည်။

ဦးဘိုးလူက ပထမယောကျ်ားဖြစ်သည်။ ကလေးငါးယောက်ရပြီး၊ လွန်ခဲ့သော တစ်နှစ်ခွဲခန့်ကမှ သေဆုံးသွားသည်။ ကလေးငါးယောက်က စီးပွားရှာနိုင်သော အရွယ်မဟုတ် ငယ်သေးသည်။

ကလေးငါးယောက်နှင့် ဒေါ်ခင်မြ တစ်ယောက်တည်း ဘယ်ကဲ့သို့မှ တာဝန်မယူနိုင်။

ထိုအခါ အသိမိတ်ဆွေများ အိမ်နီးချင်းများ၏ တိုက်တွန်းမှုကြောင့် မုဆိုးဖိုသားတစ်ယောက်အဖေ ဦးလှိုင်နှင့် အိမ်ထောင်ပြုခဲ့သည်။ ဦးလှိုင်မှာ သားတစ်ယောက်တည်းရှိကာ၊ အိမ်ထောင်ဝင်ကျနေပြီ၊ ဦးလှိုင်မှာ အသက်လေးဆယ့်ငါးနှစ်ရှိ၍ ဒေါ်ခင်မြက အသက်လေးဆယ့်တစ်နှစ်ရှိပြီ ဖြစ်သည်။ ဦးဘိုးလူက အသက်ငါးဆယ်အရောက်မှာ သေဆုံးသွားသည်။

ယခုကဲ့သို့ အကြောင်းမရှိ ရုတ်တရက် သရဲခြောက်ခြင်းမှာ ဒေါ်ခင်မြက ဦးဘိုးလူတမလွန်မှ မကျွတ်မလွတ်ဘဲ လာခြောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတု ထင်သည်။

ဘာပဲဖြစ်ဖြစ် ဝိညာဉ်သရဲဘဝသို့ … ရောက်နေရာမှ ကလေးများကို သတိရပြီး အသိပေးခြောက်လှန့်ခြင်းဖြစ်ရမည်ဟု အတတ်ထင်နေသည်။

ညရောက်မှာကိုပင် ဒေါ်ခင်မြ ကြိုတင်ကြောက်လန့်ခြင်း ဖြစ်နေရသည်။

* * * * *

ဒုတိယမြောက်ညသို့ ရောက်တော့မည်။

ဒေါ်ခင်မြ အကြံထုတ်သည်။ မိမိတို့ မိသားစုအနေဖြင့် သရဲခြောက်လှန့်ခြင်းကို ခံနေမည့်အစား အသိမိတ်ဆွေများအား စားစရာများ စီစဉ်ပြီး အိပ်ခေါ်ထားရလျှင်ကောင်းမည်ဟု တွေးလိုက်သည်။

သို့ကြောင့် အိမ်နီးချင်းမိတ်ဆွေများအား ညဘက် တစ်ညတန်သည်၊ နှစ်ညတန်သည် လာအိပ်ပေးပါရန် လိုက်၍ ပြောထားသည်။

ညရောက်တော့ ဦးထွန်းကျော်တို့ လင်မယားနှင့် ဦးစံတွားတို့ လင်မယားလာအိပ်ပေးကြသည်။

လာအိပ်သူများကို ဧည့်ခံရန် အပြည့်အစုံ စီမံထားသည်။





ညဘက်အိပ်ပြီး မနက်စောစော အမဲခြောက်ဖုတ်ဆီဆမ်းနှင့် ကောက်ညှင်းပေါင်း၍ ကျွေးမည်။

သို့ကြောင့် ညဘက်စကားပြောနေရင်း ဒေါ်ခင်မြက ကောက်ညှင်းဆန်တစ်ပြည်ကို ရေစိမ်ထားရာမှ ဆယ်ပြီး တောင်းထဲမှာ ရေစစ်၍ ထားလိုက်သည်။

စကားတပြောပြောနှင့် အချိန်က ညဆယ့်တစ်နာရီခန့် ရှိသွားပြီ။ ကလေးများကတော့ အိပ်ကုန်ကြပြီ။

ဦးထွန်းကျော်နှင့် ဦးစံတွားက အတူအိပ်ပြီး ဒေါ်အုံးစိန်နှင့် ဒေါ်ကျေးဥတို့ အတူတူအိပ်ကြသည်။

ထိုညမှာ သရဲများ ခြောက်လှန့်ဦးမည်လားဟု နားစွင့်နေကြသော်လည်း မည်သည့်အသံကိုမျှ မကြားရ။ တိတ်ဆိတ်ခြင်းဖြင့်သာ အချိန်တို့ကုန်ခဲ့ရသည်။

"အောက် … အီး … အီး … အွတ်"

လင်းကြက်တွန်သံကြောင့် ဒေါ်ခင်မြအိပ်ပျော်နေရာမှ နိုးသွားသည်။

မနက်စောစော ဧည့်သည်များကို ကောက်ညှင်းပေါင်းနှင့် ကျွေးရန် အိပ်ရာမှထရန် ပြင်လိုက်သည်။

ဒေါ်ခင်မြ အိပ်ရာကထရန် ပြင်လိုက်စဉ် ခေါင်းကထမရ



www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်၏ခေါင်းနှင့် ငြိနေသလို ဖြစ်နေသည်။

ဒေါ်ခင်မြလည်း ကြောက်ကြောက်လန့်လန့်နှင့် အတင်းကုန်းထရာ ဦးလှိုင်ဆံပင်နှင့် ဒေါ်ခင်မြ ဆံပင်တို့ကို ဆွဲချည်ထားကြောင်း သိလိုက်ရသည်။

ထိုခေတ်ယောကျ်ားမှန်သမျှ ရောင်ထုံးထားကြသူ များသည်။ ဆံထုံးများကို ဖြည်ပြီး ချည်ထားခြင်း ခံနေရသည်။

လူခန္ဓာကိုယ်နှစ်ခုမှာလည်း ပူးကပ်လျက်ရှိသဖြင့် ဒေါ်ခင်မြ ကြောက်ကြောက်လန့်လန့်နှင့် ထအော်ပါတော့သည်။

"လာကြပါဦး လာကြပါဦး"

"ကျွန်မတို့ ဘာဖြစ်မှန်း မသိလို့ လာကြပါဦး"

ပါးစပ်က အတင်းအော်နေသဖြင့် ဦးလှိုင်က

"တဲ့ မခင်မြ ခေါင်းကို ဖြည်းဖြည်းထစမ်း။ နင့်ဆံပင်နဲ့ ငါ့ဆံပင် ငြိနေတယ်နဲ့တူတယ် ... အား ... လား ... လား ... နာလိုက်တာ"

ကလေးတွေလည်း နိုးတဲ့ကလေးက နိုးကုန်ကြသည်။ အိမ်အပြင်မှာလည်း ရုတ်ရုတ်သည်းသည်း ဖြစ်ကုန်သည်။ မီးခွက်ထွန်းလိုက်သဖြင့် လင်းသွားသည်။

ဦးလှိုင်က





"ဦးထွန်းကျော်တို့ မကျေးဥတို့ လာကြပါဦးဗျာ"

အားလုံး အထဲဝင်လာကြသည်။

မီးရောင်အောက်မှာ မြင်ရသောမြင်ကွင်းကြောင့် အားလုံး၏ မျက်နှာများ ပြူးစိစိဖြစ်သွားသလို မျက်စေ့များလည်း ပြူးကုန်ကြသည်။

နှစ်ယောက်လုံးကို နွားချည်ကြိုးများဖြင့် ချည်တုတ်ထားသလို ဦးလှိုင်ဆံပင်နှင့် ဒေါ်ခင်မြဆံပင်တို့ကိုဆွဲ၍ ချည်ထားသည်ကိုပါ တွေ့လိုက်ကြရသည်။

ဝင်လာသူများက ကြိုးများဖြည်ပေးရသလို၊ မကျေးဥတို့က ဆံပင်များကို ဖြည်ပေးကြရသည်။

လင်မယားနှစ်ယောက်လည်း ငိုရမလို၊ ရယ်ရမလို မျက်နှာ ဖျက်နေကြသည်။ ဘယ်လိုဖြစ်ရတာလဲ၊ ခင်ဗျားတို့ရဲ့ သရဲက ချော်တတ်တယ်နဲ့တူတယ်။ အပြင်ကနေပြီး မခြောက်လှန့်ဘဲ၊ လူတွေကို ကြိုးနဲ့လာချည်တဲ့အထိတောင် လုပ်နေပါလား။

"ဘယ်လိုတွေ ဖြစ်နေတာလဲဆိုတာ ကျုပ်တို့လည်း မပြောတတ်အောင်ပါပဲ"

ဒေါ်ခင်မြလည်း ကောက်ညှင်းပေါင်းရန် မီးဖိုအတွင်း ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော် လာကြပါဦးတော် ... ကုန်ပါပြီ"

ဒေါ်ခင်မြအသံကြောင့် မီးဖိုထဲသို့ လူများဝင်လာကြသည်။

"ဘာဖြစ်လို့လဲ မခင်မြ"

"ကောက်ညှင်းတွေ သရဲစားသွားပြီ"

ကောက်ညှင်းပေါင်းအိုးထဲမှာတော့ နွားချေးအပျော့များ ထည့်ထားခဲ့သည်။ အိုးနှုတ်ခမ်းမှာတော့ ကောက်ညှင်းပေါင်း အကပ်များ တော်တော်များများ တပ်ကျန်နေခဲ့သည်။

မီးဖိုပေါ်မှာ ပေါင်းအိုးအောက်ခံရေနွေးအိုးက အငွေ့တထောင်း ထောင်း မီးဖိုထဲမှာ မီးကရဲရဲတောက်လျက် ရှိသေးသည်။

အမဲခြောက်ထည့်ထားသော စဉ့်အိုးထဲမှာလည်း အိုးပွင့်လျက် ဘာမှမရှိတော့။

"တောက် သရဲက ကောက်ညှင်းပေါင်းကိုယ်တိုင်ပေါင်းပြီး အမဲခြောက်ကင်နဲ့ စားသွားတာပဲ။ သိင်္လည်တဲ့အကောင် တို့ အတွက်တောင် နည်းနည်းမချန်ခဲ့ဘူး"

"ဟိုမှာ နွားချေးတွေ ချန်ထားခဲ့တာ မတွေ့ဘူးလား"

"ထွီ ရွံစရာကောင်းလိုက်တာ"

"ဟား ... ဟား ... ဟား ... သိပ်လည်တဲ့သရဲပဲ"

"ကောက်ညှင်းပေါင်းပြီး စားတဲ့သရဲတဲ့ကွာ။ ကြုံကြုံဖူးပါဘူး။





ဘယ်အချိန်ထဲက ရောက်နေပြီး ပေါင်းနေတာလည်း မသိဘူး"

"ကောက်ညှင်းအိုး မီးဖိုပေါ်တင်ထားပြီး ရှင်တို့လင်မယားကို ကောင်းကောင်းပညာပြသွားတာ"

"အမယ်လေး ... လေး တွေးမိတိုင်း ကြောက်စရာကြီးပါ အစ်မကျေးဥရယ်"

အားလုံး သရဲကြီးအကြောင်း ပြောလိုက်၊ အံ့သြလိုက်နှင့် ပြောမဆုံးနိုင်အောင် ဖြစ်နေသည်။

* * * * *

ဒေါ်ခင်မြတို့အိမ်မှာ သရဲကောက်ညှင်းပေါင်းပြီး စားသွားပုံ၊ လင်မယားနှစ်ယောက်လုံး ပူးပြီး ကြိုးနှင့်ချည်ထားခဲ့ပုံ တစ်ရက် လည်း ပြော၍မပြီး၊ နှစ်ရက်လည်း ပြောမပြီး ဖြစ်နေသည်။

အချို့လူများက နောက်ကိုဆက်၍ ခြောက်လှန့်နေပါက ကလေးများကြောက်လန့်ပြီး တစ်ခုခုဖြစ်မှာ စိုးရိမ်ရသည်။ အခြား အိမ်သို့ ပြောင်းရွှေ့နေကြရန် ပြောကြသည်။

ဒေါ်ခင်မြကလည်း ယောကျ်ားဖြစ်သူအား

"တုတ်တယ် ကိုလှိုင်၊ ကျုပ်တော့ ဒီလောက်ကြမ်းတဲ့ သရဲ ရှိတဲ့အိမ်မှာ မနေရဲဘူး။ ကြာရင် ကလေးတွေနဲ့ပါကြုံပြီး လိပ်ပြာ လွင့်ကုန်မှဖြင့် ရင်ကျိုးရချည်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရေတွင်းကုန်းရွာက အစ်မတို့အိမ်ကို ခဏ ပြောင်းနေကြမယ်"

မင်းတို့ မနေရဲဘူးဆိုလဲ ညနေပိုင်းကြတော့ ပြောင်းတာပေါ့ ... ယူစရာရှိတာ သိမ်းထားကြ၊ ထည့်ထားကြ မယူနိုင်တာတိုတော့ အိမ်နီးနားချင်း အပ်ထားခဲ့တာပေါ့။

"မနက်ခင်း စားပြီးသောက်ပြီးရင် ညနေစာအတွက် ချက်ထားလိုက် မင်းအစ်မအိမ်ရောက်ရင် အဆင်သင့်စားလို့ရတာပေါ့"

လင်မယားနှစ်ယောက်လုံး အိမ်ပြောင်းနေထိုင်ရန် သဘောတူသဖြင့် ယူသွားစရာများ သိမ်းဆည်းနေကြသည်။ ဇီးကျည်းအိုင်ရွာမှ ရေတွင်းရွာသို့ လှည်းနှင့် သွားမည်ဆိုပါက တစ်နာရီကျော်ကျော်ခန့်သာ သွားရသည်။

ညနေသုံးနာရီခန့် ရွာမှ ထွက်ပါက ရေတွင်းကုန်းရွာသို့ လေးနာရီခွဲခန့် ရောက်မည်။

လှည်းပေါ်သို့ ယူသွားမည့် ပစ္စည်းများ တင်ပြီးပြီ၊ ညနေစောင်းတော့ အိမ်နီးနားချင်းများ လာရောက်နှုတ်ဆက်သည်။

"ကဲ ... ဟိုမှာ တစ်လလောက်တော့ သွားနေလိုက်ဦးမယ်။ ပြီးမှ အခြေအနေကြည့်ပြီး ပြန်လာတော့မယ်"

"ဘုရားစာ၊ တရားစာတော့ မှန်မှန်ရွတ်၊ မေတ္တာပို့ အမျှဝေ





သရဲကြီးကိုလည်း မေတ္တာပို့ အမျှဝေဖို့မမေ့နဲ့"

"စိတ်ချအစ်မကျေးဇူးရေ၊ ဒီသရဲကို ကိုယ်က မေတ္တာထားမှ သူက မေတ္တာထားမှာ"

"အိမ်ကိုလည်း ကြည့်ပေးထားကြဦးနော်"

"အေး ... အေး အိမ်ကို ဘာမှ နောက်ဆံတင်းမနေနဲ့ တို့အားလုံးကြည့်ပေးထားမယ်၊ ကဲ ... ကဲ နေချိုးပြီ သွားကြပေတော့"

ဦးလှိုင်က နွားနှစ်ကောင်ကို ကြိမ်တို့ပြီး မောင်းလိုက်သည်။ အိမ်ရှေ့ခြံဝကိုလည်း လှည်းထွက်ရော လှည်းတံပိုးကြီးလည်း အကောင်းပကတိက

"ပြောင်း"

"ဟာ လှည်းတံပိုးကျိုးသွားပြီ ဒုက္ခပါပဲ"

"ဦးထွန်းကျော် ခင်ဗျားဆီမှာ လှည်းတံပိုး အပိုရှိတယ်မဟုတ်လား ခဏငှားပါဦး"

"လှည်းတံပိုးပြန်တပ်နေရင် ကြာဦးမယ်၊ ကျုပ်လှည်းပေါ်ပြောင်းတင်ပြီး ကျုပ်လှည်းနဲ့သွား၊ ခင်ဗျားလှည်းထားခဲ့၊ နောက်နေ့မှ တံပိုးတပ်ပြီး ကျုပ်အိမ်မှာ ထားလိုက်မယ်"

"ကျေးဇူးပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးများကတော့ ခရီးသွားရမည်ဆို၍ ပျော်ရွှင်နေကြသည်။ လာရောက်နှုတ်ဆက်သူများကလည်း ဝိုင်း၍ ပြောင်းရွှေ့ပေးနေကြသည်။

ထို့နောက် ဦးထွန်းကျော်၏ လှည်းနှင့် ရွာထဲမှ ထွက်ခဲ့ကြသည်။ ရွာပြင်မထွက်ခင် ရွာစပ်အရောက်

"ဖြောင်း"

"ဝုန်း ... ဖြောင်း"

"ဟာ ... ကျိုးကုန်ပြီ ... လှည်းအိမ်ပါ ပြုတ်ထွက်သွားပြီ"

လှည်းတံပိုးကျိုးရုံမက လှည်းအိမ်ကို ထမ်းဆောင်ထားသော လှည်းတံနှစ်ချောင်းမှ တစ်ချောင်းက အလယ်မှ ကျိုးသွားသည်။ လှည်းအိမ်ကို တုတ်ချည်ထားသော ကြိုးများပြေလျော့ကုန်သဖြင့် လှည်းအိမ်တစ်ဖက်သို့ စောင်းကျသွားသည်။

လှည်းပေါ်တင်လာသော ပစ္စည်းများ ဖရိုဖရဲဖြစ်ရုံကလွဲပြီး၊ အောက်သို့ပြုတ်ကျခြင်း၊ ကွဲရှခြင်းမဖြစ်၊

ကလေးနှင့်လူကြီးများလည်း လှည်းပေါ်ကပြုတ်ကျခြင်းမရှိ၊ ဦးလှိုင်နှင့် ဒေါ်ခင်မြတို့လည်း အိမ်မှ အဝေးသို့သွားရန် မကြံတတ်တော့။





ညနေပိုင်းရွာမှ မထွက်နိုင်ပါက ရွာမှာပင်အိပ်ရတော့မည်။

သရဲက သူတို့လင်မယားအားရွာမှ သွားစေချင်ပုံမရကြောင်း ရိပ်မိကြသည်။

စိတ်မချ၍ ရွာဝအထိ လိုက်ပို့ကြသော ဦးထွန်းကျော်တို့လည်း အားပေးစကားပြောလာသည်။

"ကဲ ... ကဲဘာမှ စိတ်ဓာတ်ကျမနေပါနဲ့၊ အိမ်မှာပဲ ပြန်အိပ်ကြပါ၊ ကျုပ်တို့အားလုံး ဝိုင်းပြီး စောင့်အိပ်ပေးကြပါမယ်"

"ကြောက်လည်း ကြောက်မနေကြပါနဲ့။ လူများရင် သရဲဘာမှ မလုပ်နိုင်ပါဘူး"

ရွာထဲမှ လူရွယ်များကလည်း ... သရဲခြောက်၍ အိမ်မှ ပြောင်းပြေးဖြသော သူတို့မိသားစုအကြောင်းသိသဖြင့် ဝိုင်းပြီး အားပေးကြသည်။

"ဘာမှ ကြောက်မနေကြပါနဲ့ ... ကျွန်တော်တို့လူငယ်တွေပါ လိုအပ်ရင် လာစောင့်အိပ်ပေးပါ့မယ် ... ဒီလောက်ကြမ်းတဲ့ သရဲတွေ့လိုက်စမ်းချင်တယ်"

လူငယ်များက ပြောလည်းပြော ဦးလှိုင်တို့ပစ္စည်းများကို တစ်ယောက်တစ်နိုင် ဝိုင်းကူညီသယ်ပေးလိုက်ကြသည်။ သို့ဖြင့် အိမ်သို့ ပြန်ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်က ကျိုးသွားသော လှည်းတံနှင့် လှည်းတံပိုးကို အစားဝယ်နိုင်းထားလိုက်သည်။

အားလုံးအိမ်ပြန်ရောက်ပြီး၍ အိမ်ပေါ်မှာ အမောထိုင်ဖြေနေကြသည်။ ဦးလှိုင်က

"မခင်မြရယ် ဒီဘာမှန်းမသိတဲ့ သရဲနဲ့ ည ည ဘယ်လို ပျော်အောင် အိပ်နိုင်မှာလဲ။ ကလေးတွေနဲ့ ကြုံရင်လည်း လန့်ကြမှာပဲ"

"တစ်ခု ... အကောင်အထည်မပြသေးလို့ တော်သေးတယ်၊ ဒီလိုလုပ်ကြရအောင် မင်းရွာထဲကို သွားပြီး လက်ဖက်၊ နှမ်း၊ ကြက်သွန်ကြော် သွားဝယ်ခဲ့ လက်ဖက်ပန်းကန်နဲ့ တင်မြှောက်ပသပြီး တောင်းပန်ကြည့်ရအောင်"

ဒေါ်ခင်မြလည်း အိမ်ဆိုင်ရှိရာသို့ ထွက်သွားသည်။

ခဏကြာတော့ ပြန်ရောက်လာသည်။

အိမ်ထဲဝင်ပြီး လက်ဖက်သုပ်လိုက်သည်။

ကြွေပန်းကန်တစ်ချပ်ထဲထည့်ပြီး အိမ်ပြင်ထွက်လာသည်။

"တဲ လက်ဖက်သုပ်ပြီးပြီ ရှင်ဘာလုပ်မှာလဲ"

ဦးလှိုင်လည်း လက်ဖက်ပန်းကန်ကို ယူ၍ အိမ်တံစက်မြိတ်အစွန်းရှိ ရေထည့်သော စဉ့်အိုးကြီးအဖုံးပေါ်သို့ ပန်းကန်ကို





တင်လိုက်သည်။

တတ်သမျှ မှတ်သမျှ ပါးစပ်က ရွတ်ဖတ်ပြောဆိုနေတော့သည်။

"ကျွန်တော်မျိုး၊ ကျွန်တော်မျိုးမတို့ကို မည်ကဲ့သို့ မကျေမနပ်သောအကြောင်းကြောင့် လာရောက်ခြောက်လှန့်နေရပါသလဲ"

"ကလေးတွေအတွက် ကြာလျှင် ဒုက္ခရောက်ရမှာပါ။ အခုကဲ့သို့ ခြောက်လှန့်ခြင်းမပြုပါနှင့်၊ အမှားများရှိခဲ့လျှင် အမိုက်အမဲများမို့ ခွင့်လွှတ်တော်မူပါ။ လွန်တာမှားတာရှိရင်လည်း သည်းခံပေးတော်မူပါ"

ထိုသို့ တောင်းပန်ခဲ့ပြီး အိမ်သို့ပြန်လာ၍ ထိုင်ကာစပင်ရှိသေးသည် အိမ်အတွင်းခေါင်မိုးအပေါ်ဆီမှ အသံနက်ကြီးတစ်သံ ထွက်လာသဖြင့် ထိတ်လန့်စွာ မော့ကြည့်လိုက်မိသည်။

"တဲ့ကောင် လှိုင် မင်းတော်တော်ကြောက်သွားပြီလားကွ"

လူမမြင်ရတဲ့ အသံသြသြကြီးတစ်သံ ကြားလိုက်ရသဖြင့် ဦးလှိုင်နှင့် ဒေါ်ခင်မြတို့ ပါးစပ်အဟောင်းသားဖြစ်ပြီး ကြက်သေသေကာ အံ့သြနေကြသည်။

"မင်းကြောက်သလားကွ"

"တုတ် တုတ်ကဲ့ ... ကြောက်ပါတယ်ဗျာ ကြောက်ပါတယ်"

"မင်းတို့က ငါ့ကို ... ဘယ်သူလို့ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမှန်းမိပါဘူး ... အမှန်ဖွင့်ပြောမှ သိရမှာပါ"

"ငါက ခင်မြရဲ့ အရင်ယောက်ျား ဘိုးလှူပဲ ..."

"တုတ် ... တုတ်ကဲ့ သိရပါပြီ။ အသံကသြနေတော့ မမှတ်မိတာကို ခွင့်လွှတ်ပါ"

"တဲ ... တဲ ငါက မင်းတို့ကို ကြောက်လန့်အောင် လုပ်ပြီး နောက်ပြောင်မိတာပါ။ ငါ့ကို မကြောက်ကြပါနဲ့။ ငါက "ရွှေလောင်း"သိုက်လို့ခေါ်တဲ့ သိုက်မှာ အစောင့်သဘက်ကြီးဖြစ်နေတာ၊

ငါ့မှာ သူငယ်ချင်းကောင်မလေးတွေ ရှိတယ်။ မင်းတို့ပျင်းရင် သူတို့ကိုပါ ခေါ်ခဲ့ရမလား"

"မ ... မခေါ်ပါနဲ့ ... ဦးဘိုးလှူတစ်ယောက်ထဲနဲ့တောင် အသက်ထွက်မတတ် ကြောက်လန့်ခဲ့ရပါတယ်။ အဖော်တွေတော့ ခေါ်မလာပါနဲ့"

"တဲ ... တဲ အလကားစကားပါ။ မခေါ်ခဲ့ပါဘူးကွ"

"ငါ သိုက်ထဲရောက်ရောက်ချင်း အပြင်ထွက်ခွင့်မရလို့ မင်းတို့ဆီကို မရောက်တာ။ အခု ငါအပြင်ထွက်ခွင့်ရပြီ မင်းတို့ဆီ မကြာမကြာ လာခဲ့မယ်"။

"ငါ့ရဲ့ကလေးတွေကို မကြာခင် ရှင်ပြုနိုင်အောင် မင်းတို့





ကြိုးစားရမယ်။ ငါလည်း ဝိုင်းကူပြီး စောင့်ရှောက်ပေးမယ်"

"တဲ့ ခင်မြ ငါရောက်လာလို့ နင့်လင်ငယ်ကို မျက်နှာပူနေတာလား။ မင်းတို့လင်မယားကို ငါဘာမှ အနှောင့်အယှက်မပေးပါဘူးကွာ"

"ငါ့ကလေးတွေနဲ့အတူ ပျော်ပျော်ပါးပါး နေချင်သေးတယ်။ ငါရောက်လာလို့ မင်းတို့စိတ်ပျက်မနေကြနဲ့။ ငါက ကလေးတွေနဲ့ပဲနေမယ်"

"ဒီည ဘယ်သူမှ လာမအိပ်စေနဲ့၊ ငါဘယ်သူ့ကိုမှ မခြောက်လှန့်တော့ဘူး"

ဒေါ်ခင်မြမှာ ရုတ်တရက် ယခုလိုလာရောက်ခြောက်လှန့်နေခြင်းမှာ ခင်ပွန်းဟောင်း ဦးဘိုးလှူပင် ဖြစ်ရမည်ဟု ထင်သည့်အတိုင်း ဖြစ်လာခဲ့သည်။

ယခင်က အကြောင်းများကို ပြန်မြင်ယောင်မိပြီး မျက်ရည်များပင် စီးကျလာခဲ့သည်။

* * * * *

ရပ်ကွက်အတွင်းက လူတစ်ချို့လည်း သဘက်ကြီးအကြောင်း သိကုန်ကြသလို ဦးလှိုင် ဒေါ်ခင်မြနှင့် ကလေးများလည်း သဘက်ကြီးအကြောင်းသေချာသိသွားသဖြင့် အကြောက်အလန့်မရှိကြတော့။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာ လူကြီးနှစ်ယောက်နှင့် ကလေးများ အတူတူ ထမင်းစားနေပါက ဟင်းပန်းကန်ထဲမှာ တစ်မျိုး ကလေးများ ပန်းကန်ထဲသို့ ရောက်တုန်သည်။

ကလေးများကလည်း ကွယ်လွန်သွားသော မိမိတို့၏ ဖခင် သဘက်ကြီးဖြစ်နေသည်ကို သိသဖြင့် အကြောက်အလန့်မရှိဘဲ မမြင်ရသော သဘက်ကြီးကြောင့် ထမင်းစားသည့်အခါတိုင်း ဟင်း များများစားရ၍ ပျော်ရွှင်၍ပင် နေကြသည်။

နောက်နေ့ ဒေါ်ခင်မြက ရွာထဲမှ ပြန်လာသော ဦးလှိုင်က ဝက်သားဝါးဆယ်သားဝယ်လာသဖြင့် ရှာတ်သီး စပ်စပ်လေးနှင့် ဆီပြန်ချက်ထားသည်။

ဦးလှိုင်က ခြံထဲမှာ နှမ်းများ အစေ့ခွေချနေသည်။ နေ့ခင်း ရောက်ပြီး ထမင်းစားမည်ဟု ပြင်လိုက်စဉ် ဟင်းအိုးထဲမှာ ဝက်သား တင်း တစ်တုံးမှ မရှိတော့။

ဗိုက်ဆာဆာနှင့် ထမင်းစားမည်ပြင်လာသော ဦးလှိုင်လည်း မျက်နှာဝယ်ဝယ်နှင့် ထိုင်နေသော ဒေါ်ခင်မြကိုမြင်၍ ဝက်သား တင်းအိုးကို ကြည့်လိုက်ရာ သဘောပေါက်သွားသည်။

ဒေါ်သပေါက်ကွဲပြီ။

"သေချင်းဆိုး ဘိုးလှ သဘက်ကြီးရှိသမျှ အတုန်စားပစ်

တယ်။ ဒီအတိုင်းဆိုကူညီရမရောက်တဲ့အပြင် နှက္ခပေးသလို ဖြစ်နေပြီ သေချင်းဆိုးသရဲ"

"တော့ကောင် ငလှိုင် မင်းက မလေးမစားနဲ့ ငါ့ကို ခေါ်သလား ကွ၊ ငါစဥ်အရရော၊ အသက်အရရော၊ ငါက မင်းထက်ကြီးတယ် လေကွာ၊ ရိုရိုသေသေ ဆက်ဆံစမ်းပါကွ"

"ငါက ဝက်သားဆို သိပ်ကြိုက်တာကွ၊ ငါကြိုက်တဲ့ အစား အစာကို မင်းတို့က ချက်ထားတော့ မနည်းထိန်းပြီး စားရတာ"

"ငါစားတာက မင်းတို့လင်မယားနှစ်ယောက်စာပါ၊ ကလေး တွေအတွက် ဟိုတောင်းအောက်မှာ ခွဲခပ်ထားပြီး အုပ်ထားတယ်"

ဒေါ်ခင်မြက တောင်းကို လှန်ကြည့်လိုက်ရာ၊ တောင်းအောက် မှာ ဟင်းပန်းကန်တွေ့သဖြင့် တစ်အိမ်သားလုံး မျှပြီး စားလိုက် ကြရတော့သည်။

ညနေရောက်သောအခါ ဝက်အော်သံကြား၍ ဦးလှိုင် ခြံထဲ အလုပ် လုပ်နေရာမှ လှမ်းကြည့်လိုက်သည်။

"တင်"

"ဘယ်လိုဖြစ်လာတာလဲ ဝက်ကြီး အရွတ်တိုက်ရွေ့လာပါ လား။ တင်း ... သဘက်ကြီးကိုဘိုးလှ ဝက်ကြီးသတ်ပြီး ဆွဲလာတာဖြစ်မယ် ပြသနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်အတွင်းရှိ လူများ မြင်ရသည်က ဝက်ကြီးကို ဆွဲလာသည့်တန် အရှက်တိုက်ရှေ့ရှားနေပြီး လူကို မမြင်ရ၍ အံ့ဩကြောက်လန့်နေသည်။

"တော့ မခင်မြ ခြံရှေ့မှာ မင်းလူကြီး လုပ်ချလာပြန်ပြီထင်တယ်။ ငါတော့ မျက်ခုံးလှုပ်နေပြီ"

ထိုအချင်းအရာကို မြင်၍ ဦးလှိုင်လည်း အလုပ်ကို ထားခဲ့ပြီး အိမ်ရှေ့သို့ လှည့်ထွက်လာခဲ့သည်။

ထင်သည့်အတိုင်းပင် အိမ်ရှေ့ကပြင်ပေါ်သို့ ဝက်သေကောင်ကို ပစ်ချလိုက်သည်။

လူမမြင်ရဘဲ အသံကြားလိုက်သည်။

"ကဲ လှိုင်ကပ်စေးနဲကောင် ငါဝက်တစ်ကောင် ယူလာတယ်။ မင်းတို့လည်း အဝစား၊ ကလေးတွေကိုလည်း အဝကျွေး၊ ငါလည်း စားမယ်။ ဝါ့ကိုတော့ ဝက်ကလီစာ ချက်ကျွေး"

"ပြီးတော့ ဟိုဝက်ပိုင်ရှင်ကိုလည်း ဝက်ဖိုးပေးလိုက်ကြဦး တုတ်လား သူတို့လိုက်လာကြလိမ့်မယ်"

မကြာခင် ခြံရှေ့မှ ဝက်ပိုင်ရှင်လည်း မရဲတရဲနှင့် ရပ်ကြည့်နေသည်။

"ဗျို့ ကိုအေးသိန်း ... ဝင်လာခဲ့လေဗျာ"





"ကိုလှိုင် ခင်ဗျားတို့ဝက်တစ်ကောင်လုံး ဘယ်လိုစားလို့ကုန်မှာလဲ၊ နိုင်သလောက်ယူလိုက်ဗျာ"

"တစ်ဝက်ပြန်ယူသွား ကျသလောက် ရှင်းပေးမယ်။ ခင်ဗျားနဲ့ ကျုပ် ဝက်ကိုင်လိုက်ရအောင်"

ဝက်ရှင်နှင့် ဦးလှိုင်တို့ ဝက်ကိုဖျက်ပြီး တစ်ဝက်စီခွဲယူလိုက်ပြီး ဦးလှိုင်က ကလီစာများ ယူလိုက်သည်။

ဝက်ပိုင်ရှင်တောင်းသည့် ကျသင့်ငွေကို ပေးလိုက်သည်။ ဝက်တစ်ကောင်လုံး မဝယ်ဖြစ်လိုက်၍ ဦးလှိုင် အသက်ရှူ ချောင်သွားသည်။

* * * * *

ယာများသိမ်းစပြုပြီ အချို့ယာခင်းများက မသိမ်းကြသေး။ ဦးလှိုင်က နှမ်းတစ်မျိုးတည်းစိုက်၍ နှမ်းများ ရိတ်သိမ်းပြီးပေပြီ။

သူပိုင် လယ်ငါးဧက ရှိသည်။ ကိုင်းသီးနှံစိုက်၍ ရသည်က သုံးဧကသာရှိ၍ သီးနှံတစ်မျိုးတည်းသာ စိုက်သည်။

နွားနှစ်ကောင် အလုပ်တာဝန် မရှိတော့သဖြင့် နွားများကို လွှတ်ကျောင်းရန် အလတ်ကောင်နှင့် သူ့အောက်ကောင်တို့ နှစ်ယောက်ကို ခိုင်းလိုက်သည်။

ကလေးတွေဆိုတော့ နွားတွေကို ဂရုတစိုက်မကြည့်တဲ့ သစ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်တောင်းကောင်းအောက်မှာ ကစားနေကြသည်။

သူတို့ကစားနေသည့်အချိန် နွားများက ယာခင်းတစ်ဝက်ကို ဝင်စားသွားတော့သည်။

ယာခင်းပျက်စီးသွားသဖြင့် ယာခင်းရှင်က သူကြီးသွားတိုင်လေတော့သည်။

နွားရော ကလေးများက သူကြီးအိမ်ကိုခေါ်သွားပြီး သွားတိုင်ရာ ဦးလှိုင်နှင့် ဒေါ်ခင်မြတို့အားခေါ်ပြီး အဆုံးရိုက်လိုက်သည်။

အိမ်သို့ပြန်ရောက်သောအခါ ဦးလှိုင်က စိတ်ဆိုးလွန်းသဖြင့် ရိုက်မည်ဟု လုပ်တော့သည်။

"တော့ကောင် လှိုင် ... မင်းကလူကြီးဖြစ်ပြီး ကလေးတွေကို ဆဲရလား။ မင်းရိုက်ဝံ့ရိုက်ကြည့်စမ်း။ အလကား တိုယ်တိုင်တော့ မလုပ်ဘူး။ ကလေးတွေကို ဘာကြောင့်ခိုင်းရတာလဲ၊ မင်းကိုယ်တိုင် ကျောင်းပါလား"

"တောက် ငါစိတ်ရှိတိုင်း ထလုပ်လိုက်ရ သေတော့မယ်"

သဘာက်ကြီး စိတ်ဆိုးဒေါကန်နေသဖြင့် အားလုံးကြောက်လန့်နေကြသည်။

ထိုသို့ဖြစ်ပြီး မကြာခင်မှာပင် ကလေးတွေကျောင်းသော နွားနှစ်ကောင်က ယာခင်းအတွင်း ဝင်စားပြန်သည်။ ထိုအခါ ယာခင်းရှင်က သူကြီးအိမ် မရောက်ချင်ရင် ယခုလျော်ပေးရမည်ဆိုပြီး ဦးလှိုင်အိမ်သို့ လိုက်သွားသည်။

ထိုအချိန် ဦးလှိုင်မှာ အလျော်ပေးစရာ လက်ထဲမှာ ပိုက်ဆံမရှိ ဖြစ်နေသည်။ စိတ်ညစ်ညစ်နှင့် ကလေးများကို ဆဲဆိုပစ်တင်နေပြန်သည်။

"တောက် ... မင်းတို့ တယ်ခက်ပါလား။ အရင်က သူကြီးအိမ်ရောက်လို့ အလျော်ပေးလိုက်ရသေးတယ်။ အခုလည်း သေသေချာချာမှာလိုက်ရဲ့သားနဲ့ နွားတွေက ဝင်စားရပြန်ပြီတဲ့ ခုတွေပါပဲတွေ"

ထိုအခါ နားအနီးကလူမတွေ့ရဘဲ ... အသံကြီးကြားလိုက်ရသည်။

တဲ့ကောင် ... လှိုင် နောက်ကို ... ယာခင်းထဲနွားတွေ မဝင်အောင် ငါကလေးတွေနဲ့လိုက်ပြီး နွားအတူကျောင်းပေးမယ်။ မင်းရဲ့ ညည်းသံ ငါမကြားချင်ဘူး။ တကယ်ငှက်ဆိုးထိုးနေတဲ့အတိုင်း ညည်းနေတာပဲ။

သဘာက်ကြီး၏အပြစ်တင်သံကိုကြားလိုက်ရသော ယာခင်းရှင်လည်း အလျော်အစားငွေကို မတောင်းတော့ဘဲ တောင်းပန်ပြီး ပြန်ရန် ဖြင်တော့သည်။






www.burmeseclassic.com

www.burmeseclassic.com



“ဦးလှိုင်ရယ် စိတ်ထဲထားမနေပါနဲ့တော့။ အလျော်အစားလည်း မယူတော့ပါဘူး … ကျုပ်ပြန်ပါဦးမယ်”

“ဟုတ်ကဲ့ … ဟုတ်ကဲ့၊ နောက်ကို အခုလိုမဖြစ်စေရပါဘူး၊ ကျေးဇူးတင်ပါတယ်ဗျာ”

ယာခင်းရှင်လည်း ကြောက်ကြောက်နှင့် ပြန်ခဲ့တော့သည်။ ထို့နောက် ယာခင်းများအတွင်း နွားများဝင်စားသည်ကို မကြားရတော့ချေ။

* * * * *

“မခင်မြရေ လာပါဦး အိမ်နောက်ဘက်ကို”

“ဘာခိုင်းစရာရှိလို့လဲ … အကြီးကောင်မရှိဘူးလား … ထမင်းအိုးငှဲ့နေတယ်”

“မရှိဘူး ဘယ်လျှောက်ကစားနေလဲ မသိဘူး။ ဒီမှာ အိမ်က ကြက်မသုံးကောင်၊ ကြက်ထီးငါးကောင်။ အခု ကြက်ထီး လေးကောင်ပဲ ရှိတော့တယ်”

“ကြက်ထီးတစ်ကောင် ပျောက်နေတယ် … အနံ့ရှာပြီးမြို တွေ့ဘူး”

“ခြေရင်းမြို ခေါင်းရင်းခြံ တစ်ခြံခြံများ ရောက်နေလားမှမသိတဲ”





“ငါ့ကြက်ရှစ်ကောင်က ဘယ်မှာခွဲနေဘူးလို့လဲ”

“တောက် အိမ်ကကောင်တွေကလည်း ရှာရိုးကိုးပေါက် လျှောက်လည်ဖို့ပဲ တတ်တယ်၊ အိမ်မှာ ဘာမှအားမကိုးရဘူး”

ဒေါ်ခင်မြ ထမင်းအိုးမီးဖိုပေါ်မှာ နှပ်ထားလိုက်ပြီး အိမ်အောက်သို့ ဆင်းလာသည်။

ဆန်စေ့အနည်းငယ်ကျဲပတ်လိုက်ပြီး …

တီ … တီ … တီ … တီ …

ပါးစပ်က တီတီသံပေး၍ ကြက်များကိုခေါ်လိုက်ရာ ကြက် ခုနစ်ကောင် သူ့အနားဝိုင်းလာပြီး ဆန်စေ့များစားတော့သည်။

“တောက် … ဘယ်သေချင်းဆိုး လက်ကမြင်းတဲ့ကောင်တွေ ငါ့ကြက်ကို လေးငွနဲ့ပစ်ပြီး ခိုးစားသွားတာဖြစ်မယ်။ တွေ့လို့ကတော့ အသေပဲ”

“တဲ့ကောင် … လှိုင် … မင်းအသံ လူကြားတယ်။ ကြက်တစ်ကောင်ပျောက်တာများ ကမ္ဘာပျက်တဲ့အတိုင်းပဲ။ ငါရွာထဲမှာ လိုက်ရှာပေးမယ်”

အသံပျောက်သွားပြီး ခဏအကြာ ကြက်လုနီးပါးရှိနေသော ကြက်သားဟင်းအိုးကြီး လူမမြင်ရဘဲ အိမ်ထဲဝင်လာသည်။

“တော့ကောင် … ဒီ မင်းအိမ်က ကြက်ကိုချက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



တင်းပဲ ... ကလေးတွေစားချင်လို့ ခိုးစားတာပါ။ ငွေလည်း ယူမနေပါနဲ့။ ငါလည်း နည်းနည်းတော့ ခြောက်လှန့်ခဲ့သေးတယ်။ မင်းတို့တင်းအိုးရရင် ပြီးပြီမဟုတ်လား"

တင်းအိုးကို အိမ်ရှေ့ကပြင်ပေါ် တင်ပေးလိုက်သည်။

ထိုအချိန် ခြံထဲသို့ ကလေးအဖေနှင့် အမေဖြစ်နိုင်သော လင်မယားနှစ်ယောက် မျက်နှာသေများဖြင့် ဝင်လာသည်ကို တွေ့လိုက်သည်။

"အစ်ကိုလှိုင်နဲ့ အစ်မတို့ ကလေးအမိုက်အမဲမို့ အပြစ်မယူပါနဲ့။ နောက်ကို အခုလို မဖြစ်စေရပါဘူး။ ဒီမှာ ကြက်ဖိုး တစ်ထုပ်။ ဒီလောက်နဲ့ ကျေနပ်ပါ ... နည်းတယ်များတယ်မမှတ်ပါနဲ့"

ကလေးဖခင်က တောင်းပန်ပြီး ပိုက်ဆံတစ်ထုပ်ပေးလိုက်သဖြင့် ဦးလှိုင်က လှမ်းယူလိုက်သည်။

"တဲ့ကောင် မင်းတယ်လောဘကြီးတာပဲ ... ကလေးတွေ ညားလို့လည်း တောင်းပန်ပြီးပြီ။ အခုမင်းရဲ့ ကြက်သားဟင်းတစ်အိုး သုံးလည်း ပြန်ရပြီးပြီ။ အခုပိုက်ဆံကို မက်နေရလားကွ၊ မင်း သူမဟုတ်ဘူး၊ ပြန်ပေးလိုက်"

ထိုအသံကို ကြားသည်နှင့် ကလေးမိဘများလည်း ကြောက် ဆည့်စိတ် အနည်းငယ်လျော့သွားကာ သဘောကြီးကို အကောင်း





အထည်မပြင်ကြရသော်လည်း ကျေးဇူးတင်သည့်စိတ်ဖြစ်ပေါ်လျက် ပျော်ရွှင်စွာ ပြန်သွားသည်။

ထို့နောက် ညစာကို ကြက်သားဟင်းနှင့် စားဖြစ်ကြတော့သည်။

ကြက်သားဟင်းကို ကလေးငါးယောက်နှင့် လူကြီးနှစ်ယောက် စားရင်းစားရင်းနှင့်ပင် တဖြည်းဖြည်း နည်းနည်းလာသည်။ ရေနွေး သောက်ရင်း စကားထိုင်ပြောနေကြသည်။

ကလေးများက အိပ်ရာထဲမှာ မအိပ်ကြသေးဘဲ စကားများ တစ်ယောက်တစ်ပေါက်ပြောရင်း ငြင်းခုံနေကြသည်။

ထိုအချိန် အသံတစ်သံကြားလိုက်သည်။

"တဲ့ လှိုင်နဲ့ခင်မြ၊ နင်တို့လင်မယား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရင် အရာအားလုံးမေ့နေတော့တာပဲ။ ငါမပြော လိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ ဦးဘိုးလှရဲ့"

"တဲ့ ငါမင်းတို့ကို ကလေးသုံးယောက် ရှင်ပြုပေးဖို့ ပြော ခဲ့တယ်မဟုတ်လား"

"အခုအချိန်ထိ ကလေးတွေကို ကျောင်းထားဖို့ မကြံစား သေးဘူး။ မိုးကုန်ရင် ကလေးတွေကို ရှင်ပြုပေးရမှာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ကျောင်းပို့ဖြစ်အောင်ပို့"

"နင်တို့တယ်လည်း အပူအပင်မရှိကြတာပဲ။ နွားကျောင်းပေးနေလို့ မင်းတို့ဘက်သာတယ်ဆိုပြီး မှိန်းနေကြတာလား"

"နောက်ကို ကလေးတွေကို မခိုင်းနဲ့။ ငါ သူတို့အစားလုပ်ပေးမယ်"

လင်မယားနှစ်ယောက်ကလည်း သဘက်ကြီး သတိပေးမှ ရှုပ်ပြုရန် သတိရသွားသည်။

"ဟုတ်ပ ... မခင်မြရယ် ... ကလေးတွေ ဘုန်းကြီးကျောင်းသွားအပ်မှဖြစ်တော့မယ် ... ဘုန်းကြီးကျောင်းသွားရင်း ဆွမ်းတော်နဲ့ ထမင်းချိုင့်လေး ပါသွားမှဖြစ်မယ်။ မနက်စောစော စီစဉ်လိုက်၊ နေ့ဆွမ်းအမီ ကျောင်းသွားအပ်ကြမယ်"

နေ့ဆယ်နာရီခန့်ရောက်တော့ ဘုန်းကြီးကျောင်းသွားရန် ဆွမ်းနှင့်ဆွမ်းဟင်းတစ်ချိုင့် စီစဉ်ထည့်ပြီးပြီ"

"ကဲ သွားကြမယ်"

"နေဦး ကျုပ်တို့ချည်းပဲ သွားလို့မဖြစ်ဘူး၊ သူ့ကိုလည်း တရားနာနိုင်အောင် ခေါ်သွားဦးမှ"

"ကောင်းတယ် မင်းပဲခေါ်လိုက်"

"ကိုဘိုးလူ ကလေးတွေ ကျောင်းသွားအပ်တော့မယ်...





ကျောင်းကိုလိုက်ခဲ့ပြီး တရားနာပါ။ အမျှဝေရင် သာဓုခေါ်ပါ"

ဒေါ်ခင်မြက အသံထွက်ပြီး ပြောလိုက်ရာ စိတ်မကောင်းသော အသံကြီးကို ကြားလိုက်သည်။

"တဲ့ လှိုင်နဲ့ ခင်မြတို့ မင်းတို့ပဲသွားကြပါ။ ငါက ကျောင်းထဲ လိုက်ဝင်နိုင်တဲ့ ဘဝမျိုးမဟုတ်ဘူး၊ ငါ့အကြောင်းက ဆိုးလှပါတယ်"

"ငါက ... ကလေးတွေနဲ့အတူ လိုက်ချင်ပေမယ့် လိုက်လို့မရဘူး။ မင်းတို့ပဲသွားကြတော့ ငါ ဒီကပဲ သာဓုခေါ်လိုက်တော့မယ်"

မချိသောအသံ၊ ဝမ်းနည်းသောအသံတို့ဖြင့် ပြောသည်ကို ကြားရသောအခါ ဦးလှိုင်မှာ လွန်စွာစိတ်မကောင်းဖြစ်သွားပြီး ဒေါ်ခင်မြက မျက်ရည်များ တစ်ပေါက်ပေါက်ကျလာတော့သည်။

ကလေးများကလည်း သိတတ်သောအရွယ်ဖြစ်သဖြင့် အမေနှင့် အတူ ရောလျက် ငိုကြတော့သည်။

* * * * *

ကလေးများ ကျောင်းထားပြီး တစ်လခန့်အကြာ သဘက်ကြီးပျောက်နေရာက ညနေငါးနာရီခန့် အိမ်ခြံဝင်းထဲသို့ တဘုန်းဘုန်းနှင့် ပြေးဝင်လာသော အသံများကြားလိုက်ရသည်။

"ဟောတဲ ... ဟောတဲ ... ဟောတဲ"



www.burmeseclassic.com

www.burmeseclassic.com



လူကို မမြင်ရပါဘဲ ... အမေဆိုက်သည့်အသံကြီးကို ဦးလှိုင်နှင့် ဇော်ခင်မြတို့ ကြားနေရသည်။

"တူး မောလိုက်တာ"

"ခင်မြ ... ငါ့ကို ရေဖလားနဲ့ ရေအေးအေးတစ်ခွက် အပြည့်ခပ်ပေးစမ်း"

ဇော်ခင်မြလည်း အိမ်မှာသုံးသော ရေဖလားခွက်ကြီးထဲသို့ သောက်ရေအိုးနှင့် ငါးခွက်ခန့် ခွက်ပြည့်အောင် ခပ်ထည့်ပြီး တမ်းပေးလိုက်သည်။

လူကိုမတွေ့ရဘဲ ရေဖလားခွက်ကြီးအားလှမ်းယူပြီး ဇော်ခင်မြ အရပ်ထက် နှစ်ပေခန့်အမြင့်သို့ မြင့်တက်သွားတာ ရေဖလား စောင်း၍ သောက်နေသည်။

ရေများမဖိတ်မစင်ဘဲ ဖလားခွက်ထဲမှ ကုန်သွားသည်ကိုလည်း တွေ့ရသည်။

သဘက်ကြီး၏ အရပ်ကိုလည်း မှန်းဆိလိုက်သည်။ သူတို့အရပ် ထက် သုံးပေခန့် ပိုမြင့်သည်တုလည်း ထင်လိုက်သည်။

"တဲ ပြောပါဦး ဘယ်လိုဖြစ်လာတာလဲ"

"ငါစောင့်တဲ့ ရွှေလောင်းသိုက်က နှစ်တို့ဆီ ခဏပြန်လာတဲ့ အချိန် ဒီရွာအဝင်မှာ ဓားပြရှစ်ယောက် ရွာကို ဓားပြတိုက်မယ်ဆိုပြီး



တိုင်ပင်နေကြတယ်"

"ငါလည်း သူတို့ပြောသံကြားတာနဲ့ သရဲလိုခြောက်လွှတ် တယ်။ သစ်ပင်သစ်ကိုင်းတွေ လှုပ်ပြခြောက်လှန့်ခဲ့တယ်။ သူတို့တာ နောက်ကြောင်းပြန်လှည့်မပြေးဘဲ ရွာထဲကို ပြေးတာနဲ့ နောက်က သစ်ကိုင်းနဲ့လိုက်ရိုက်တာ ငါးယောက်ရိုက်မိပြီးမေ့လဲနေကြတယ်။

"သူကြီးကိုသွားပြောပြပြီး ဖမ်းခိုင်းလိုက်ကြ"

သဘက်ကြီးပြောစကားကြောင့် ဇော်ခင်မြလည်း သူကြီးကို သွားပြောပြလိုက်သဖြင့် လူစုပြီးသွားဖမ်းကြရာ လူဆိုးလေးယောက် ကို ဖမ်းမိလိုက်သည်။

သဘက်ကြီးက ငါးယောက်ပြောပေမယ့် တစ်ယောက်တာ သတိရပြီး ထွက်ပြေးသွားသည်။

ဖမ်းမိလိုက်သော ဓားပြလေးယောက်ကို ထိမ်တုံးမှာ ထည့်ပြီး စစ်မေးရာ မပြောသဖြင့် ပုလိပ်လက်သို့ အပ်လိုက်သည်။

ပုလိပ်များ စစ်မေးသောအခါ ကျန်ဓားပြများ ပေါ်ကုန်ပြီး အခြားရွာများကို ဓားပြတိုက်သည့်အကြောင်းပါ ပေါ်လာတော့သည်။

ရွာသားတို့လည်း သဘက်ကြီးကို ကျေးဇူးတင်လွန်းသဖြင့် စားစရာများ မုန့်ပဲသွားရည်စာများကို လာပို့ပေးသည်။

သဘက်ကြီးကလည်း ရွာသားများနှင့် ရွာကိုကြည့်ရှုစောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှောက်ပေးမည့်အကြောင်း ပြောပြသည်။

ရှာသားတို့၏ နွားများကိုလည်း ကူညီကျောင်းပေးမှုကြောင့် ရှာသားတို့ ကျေးဇူးအထူးတင်ကြသည်။

* * * * *

နှမ်းသိမ်းချိန်ရောက်ပြီ၊ နှမ်းများရောင်းချပြီးပါက၊ ကလေးများကို ရှင်ပြုအလှူလုပ်ပေးမည်ဟု ဆုံးဖြတ်ထားသည်။

ရှေ့ပိုင်း ခြွေလှေ့ပြီးသော နှမ်းများကို မြို့သို့တက်ရောင်းရန် လှည်းတစ်စီးနှင့် ထွက်ခဲ့ကြသည်။

ဦးလှိုင်နှင့်အတူ သဘက်ကြီးပါ လိုက်လာခဲ့သည်။ မြို့အဝင်နား ရောက်တော့ သဘက်ကြီးအသံ ထွက်လာသည်။

“ဗိုးလှိုင် ... မြို့ထဲကို မင်းပဲသွားတော့။ ငါတော့ မြို့ထဲကို လိုက်လို့မဖြစ်ဘူး။ မြို့စောင့်နတ်က တားနေတယ်”

“ကျုပ်မြို့စောင့်နတ်ကို တောင်းပန်ပေးမယ်”

“အဲဒိုလည်း တောင်းပန်ကြည့်လေ သူခွင့်ပြုရင် ငါလိုက်ခဲ့မယ်”

ဦးလှိုင်လည်း မဆိုင်းမတွပင် မြို့စောင့်နတ်မင်းအား တောင်းပန်ကြည့်သည်။

“အသင်မြို့စောင့်နတ်မင်းနှင့်တကွ၊ မြို့ကိုစောင့်ရှောက်ကြသူ အပေါင်းတို့၊ ကျွန်ုပ်၏ မိတ်ဆွေအား မြို့အတွင်း ခေတ္တခဏမျှ





ကျွန်ုပ်နှင့်အတူ ဝင်ခွင့်ပြုစေလိုပါသည်။ ပြန်လျှင်လည်း အတူပြန်ပါမည်။ မြို့ထဲမှာ အဘယ်သို့သော အနှောင့်အယှက်ကိုမျှ မပြုစေရပါဟု ဂတိပြုပါသည်။

လှည်းပေါ်မှရပ်ပြီး အော်ဟစ်ကာ တောင်းပန်လိုက်သည်နှင့် သဘက်ကြီးထံက အသံကြားလိုက်ရသည်။

“ကျုပ်လိုက်လို့ရပြီ နတ်မင်းတွေက ခွင့်ပြုလိုက်ပြီ”

“ကဲ ... လိုက်ခဲ့ပေတော့ မောင်းပြီ”

နှမ်းအဝယ်ဒိုင်သို့ ရောက်ခဲ့ပြီ။

နှမ်းအိတ်များကို လှည်းပေါ်မှ ချကြသည်။

နှမ်းကို ကတ္တားနှင့်ချိန်သည်။

နှမ်းကို ကတ္တားနှင့် ချိန်သောအခါ ခါတိုင်း ယခုနှမ်းအိတ် အတိုင်း သွားရောင်းခြင်းဖြစ်သည်။

အိတ်အရေအတွက် အတူတူရောင်းချလျက်နဲ့ ယခုအလေးချိန်က အတော်ပိုနေသည်။

နှမ်းဝယ်သူများကလည်း မယုံနိုင်ဖွယ်အလေးချိန်ကြောင့် ခုံး ကြိမ်သုံးခါပင် ချိန်ကြည့်သည်။

ဒီလောက်အလေးချိန်များရသည်မှာ နှမ်းများစိုခြင်းကြောင့်သာ ဖြစ်ရမည်ဟု ဆုံးဖြတ်ပြီး နှမ်းများကို စစ်ဆေးရာ စံချိန်မှီနှမ်း



www.burmeseclassic.com

www.burmeseclassic.com



အစိုးတက် မရှိကြောင်းတွေ့ရသည်။ သို့ကြောင့် အလေးချိန်အတိုင်း ငွေရှင်းလိုက်သည်။

ယခင်နှစ်ထက် ငွေတစ်ဝက်ခန့် ပိုရသဖြင့် ဇနီးဖြစ်သူအား ယခင်ရောင်းရငွေ '၇၀'ကျပ်ထက် (၂၀)ကျပ်ပိုပြီး (၉၀)ကျပ် ပေးလိုက်သည်။

ဒါပေမဲ့ ဖေါခင်မြကလက်ကိုဖြန့်ထားပြီး

"ကဲ ကိုယ်တော်ကြီး ရှင်က နှမ်းရောင်းရငွေအကုန်လုံး ပြန်မအပ်ဘဲ ဘယ်မယားငယ်ကို ပေးမလို့ ချန်ထားခဲ့တာလဲ"

"ဟာ ဒီမိန်းမ ဒါတိုင်းရောင်းရငွေထက် နှစ်ဆယ်ပိုရလို့ တောင် ပေးပြီးပြီလေ"

"ဘာပြောတယ် ရှင် ခုနှစ်ဆယ်ပိုလာတာ ကျုပ်သိတယ်။ ရွာအဝင်က သစ်ပင်အောက်မှာ ငွေ (၅၀)ကျပ် ရှင်မြှုပ်ထားခဲ့တဲ့ အကြောင်း ကိုဘိုးလူက လာပြောသွားပြီးပြီ"

"တောက် ခွေးသူခိုးသရဲကောင် သူ့မယားကိုလာပြီး သံတော်ဦး တင်ထားတယ်"

"ဟေ့ကောင် မင်းပါးစပ်ကိုပိတ် ငါဆောင့်ကန်လိုက်လို့ အခု ဟာ ကလေးတွေ ရှင်ပြုမလို့ ငွေပိုရတော့ မကောင်းဘူးလား၊ အခု မင်းက ငါ့ကိုအနားထားပြီး ငွေကိုဖွက်လာဖွက်ရဲ့ ပြောမပြော





ချင်ဘူး"

ဦးလှိုင်လည်း ဖွက်ထားခဲ့သော ငွေငါးဆယ်ကျပ်ကို ပြန်ယူ ပေးလိုက်ရသည်။

နောက်ဆယ်ရက်ခန့်ကြာတော့ လက်ကျန်နှမ်းများကို သွား ရောင်းပြန်သည်။ ထိုအခါမှာ အမြတ်ရဖို့မပြောနှင့် ယခင်နှစ်က ရောင်းရသည့်ငွေထက်ပင် သုံးပုံတစ်ပုံခန့် နည်းပြီးရသည်။

ပြီးခဲ့သည့်နှစ် နှမ်းစျေးနှင့်ယခုနှစ်နှမ်းစျေးက အတက်အကျ မရှိ တူညီနေသည်။

သို့ကြောင့် အမြဲမှာ စိတ်ဓာတ်ကျပြီး စကားမပြောနိုင် ဖြစ်နေသော ဦးလှိုင်အား

"ဟေ့ကောင် မင်းတော်တော်လောဘကြီးတဲ့ကောင်ပါလား။ ငွေလေး နည်းနည်းလျော့ရတာနဲ့ စကားတောင် မပြောနိုင်တော့ ပါလား"

"အရင်အခေါက်က ငါကတ္တားပေါ် ခြေထောက်တစ်ချောင်းတင် လိုက်ရလို့ အလေးချိန်ပိုရပြီး မင်းပိုက်ဆံ ပိုရခဲ့တာ"

"အခု အခေါက်ကတော့ ငါက ကတ္တားပေါ်တင်ထားတဲ့ နှမ်းအိတ်တွေကို နည်းနည်းမပေးထားတာ၊ အလေးချိန်လျော့သွား လို့ နှမ်းပိုးရှုံးသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"အမြဲကိုယ့်ဘက်ကသာချင်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နှစ်ခေါက်ရတဲ့ငွေ ပေါင်းလိုက်ရင် မင်းကမြတ်ပါသေးတယ်။ ကျေနပ်လိုက်ပါတော့ကွာ"

"ကျုပ်က အကြောင်းမဟုတ်ဘူး။ ခင်ဗျားမယားကြီးကိုယုံအောင်ပြောပေးဦး။ ခင်ဗျားလုပ်ပုံတွေက အိမ်ပေါ်က အထုတ်ပိုက်ပြီး ဆင်းရမယ့်ပုံပဲ"

"ဟား ... ဟား ... ဟား ... ဒီလိုကြတော့ ကြောက်တတ်လိုက်တာ စိတ်ချပါ ငါတာဝန်ထားပါ"

ထို့နောက် ဒေါ်ခင်မြက ဘသက်ကြီးအား

"ကိုဘိုးလှူရယ် ပိုက်ဆံက ရှင်ပြုလောက်အောင် မရသေးပါဘူး။ ရှေ့နှစ်မှ ရှင်ပြုရင် မကောင်းဘူးလား"

"ဟဲ ... ခင်မြ ... ကလေးတွေ ရှင်ပြုတဲ့အရွယ် ရောက်နေပြီ။ ဘုန်းကြီးကျောင်းပို့ထားတာလည်း တစ်နှစ်ပြည့်တော့မယ်။ ဒါလည်း သိုက်မှာကိစ္စက များတယ်။ မကြာခင် သိုက်များ ပြောင်းရမလား မသိဘူး။ သတင်းတွေ ကြားရတာ မကောင်းဘူး"

"ငါစောင့်နေတဲ့သိုက်က အရိမေတ္တယျ ဘုရားရှင်ပွင့်တော်မူရင် ကျောင်းသင်္ကန်းတွေ ဆောက်လှူရမှာ၊ ဘုရားအတွက် ရည်စူးထားတဲ့ ရတနာပစ္စည်းတွေ ယူသုံးခွင့်မရှိဘူး"





"ဒါပေမဲ့ ငါ့ကိုယ်ပိုင်ငွေ (၁၅၀)လောက်ရှိသေးတယ်။ အဲဒီပိုက်ဆံကို အလှူမှာ သုံးဖို့ပေးမယ်"

ထိုသို့ ပြောပြီးသည်နှင့် ငွေဒင်္ဂါးပြားများက ချွင်ချွင်ကျလာသည်။ ရေကြည့်ရာ အပြားတစ်ရာ့ငါးဆယ်တိတိရှိသည်။

"နင်တို့ပိုက်ဆံနဲ့ ငါ့ပိုက်ဆံပေါင်းလိုက်ရင် အလှူလုပ်လို့ရပြီ။ အချိန်ဆွဲမနေကြနဲ့။ အလှူမှာပွဲလည်း ထည့်မယ်"

"အိုတော် ... သောက်စားမူးရစ်ရမ်းကားတဲ့လူက ပေါက ပေါ်ဘိသနဲ့၊ ပွဲမသွင်းတာ ပိုကောင်းတယ်"

"ပွဲမသွင်းလို့ မဖြစ်ဘူး ... မူးရစ်ရမ်းကားတဲ့ကောင်တွေ ငါခုံးမပြုမယ်၊ ဘာမှစိတ်မချဖြစ်[illegible]နဲ့"

ထိုသို့[illegible]ည်နှင့် ဒေါ်ခင်မြလည်း ငြင်းပယ်ရန် မဖြစ်တော့သည့်တွက် အလှူလုပ်ရန် ရက်[illegible]မှတ်လိုက်တော့သည်။

အလှူအတွက် ဗဟိုကွရာ ရှစ်ပါးဝယ်[illegible] ဘုန်းတော်ကြီးများအား လှူရန် လှူဖွယ်ပစ္စည်းများ ငါးခြောက်တောင်းချက်ရန်အတွက် ငါးခြောက်များဝယ်ရန် စာရင်းလုပ်ပြီး ပေးလိုက်သည်။

လိုအပ်သောပစ္စည်းများလည်း ဝယ်ရင်း ပွဲငှားရန် ဦးလှိုင်နှင့်အတူ ဦးစံတွား၊ ကိုတင်မောင်တို့ အဖော်အဖြစ် လိုက်သွားကြသည်။

ဒေါ်ခင်မြ၏ အိမ်တွင်ရှိသော ဝပါးများကို တစ်အိမ်ကျွင် တစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွဲစီ အလှူဆန်အဖြစ် ရောက်ရှိအောင်ကြိုတ်ရော် ထောင်းကြ၊ ပြာကြ ဖွတ်ကြနှင့် တောရွာထုံးစံအတိုင်း တစ်အိမ်ကို တစ်နိုင် ကူညီလုပ်ကိုင်ပေးကြသည်။

အလှူမှာ ဧည့်ခံရန် ဆေးပေါ့လိပ်များ ပြောင်းဖူးဖက်လိပ်များ ကြိုတင်လိပ်ထားစေသည်။

"ဟဲ့ ... ခင်မြ ... ကလေးမလေးတွေကို အလှူအတွက် လုပ်စရာရှိတာ ကြိုလုပ်ထားပစေ။ ငါသိုက်ထဲကိုသွားပြီး အလှူ အတွက် လိုတာလေးတွေ သွားယူလိုက်ဦးမယ်။ ငှမိတ်ဆွေတွေကို အကူအညီတောင်းပြီး ဝိုင်းကူညီနိုင်းရမယ်"

နောက်နေ့မနက်စောစော ကလေးမလေးတွေ၊ အလှူအတွက် ဆေးလိပ်များလိပ်နေစဉ် တချွင်ချွင်အသံများကြားသည့်အတွက် အိမ်ထဲသို့ကြည့်လိုက်ရာ ...

အိမ်ထဲမှာ ငွေဖလားခွက်များ ကွမ်းတောင်းပန်းတောင်း ငွေ ကွမ်းအစ်များက ဆယ်လုံး၊ ငွေဖလားက ဆယ်လုံး ရွှေပန်းခိုင်၊ ငွေပန်းခိုင်များ ဘုရားစင်ရှေ့မှာ များပြားစွာမြင်လိုက်ရ၍ ထူးဆန်း အံ့သြနေကြသည်။

ဒေါ်ခင်မြတို့ တစ်ရွာလုံး သည်ကဲ့သို့ အဆန်းအကျယ် အံ့မခန်း အသုံးအဆောင်တွေကို တစ်ခါမှ မမြင်ဖူးပေ။





ထို့ကြောင့် လုပ်လက်စအလုပ်များကို ပစ်ထားကာ တအံ့ တသြ ဝိုင်း၍ ကြည့်ရှုနေစဉ် အနီးက အသံတစ်သံ ထွက်ပေါ် လာသည်။

"ဒီအသုံးအဆောင်တွေက အလှူမှာသုံးဖို့ ခဏယူခဲ့တာ တို့လည်း ပိုင်တာမဟုတ်ဘူး။ ရှိရှိသေသေကိုင်တွယ်ကြ၊ ဘုရား အတွက်နဲ့ သံဃာအတွက် အသုံးပြုတဲ့နေရာမှာ သုံးရမှာ၊ လူတွေ အတွက် သုံးလို့မရဘူး ကြားကြရဲ့လား"

"ကြားပါတယ်တော်၊ ကျုပ်တို့ရှိရှိသေသေကိုင်ပါ့မယ်။ မထိ ခိုက် မပျောက်ရှစေရပါဘူး"

"ဟဲ့ အဲ့နဲ့ အလှူပစ္စည်း သွားဝယ်ရင်း ပွဲငှားသွားကြတာ နှစ်ရက်ရှိပြီ၊ မနက်ဖြန်အလှူဝင်ပြီး အခုထိ လှိုင်တို့လူစု ပြန်မလာ ကြသေးဘူး"

"ဒီကောင် မတော်တရော်များ ကြုံနေလားမသိဘူး။ အဲ့ ငါးဆယ်တောင် စိတ်ချရတာမ ဟုတ်ဘူး"

"အိမ်ခေါင်းရင်းက ကိုစံသွားနဲ့ တင်မောင်တို့လည်း ပါသွား တာပဲတော် ... သူမလုပ်ဝံ့ပါဘူး"

သဘက်ကြီးပင်မကာ အားလုံးစိုးရိမ်နေကြပြီ။

ပွဲကို စရံပေးပြီး ငှားခဲ့ရမည်၊ ပစ္စည်းတွေဝယ်ပြီး ပြန်လာရမည်၊



www.burmeseclassic.com

www.burmeseclassic.com



ပွဲဝင်မည့်နေ့ရောက်မှ ပွဲကိုသွားကြိုရမည်။ သုံးရက်ကြိုတင်ပြီး စရံငွေပေးရန် ထွက်သွားကြခြင်းဖြစ်သည်။

ဒါပေမဲ့ ဒီနေ့ဒီအချိန်ထိ ပြန်မလာကြသေး၊ နောက်နေ့ဆိုလျှင် အလုပ်အကိုင် သန်ဘက်ခါဆိုလျှင် အလှူအကျွေးအမွေး တရားနာရက်ဖြစ်သည်။

"တဲ့ ... ခင်ဗြ၊ နင့်ယောက်ျားလေးလို ဘာဖြစ်နေကြလဲ မသိဘူး။ နင်အိမ်မှာ သေသေချာချာ စောင့်ကြည့်ဦး။ ငါ ဒီကောင့်နောက် လိုက်သွားပြီး ကြည့်လိုက်ဦးမယ်'

ထိုသို့ ပြောလိုက်ပြီး အသံပါ ပျောက်သွားတော့သည်။

* * * * *

ဦးလှိုင်လည်း ဦးစံဘွား၊ ကိုတင်မောင်တို့ကို အဖော်ခေါ်၍ အလှူအတွက်လည်း ဝယ်ရင်း၊ ပွဲလည်းငှားရင်း ထွက်ခဲ့ကြသည်။

မြို့မရောက်ခင် တစ်မိုင်ခန့်အလို၊ ကိုင်းတောများကြားမှ လူဆိုးငါးယောက် ဓားကိုယ်စီကိုင်၍ ထွက်လာကြသည်။ ထို့နောက် လှည်းကိုရပ်ခိုင်းပြီး အောက်သို့ဆင်းခိုင်းသည်။

ဟော့ကောင်တွေ မင်းတို့မှာပါတာ အကုန်ထုတ်၊ မပေးတာတွေ့ရင် ဇက်ဖြတ်ပစ်မယ်။



ဓားပြများက သူတို့အား ထိုင်ခိုင်းပြီး ဓားများကို ခေါင်းပေါ်မှာ မိုးထားသည်။

မိုလ်လုပ်သူက

"ဟော့ကောင်တွေ အချိန်မရှိဘူး။ မြို့နဲ့နီးတယ်။ မြန်မြန်လုပ်၊ လူတွေကို ရပ်ခိုင်းပြီးရှာ လှည်းပေါ်မှာလည်းရှာ"

"မင်းတို့ အခုဘယ်သွားမှာလည်း အမှန်ပြောစမ်း"

"မြို့ပေါ်မှ ဧည့်သည်သွားကြိုမလို့ပါ။ ပိုက်ဆံမပါပါဘူး"

လူဆိုးများက သူတို့သုံးယောက်ကို ကိုယ်လုံးအနှံ့ စမ်းသပ်ရှာသည်မတွေ့။

"မင်းတို့ တကယ်ပြောတာလား"

"အမှန်ပြောတာပါ ပိုက်ဆံမပါဘူးခင်ဗျ"

ထိုစဉ် လှည်းပေါ်မှာ ရှာနေသော လူဆိုးတစ်ယောက်က

"ဆရာ ဒီမှာ ကွမ်းဗူးထဲမှာ ပိုက်ဆံတွေတွေ့တယ်"

"ဟာ"

ဦးလှိုင်ပါးစပ်က အသံထွက်သွားသည်။

"ဒီကိုယူခဲ့"

"ကွမ်းဗူးထဲကတွေ့တယ်ဆိုတော့ ကွမ်းဘယ်သူစားလဲ မေးစရာမလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးဗိုလ်က ကွမ်းဗူးထဲမှ ပိုက်ဆံများကို ရေကြည့်နေသည်။

"အားပါး (၁၅၀)တောင်မှ မနည်းပါလား"

ဦးစံဘွား၊ ကိုတင်မောင်တို့က ကွမ်းမစား၊ ဆေးလိပ်သမား များဖြစ်သည်။

ကွမ်းအမြဲစားသော ဦးလှိုင်ဖော်ဘွားများက ကွမ်းဂျိုးများကြောင့် မည်းနက်နေသည်။ ဘယ်လိုမှ ငြင်းမရတော့။

ဗိုလ်လုပ်သူက ဦးလှိုင်နဖူးအား ဓားနောင့်ဖြင့် ဆောင့်ချလိုက် သဖြင့် သွေးများဖြာကျသွားသည်။

"အား"

"အဲဒီ ညာတဲ့အတွက် အပြစ်နည်းနည်းပဲပေးခဲ့တာ"

'ကဲ... သွားကြမယ်'

ကိုင်းတောထဲ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

လူဆိုးများထွက်သွားသဖြင့် ဦးစံဘွားတို့ အနားရောက် လာသည်။

သွေးတွေသိပ်ထွက်နေတယ် နဖူးတော်တော်ကွဲသွားတယ်။

ပုဆိုးအဟောင်းတစ်ထည်ဖြဲပြီး စည်းထားလိုက်သည်။

"သွေးထွက်တာများသွားလို့ ခေါင်းနည်းနည်းမူးနေတယ်၊ အလှူအတွက် ပိုက်ဆံတွေပါသွားပြီ"





"အေးဗျာ ကျုပ်တို့လည်း စိတ်မကောင်းပါဘူး။ ဘယ်လို ဆက်လုပ်ကြမလဲ"

"မြို့ကိုမောင်းသွားပြီး ပုလိပ်တိုင်မယ်"

ထို့နောက် မကြာခင်ကိုတင်မောင်က လှည်းမောင်းပြီး မြို့ဝင် သွားကာ တိုင်ချက်ဖွင့်ကြသည်။

ပုလိပ်တစ်ယောက်ကို ဆေးရုံပို့ပေးရန် ရာဇဝတ်အုပ်က တာဝန်ပေးလိုက်ရာ ဦးလှိုင်တို့ ဆေးရုံရောက်သွားရသည်။

ဆေးရုံမှာ အနာကိုဆေးထည့်ပြီးချုပ်ပေးသည်။ အနာရင်းနေ သဖြင့် အချိန်ကလည်း ညသို့ရောက်နေပြီမို့၊ ခရီးဝေးမပြန်ရန် တားသဖြင့် ဆေးရုံမှာ တစ်ညအိပ်လိုက်ကြရသည်။

မနက်ရောက်တော့ ဆေးထိုးဆေးသောက်ပြီး ပြန်ခဲ့ကြသည်။ လမ်းမှာ သဘက်ကြီးနှင့် တိုးတော့သည်။

"ဟဲ့ လှိုင် ဘာဖြစ်လို့ ကြာနေတာလဲ"

သဘက်ကြီး အမေးကို ဦးလှိုင်က နဖူးကပတ်တီးကိုပြ၍

"ခင်ဗျားမြင်တဲ့အတိုင်းပါပဲ၊ အသွားလမ်းမှာ ဓားပြတွေနဲ့ တိုးပြီး သူတို့က ဓားတွေခေါင်းပေါ် မိုးလို့ ပါသမျှငွေ ထုတ်ပေး တယ်'

"ကျုပ်က မပေးဘဲ မပါဘူးလို့ ငြင်းနေတာ မကောင်းချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကွမ်းဖူးထဲမှာ ငွေတွေ တွေ့သွားကြတယ်။ ကျုပ်ကို ညာရမလားဆိုပြီး ဓားနှောင့်နဲ့ထုသွားလို့ နဖူးကွဲသွားတယ်”

“ဂတ်သွားပြီး တိုင်တာနဲ့ ရာဇဝတ်အုပ်က ဆေးရုံပို့လိုက်လို့ ဆေးရုံမှာ ကြာသွားတာ”

“ခင်ဗျားနဲ့ ကျုပ်တို့လှူမယ့်အလှူပွဲလည်း ပျက်ကုန်ပါပြီ”

ဦးလှိုင်က ငိုသံပါကြီးနှင့် ပြောသည်။

“ဖြစ်မှဖြစ်ရလေကွာ၊ မင်းတို့ကံနဲ့ ငါ့ကံကိုက ဆိုးလှပါတယ်။ ငါတစ်နှစ်ကျော်ကျော် မင်းတို့ဆီလာပြီး ငါကြိုးစားဆောင်ရွက်ခဲ့သမျှ သဲထဲရေသွန်သလိုဖြစ်သွားပြီ”

“ငါ့အကြောင်းကလည်း မကောင်းလှသကိုး၊ ကလေးတွေ ရှင်ပြုပေးပြီးရင် ငါ့ဒီဘဝက လွတ်တန်းကျွတ်တန်ရင် ကျွတ်ရအောင် အလှူတရားမှာ သာဓုခေါ်မလို့ အားခဲပြီး ကြိုးစားလိုက်ရတာ ဒီအလှူဟာငါနဲ့မထိုက်တန်လို့ အလှူလွဲတာဖြစ်မှာပဲ”

“သာသနာ့အမွေကို လူ့ဘဝဖြစ်စဉ်ကလည်း မခံယူခဲ့ရဘူး၊ အခု သားတွေသင်္ကန်းစီးပေးပြီး အလှူ့ဒကာအဖြစ် သာသနာ့အမွေ ခံယူချင်ပေမယ့် ငါ့ရဲ့အကုသိုလ်က ဘယ်လောက်များ ကြီးခဲ့လဲ မသိဘူး”

“အလှူလုပ်ဖို့ ပိုက်ဆံစုမိကာမှ အလှူမလုပ်ဖြစ်တော့ဘူး၊





ငါ့အဖြစ် ဆိုးလှတယ်၊ ငါမင်းတို့ရွာကိုလည်း မလိုက်တော့ဘူး၊ ငါ ရွှေလောင်းလှေသိုက်ကို ပြန်တော့မယ်”

“ငါနောက်ကို မင်းတို့ဆီ လာလို့ရတော့မယ် မထင်ဘူး၊ ငါတို့ သိုက်ပြောင်းဖို့ သိုက်ချုပ်အမိန့်ချပြီးပြီ”

တောက် ကံဆိုးလိုက်တဲ့ငါ၊ သာသနာ့အမွေမခံထိုက်တဲ့ ငါ့ဘဝ ဖြစ်လိုရာဖြစ် ငါသွားတော့မယ်”

“နေ ... နေပါဦး၊ ကျုပ်ပြောပါဦးမယ်၊ ကျုပ်မိန်းမ မခင်မြဆီမှာ ငွေနှစ်ရာကျော်ကျော် ရှိသေးတယ်။ အလှူကြီး မဖြစ်လည်း ကလေးတွေကို သင်္ကန်းစီးပေးပြီး အလှူခံကျဉ်းကျဉ်း လုပ်ပြီး တရားနာလို့ ရပါသေးတယ်”

“ငါက ကလေးတွေကို မြင်းတွေနဲ့ ရွာထဲလှည့် ပွဲကြီးခံ တစ်ရွာမက လာသမျှအားလုံး ကျွေးချင်တာ”

“ငါ့ဆန္ဒတွေ မပြည့်မှတော့ ငါမလုပ်ချင်တော့ဘူး”

“ငါမင်းတို့အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ ငါသွားပြီ လှိုင်”

ဦးလှိုင်လည်း အိမ်သို့ပြန်ရောက်လာသည်။

ဒေါ်ခင်မြကလည်း အလှူအတွက် အသုံးပြုရန် သဘက်ကြီး ယူလာခဲ့သော ငွေထည်ပစ္စည်း၊ ရွှေထည်ပစ္စည်းများ ပျောက်ကွယ်သွားကုန်လို့ စိတ်ထဲထင့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်က အကြောင်းစုံ ရှင်းပြလိုက်သည်။

"အမယ်လေး ကိုယ်ကျိုးနည်းပါပေ့"

ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

အကျိုးအကြောင်း သတင်းလာနားထောင်နေကြသော ရွာသူရွာသားတို့ကလည်း ...

"ဖြစ်မှဖြစ်ရလေဗျာ သာသနာ့အမွေဆိုတာ ခံထိုက်မှရတာ"

ဦးလှိုင်နှင့် ဒေါ်ခင်မြတို့လည်း မကြာခင် သာဘက်ကြီး ဆန္ဒရှိသည့်အတိုင်း ကလေးများကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးမည်ဟု ဆန္ဒပြုလိုက်ကြပါတော့သည်။

* * * * *



# ဘုရားပြိုကြန်းက ဘိလူးရုပ်

မိုးကလည်း သည်းသည်းမည်းမည်း ရွာနေသည်။ ကိုသာအောင် တစ်ယောက်၊ ပေါက်ပြားတစ်လက်နှင့် လယ်ကွင်းများအတွင်း ရေများတင်ကျန်ရန် ကန်သင်းပတ်ပတ်လည် ရေထွက်ပေါက်များ လိုက်ပိတ်နေသည်။

သူပိုင်လယ် ငါးကေရှိသည်။

သူ့လယ်၏ တောင်ဘက်အစပ်တွင် ဘုရားပြိုကုန်းရှိနေသည်။ အကျယ်က တစ်ကေခန့် ကျယ်မည်။

ထိုဘုရားကုန်းပတ်ပတ်လည်တွင် ကိုင်းပင်များထူထပ်စွာ ပေါက်နေသည်။ သစ်ပင်ကြီးဆို၍ ကုက္ကိုပင်ကြီးနှစ်ပင်သာရှိသည်။

ထိုဘုရားပြိုကုန်း၏ တစ်ဘက်တွင် ဦးစံဖေလယ်ရှိသည်။ သူ့လယ်က ဆယ်ကေခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစေတီအပျက်က သာအောင်လယ်နှင့် နီးကပ်စွာ ရှိနေသည်။ စေတီက ခေါင်းလောင်းပုံတစ်ဝက်ခန့်ကစပြီး ပြိုကျပျက်စီးနေသည်။

ပြိုကျပျက်စီးနေသော အုတ်ကျိုးအုတ်ပဲ့များကလည်း နှစ်မည်မျှကြာနေသည်မသိ၊ လက်ဖြင့်ကိုင်၍ ချေလိုက်ပါက အမှုန့်ဖြစ်သွားသည်အထိ ဆွေးမြည့်နေပြီဖြစ်ပါသည်။ လူကြီးများ ပြောစကားအရ သက်တမ်းတစ်ရာအထက်ရှိသော စေတီဟုသိရသည်။

ဘယ်နှစ်ရာအထိရှိ၍ မည်သူတည်ခဲ့မှန်းလည်း မည်သူမှ မပြောနိုင်။ ဘွဲ့အမည်လည်း မပြောနိုင်။

သူတို့ပြောနိုင်သည်ကတော့ ဘုရားမှာ သိုက်ရှိသည်တဲ့။ သိုက်စောင့်တွေ၊ သိုက်နန်းရှင်တွေ လပြည့်ညတွေမှာ မကြာခဏတွေ့ရသည်တဲ့ မြွေကြီးများလည်း တွေ့သည်ဟုဆိုသည်။

သာအောင်ကတော့ တစ်ခါမှ မတွေ့ဖူးပါ။

ဘုရားအမည်က ယခင်က မည်ကဲ့သို့ရှိသည်မသိ၊ အားလုံးက တညီတညွတ်တည်း ခေါ်ကြသည်။ အမည်ကတော့ "ဘုရားပြိုကုန်း"ဟူ၍ အလွယ်ခေါ်ရာမှ ဘုရားပြိုကုန်း အမည်တွင်နေခဲ့သည်။

ထူးခြားသည်က ဘုရားရင်ပြင်မှ လှေကားထိပ်မှာ၊ အခြားခြားသော ဘုရားစေတီတို့တွင် ခြသေ့ရုပ်များတွေ့ရသည်။ ဤစေတီရဲ့





လှေကားထိပ်မှာ သ[illegible]သော ဘီလူး[illegible]ပ်ထု[illegible] ထုလုပ်ထားသည်။

ပုံမှန်ထားနေကျအဘိုင်းဆိုလျှင် နှစ်ရုပ်ရှိရမည်။ ယခုတစ်ရုပ်ထဲသာရှိ၍ ရာသီဥတုဒဏ်ကြောင့် တစ်ရုပ်က ပျက်စီးသွားပြီထင်လိုက်သည်။

သာအောင် အလုပ်နားလျှင် ဘီလူးသေးက လှေကားထစ်ခုံမှာ ပုဆိုးအတောင်းတစ်ထည်ခင်းပြီး တစ်ရေးတစ်မော အိပ်လေ့ရှိသည်။

နေအရိပ်အမိုးပေးထားသော ကုက္ကိုပင်ကြီးတစ်ပင်ကလည်း အပေါ်မှာ မိုးနေသည်။ ထိုဘုရားကုန်း ပတ်ဝန်းကျင်မှာ အလေးအပေါ့ မသွားမိရန်တော့ သာအောင် မိဘဘိုးဘွားအစဉ်အဆက်မှာထားသဖြင့် သာအောင်လည်း ရှောင်ခဲ့သည်။

လယ်ဇါးတေကို ကိုယ်ပိုင်လုပ်နေရပေမယ့် နွားပိုင်လှည်းပိုင်မရှိ၊ ပြီးခဲ့သောနှစ်က လယ်စိုက်ပြီး မကြာခင် လယ်တစ်ကွင်းလုံးရေလွှမ်းသွားသဖြင့် လယ်ဇါးတေမှ တစ်ဧကခွဲခန့်သာ အကောင်းကျန်ခဲ့သည်။

ထို့ပြင် သားဦးကလေး မကျန်းမာသဖြင့် တုသလိုက်ရာအခက်ခက်မှ ငွေကြေးလိုအပ်ချက်ကြောင့် လှည်းနှင့်နွားကို ရသည့်ဈေးနှင့် ရောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်လယ်ကို နွားငှားပြီး ထွန်ယက်ခဲ့ရသည်။ မျိုးများလည်း ကြဲပက်ပြီးပြီ။

ထွန်ယက်ပြီး၍ သမန်းရထားသော လယ်ကွက်များ မြန်မခြောက်သွားစေရန် လယ်ကွက်တွေထဲ ရေအလုံအလောက်ရှိရန် လိုသည်။

ထို့ကြောင့် မိုးရေများ လယ်ထဲတင်နေရန် ဂရုစိုက်ပြီး လိုက်၍ ကြည့်ရှု့တာဝေးနေရသည်။

ပြီးခဲ့သောနှစ်က ဆည်မြောင်းတမံ ကျိုးကျပြီး လယ်ကွက်များ ရေလွှမ်းမိုးခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တော့ တမံမကျိုးအောင် ပြုပြင်ထားပြီးပြီတု ပြောကြသည်။

ယခု မိုးဦးမှာ မိုးအလွန်ကောင်းနေသည်။

စပါးစိုက်ရန် အလွန်ကောင်းသော အနေအထားဖြစ်သည်။

သာအောင်တစ်ယောက် လယ်ထဲကလုံး ပေါက်ပြားတစ်လက်နှင့် ဂဏန်းတွင်းများ ရေထွက်ပေါက်များ စစ်ဆေးပိတ်ဆို့ပြီးပြီဖြစ်၍ မိုးလည်း တိတ်သွားမြို့ ဘုရားပြိုကုန်းဘက်သို့ ပြန်လာခဲ့သည်။

အိမ်ကထည့်ပေးလိုက်သည့် ထမင်းထုတ်ကို လွယ်အိတ်အတွင်းထည့်လျက် သံလျက်ထမ်းဘီလူးကြီးလက်မှာ ချိတ်ထား





သည်။ မိုးရွာလျှင် မိုးမစိုရန် မိုးကာစကို အပေါ်က ဖုံးထားလိုက်သည်။ အားလုံးသေချာအောင်ပြုလုပ်ထားသဖြင့် မိုးမည်မျှရွာပါစေ ထမင်းထုတ် မိုးစိုမှာမကြောက်ရတော့။

အချိန်က နေ့ဆယ့်တစ်နာရီကျော်ပြီ။ တစ်မနက်လုံး မိုးရွာချလိုက်သဖြင့် ကောင်းကင်ပေါ်မှာ အလိပ်လိုက်ရှိနေသော မိုးတိမ်တို့ ကုန်စင်သလောက်ဖြစ်သွား၍ နေလုံးက ခြစ်ခြစ်တောက် ပူလာသည်။

သို့ကြောင့် အရိပ်ခိုရန် ဘုရားပြိုကုန်းဘက်သို့ ရောက်လာခဲ့သည်။ သစ်ပင်ရိပ်ကျသော အုတ်ခုံမှာ ထိုင်လိုက်သည်။ နေပူရှိန်ကြောင့် အုတ်ခုံပေါ်မှာ ရေများ ကင်ရှိမနေတော့ဘဲ ခြောက်သွေ့နေသည်။

အုတ်ခုံပေါ်တွင် ခဏမျှထိုင် အနားယူပြီးမှ ထမင်းစားရန် ချိတ်ထားသော ထမင်းထုတ်ကို လှမ်းယူလိုက်သည်။

"တင်"

ထမင်းထုတ်ကို လှမ်းယူလိုက်စဉ် ထူးဆန်းသောအနေအထားကြောင့် သာအောင် မျက်လုံးပြူးအံ့ဩသွားကာ ပါးစပ်မှ အသံထွက်သွားသည်။

ထမင်းထုတ်က ပေါ့ပေါ့လေးဖြစ်နေ၍ လက်နှင့် မျဉ်စွ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ထင်သည့်အတိုင်း ထမင်းထုတ်အတွင်းမှာ ဘာမှမရှိ။

"တာ ... မိန်းမ ... ထမင်းထုတ်ထဲ ထမင်းထည့်ဖို့ မေ့သွားပြီလား မသိဘူး"

သူမကျေမနပ်နှင့် အထုတ်ကိုဖြေကြည့်လိုက်စဉ် ခရမ်းသီးနှင့် ငါးခြောက်ချက်ကလည်း လုံးဝမရှိ။

"ဘယ်လိုပါလိမ့် ဒီအတိုင်းဆို အိမ်ကို စောစောပြန်ရတော့မှာပဲ"

ညနေစောင်းအထိ မနေတော့ဘဲ နေ့နှစ်နာရီခန့် ဗိုက်ကလည်း ဆာလှသဖြင့် အိမ်သို့ ပြန်ခဲ့သည်။

အိမ်ရောက်တော့ ဗိုက်ဆာဆာနှင့် ဇနီးဖြစ်သူအား ထမင်းထုတ်ထဲ ထမင်းထည့်မပေးရကောင်းလားဆိုပြီး ဆူပူကြိမ်းမောင်းလိုက်သေးသည်။

"ရှင် အထားမတတ်လို့ မွေးစားသွားတာလားမှ မသိတာ"

"ကျုပ် ရှင့်အတွက် ထမင်းနူးထည့်ပေးလိုက်တာ ကျန်တဲ့ထမင်း ကျုပ်နေ့ခင်းက စားလိုက်တယ်"

"ငါလည်း အမြင့်မှာ ချိတ်ထားတာပဲ၊ အထုတ်လည်း လက်ရာမပျက်ဘူး၊ စဉ်းစားရတော့ ခက်ခက်ပဲ ... ကဲ ဗိုက်ဆာတယ် ရှိတာလေးပဲ ထည့်ခဲ့ ရေနွေးနဲ့ပေါင်းပြီး စားလိုက်တာပေါ့"





ဇနီးဖြစ်သူကလည်း ကျန်သောထမင်းနှင့်ဟင်းကို ထည့်ပေးလိုက်ပြီး မီးဖိုမှာ ထမင်းအိုးတည်ရန် မီးမွှေးနေလိုက်သည်။

ထိုအချိန် သာအောင် အစာပြေထမင်းစားနေတော့သည်။

* * * * *

နောက်နေ့မနက်စောစော လယ်ကွင်းထဲ သွားမည်ပြုစဉ် သာအောင်အားခေါ်ပြီး ငှက်ပျောဖက်အတွင်း ထမင်းထည့်နေသည်ကို ပြသည်။ ထို့နောက် ဟင်းကို အထုတ်တစ်ထုတ် ထုတ်သည်။

"ဒီမှာ ရှင် မြင်တယ်နော်"

"အေးပါ မနေ့ကလို မမှားအောင်သာထည့်ပါ ... ငါ့ကို ပြစရာ မလိုဘူး"

"အဲမယ် ရှင့်စကားက မနေ့က ကျုပ်ကပဲ မေ့ပြီး မထည့်လိုက်ဘူးလို့ ဆိုချင်တာပေါ့"

"မင်းက ငါ့မကျွေးဘဲ ဘယ်တချစ်ချစ်ကို ကျွေးလဲမှ မသိတာ"

"ရှင်နော် စရာရှိရင် တခြားစကားနဲ့စ ကျုပ်က ဖောက်ပြားတဲ့ တောင်မဟုတ်ဘူး အမျိုးနဲ့ မစနဲ့"

"ကဲ မယ်မင်းကြီးမ ကတ်ကတ်လန် ရန်တွေ့ကောင်းနေလိုက်တာ စိတ်ဆိုးမနေပါနဲ့။ ထည့်ပြီးပြီဆိုလည်း ပေးတော့၊

[illegible]ကို ဒီတစ်ခါ သတိထားပြီး ချိတ်ရမယ်”

သာအောင်လည်း ဇနီးဖြစ်သူအား နောက်ပြောင်တာ လွန်သွားမှန်းသိသဖြင့် စကားလမ်းကြောင်းလွှဲကာ ထမင်းထုတ်ကိုယူပြီး လယ်ထဲသို့ ထွက်ခဲ့သည်။

ညက တစ်ညလုံး မိုးရွာထားပြီး မနက်ပိုင်း မိုးမရွာတော့။ လယ်ထဲသို့ရောက်တော့ ထုံးစံအတိုင်း ဘီလူးရုပ်လက်မှာ လွယ်အိတ်ကို ချိတ်လိုက်သည်။

မိုးရွာလျှင် ထမင်းထုတ် ရေမစိုရန် အသေအချာ ပြုပြင်ထားရှိပြီး လယ်ကွင်းအတွင်းသို့ ဆင်းခဲ့သည်။

မိုးရေများက လယ်ကန်သင်းပြည့်မျှ ရှိနေသည်။ လယ်ကွင်းထဲမှ ထိုးထိုးထောင်ထောင်ရှိနေသော ပေါင်းမြက်များကို လိုက်ကောက်ပြီး ကန်သင်းပေါ်သို့ လိုက်တင်နေသည်။

နွားကိုငှားပြီး လုပ်ရသဖြင့် မိုးစရွာသည်နှင့် မနားမနေလုပ်ခဲ့သဖြင့် ထယ်ရေးထွန်ရေး စောစောပြီးခဲ့ခြင်းဖြစ်သည်။ နွားကိုပြန်အပ်လိုက်သဖြင့် တမိုးတွင်းလုံး နွားစာမြက်ရိတ်ရမည့်တာဝန် လျော့သွားသည်။

ခါတိုင်းဆိုလျှင် နွေက စုပုံထားသော နွားစာကောက်ရိုး၊ ပြောင်းရိုး မိုးကျ၍ နည်းလာလျှင် လယ်ကွင်းအနှံ့ လျှောက်ပြီး





မြက်ရိတ်ကျွေးရသည်။

နွားစာမြက်ရိတ် တာဝန်မရှိတော့သဖြင့် ပေါင်းပင်များကို ပေါင်းမြက်နှုတ်ခြင်းတို့ကို ပိုမိုလုပ်ဆောင်နိုင်ပေမည်။

သို့ဖြင့် လယ်ကွင်းထဲ လျှောက်သွားပြီး ပေါင်းမြက်ကောက်နေခဲ့ရာ နေ့ဆယ့်တစ်နာရီပင် ထိုးတော့မည်။ ဘုရားဖြိုကုန်းဘက်သို့ ပြန်လာခဲ့သည်။

မိုးမရွာပေမယ့် မိုးအုံ့နေသဖြင့် အပူအဆာကတော့ သက်သာခဲ့သည်။

အလုပ်ပင်ပင်ပန်းပန်း မလုပ်ရပေမယ့် အချိန်တန် ဗိုက်ကဆာလာသည်။ လှေကားခုံမှာ ခဏနားပြီး ထမင်းစားရန် ထမင်းထုတ်ကို လှမ်းယူလိုက်သည်။

“တင် ဘယ်လိုလဲဟ”

ထမင်းထုတ်က မနေ့ကလိုပင် ပေါ့နေသည်ကို သိလိုက်သည်။ အမြန်ယူလိုက်ပြီး အထုပ်ကို ဖြည်လိုက်သည်။

“ဟာ ... ဘယ်လိုဖြစ်တာလဲ”

“ဒီတစ်ခါတော့ မိန်းမ မှားတာ မဟုတ်တော့ဘူး”

ထမင်းထုတ်ကို အကောင်တစ်ကောင် အလစ်သုတ်ပြီး စားစလိုက်သည်ဟုလည်း ထင်လိုက်သည်။

www.burmeseclassic.com



သို့ကြောင့် တောင်မြောက်လေးပါး အႏကဲခတ်ကြည့်လိုက်သည်။ ထူးခြားမှုဟူ၍ ဘာမှမတွေ့။

သူစဉ်းစားသည်။ ခွေးဆွဲစားသည့်ဟန် မရှိ။ ခွေးစားလျှင် ထမင်းထုပ်ပြေရုံမက၊ အစိတ်စိတ်အမွှာမွှာ ဖြစ်နေလိမ့်မည်။

ယခု ... အထုတ်ပုံစံမပျက် ရှိနေပါလျက် အထဲကထမင်းတင်းများ လုံးဝမရှိတော့ခြင်းက ထူးဆန်းနေသည်။

သူစဉ်းစားသည်။ ဒီဆို အနီးမှာရှိသော ဘီလူးရုပ်ပဲ ရှိတော့သည်။ ဒါကြောင့် နောက်သလို ပြောင်သလိုနှင့် ဘီလူးရုပ်ကို စွပ်စွဲတော့သည်။

"ကဲ ... ကိုရွှေဘီလူး ... ထမင်းထုတ်ကတော့ ဒါတိုင်းမပျောက်ဘဲ အစုရက်ပိုင်းမှ ပျောက်နေတယ်။ အနီးမှာလည်း ယူစားသူကို မတွေ့ဘူး"

"ဖြစ်နိုင်ခြေရှိတာကတော့ အသင်ဘီလူးပဲ၊ ကျောက်ရုပ်တန်ဆောင်ထားပြီး ကျုပ်ရဲ့ထမင်းတွေ ယူစားတယ် မဟုတ်လား။ ပြောရင် ပြော၊ မပြောရင် တစ်စစီ ရိုက်ချိုးပစ်မယ်"

"မ ... မလုပ်ပါနဲ့ကွာ၊ ငါအခုတလော ဗိုက်ဆာလို့ င်းရဲ့ ထမင်းကို ယူစားမိတာပါ"

"နောက်ကို မစားနဲ့တော့ဗျာ ... မိုးတွင်းမှာ ကျုပ်တို့





လယ်သမားတွေ ဝင်ငွေရှိတာမဟုတ်ဘူး ... ထမင်းနဲ့ဟင်းတောင် အနိုင်နိုင်"

"ကျုပ်အတွက် နေ့တိုင်းထမင်းတစ်ထုတ် ထုတ်ခဲ့ပေးပါ။ ငွေ (၁)ကျပ် နေ့တိုင်းပေးပါ့မယ်။ နေ့တိုင်းအသားဟင်းတစ်မျိုးမျိုး ဝယ်ကျွေးပါ"

"တာ ခင်ဗျား (၁)ကျပ်ထဲနဲ့ ဈေးထဲလည်း သွားမဝယ်နိုင်ပါဘူး။ လုပ်ပန်းတာ အဖတ်တင်တယ်"

"ဒီ (၁)ကျပ် နည်းတယ်ဆိုရင် (၂)ကျပ်ပေးပါ့မယ်။ ကျုပ်ကို တင်းကောင်းကောင်းတစ်ခွက်နဲ့ နေ့တိုင်းထမင်းထုတ်လာခဲ့ပါ၊ ခင်ဗျားလည်း လယ်မလုပ်ဘဲ ထိုင်စားလို့ ရပါတယ်"

"တာ ... ကျုပ်က ဒီလယ်ယာအလုပ်ပဲ ကျွမ်းကျင်တာ အလုပ်မလုပ်ဘဲလည်း မနေနိုင်ပါဘူး။ ပိုပိုလျှံလျှံ ရှိတော့လည်း ကောင်းတာပေါ့"

ထို့နောက် သာအောင်ရှေ့သို့ ငွေဒင်္ဂါးနှစ်ပြား ကျလာပါသည်။ သာအောင် ငွေဒင်္ဂါးနှစ်ပြားကို ကောက်ယူလိုက်သည်။

"ကျုပ်ပေးတယ်လည်း ဘယ်သူ့မှမပြောနဲ့၊ ခင်ဗျားမိန်းမ မသိစေနဲ့။ ကျုပ်အကြောင်း လူတွေသိကုန်ရင် အခုလို ခင်ဗျားနဲ့လည်း မိတ်ဆွေဖြစ်လို့ရတော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက ဘယ်မှာနေတာလည်း ဘယ်အမျိုးအနွယ်ထဲက လည်း ဒီကျောက်ရုပ်မှာ ပူးကပ်နေတာလား။

"ခင်ဗျားက ကျုပ်ကို ဘီလူးလို့ မထင်ဘူးလား"

"မထင်ပါဘူးဗျာ၊ ကျုပ်အထင်ပြောရရင် ခင်ဗျားက ဒီဘုရား မြို့ကုန်းမှာ အမှီပြု နေထိုင်ကဲ့ နာဂဘာဝ၊ ဘုတ်၊ ပြိတ္တာ၊ သရဲတစ်ကောင်ကောင်ပဲ ဖြစ်နိုင်တယ်"

"ခင်ဗျားမှန်းတာ မဆိုးပါဘူး။ ကျုပ်က ဒီကျောက်ရုပ် ဘီလူးတော့ မဟုတ်ပါဘူး"

"ဘုရားမြို့ကုန်းမှာရှိတဲ့ သိုက်ကို စောင့်ရတဲ့ ယက္ခညီနောင် ထဲက တစ်ကောင်ပါ"

"ဒီသိုက်မှာ အပြင်စည်း အတွင်းစည်းဆိုတာရှိတယ်။ အတွင်း စည်း အပြင်စည်းတွေကို ကျုပ်တို့ယက္ခညီနောင်က အလှည့်ကျ စောင့်ကြရတယ်"

"ကျုပ်က အရင်က အတွင်းစည်းမှာ တာဝန်ကျခဲ့တယ်"

"အခု ကျုပ်ကို အပြင်စည်းမှာ စောင့်ဖို့ လွှဲခဲ့တဲ့နှစ်ရက်က တာဝန်ချလိုက်တယ်။ အခု ဒီကျောက်ရုပ်မှာ ပူးကပ်ပြီး အပြင်စည်း စောင့်နေတုန်း ထမင်းထုပ်ကို ယူစားမိတာပါ"

"ခင်ဗျားနဲ့ တာဝန်လွှဲယူသွားတဲ့ ယက္ခကြီးက စည်းကမ်း



ရှိတယ် ပြောရမှာပေါ့"

"ဘာကြောင့်လဲ"

"သူစောင့်ခဲ့တုန်းက၊ ကျုပ်ရဲ့ထမင်းထုပ် တစ်ခါမှ မပျောက် ခဲ့ဘူးလေ။ ခင်ဗျားအစောင့်တာဝန်ကျမှပဲ ကျုပ်ရဲ့ထမင်းထုပ် ပျောက်တာ စည်းကမ်းမရှိတာခင်ဗျား"

"ကျုပ်က တန်ရာတန်ကြေးပေး ဝယ်စားချင်တာပါ"

"အခုကြုံရပြီဆိုတော့ ခင်ဗျားကို နောက်ရက်စားဖို့ အခ ကြေးငွေ ပေးထားပြီးပြီးလေ"

"ခင်ဗျားပိုက်ဆံ ကျုပ်ယူထားပြီးပြီဆိုတော့ ကျုပ်က ခင်ဗျား စားဖို့ ကြိုးစားရတော့မှာပေါ့။ ဒီနေ့စောစောပြန်ပြီး စီစဉ်လိုက်မယ်"

ယက္ခကြီးကို နှုတ်ဆက်ပြီး သာအောင် အိမ်သို့ ပြန်ခဲ့သည်။

* * * * *

သာအောင်လည်း အိမ်ရောက်သည်နှင့် ဇနီးဖြစ်သူအား ပိုက်ဆံ နှစ်ကျပ်ပေးလိုက်ပြီး ...

"တဲ့ မိန်းမ မနက်ဖြန် ထမင်းနှစ်ထုပ်ထည့်ပေး၊ ကြက် တစ်ကောင်ဝယ်ပြီးချက် အရိုးအသည်းစုံနဲ့ ကြက်တစ်ကောင်လုံး ချက်လိုက်"

"ဆန်က မင်းနဲ့ငါနဲ့ ညည့်သည်အတွက် ဆန် (၆)ပူးချက်

www.burmeseclassic.com



လိုက်"

"မများဘူးလား ရှင့်ညည်သည်က တော်တော်အစားကြီးလား"

"အဲ့နဲ့ ကျုပ်မရှင်းလို့ မေးပါရစေဦး၊ ရှင်ဒီပိုက်ဆံနှစ်ကျပ်ကို ဘယ်ကရတာလဲ"

"မင်း ပိုက်ဆံမလိုချင်ဘူးလား"

"လိုချင်တာပေါ့"

"အခု ဆန်တစ်ပြည်နဲ့ ကြက်တစ်ကောင် ဘယ်လောက်တုန်းမှာလဲ"

"အားလုံးဝယ်ပြီးရင် တစ်ကျပ်နဲ့ ပြားနှစ်ဆယ်လောက် ကျန်လိမ့်မယ်"

"အေး စကားမများမစပ်စုဘဲ ကျန်တဲ့ပိုက်ဆံ မင်းယူလိုက်၊ ခနက်ပြန်ထပ်ရမယ်"

"ပိုက်ဆံသာရလို့ကတော့ ဘာမှမမေးပါဘူး"

"သိတယ်လေ ငါ မားပြတိုက်ပေးရင်လည်း ငြိမ်နေမှာပဲ ဘတ်လား"

"တော်ကတော့ပြောပြီ၊ မားပြတိုက်မယ်ဆိုရင်လည်း နှစ်ကျပ်ပြအောင်တော့ မတိုက်နဲ့။ တစ်ခါတည်း ဘဝပြောင်းအောင်သာ ကိုက်ပေတော့"





"ဟဲ ... ဟဲ တော်တော်ချစ်ဖို့ကောင်းတဲ့မိန်းမ"

"ဟဲ ... ကျွန်မစကားအကောင်းပြောမယ်။ ကျုပ်အတွက် ထမင်းတစ်ပန်းကန်နဲ့ ဟင်းနည်းနည်းပဲ ချန်ထားခဲ့မယ်။ ရှင်တို့အတွက် အလုံအလောက် ထည့်ပေးလိုက်မယ်"

အဲဒီလိုရောပြီးမထည့်နဲ့။ ငါ့အတွက်က ပုံမှန်အတိုင်းပဲထည့်။ မိတ်ဆွေကြီးအတွက် ဆန်လေးလုံးချက်လောက် ထမင်းနဲ့ ကျန်တဲ့ဟင်းတွေ အကုန်ထည့်။ ကြက်အသည်းအမြစ်တော့ အမြဲတန်းထည့်ရမယ်နော်။ အဲဒါအရေးကြီးတယ်"

သာအောင်လည်း ဇနီးဖြစ်သူ ထုတ်ပေးလိုက်သော ထမင်းနှစ်ထုတ်ကိုယူပြီး တဲသို့ထွက်ခဲ့သည်။

ထို့နောက် လယ်ကွင်းထဲသို့ ရောက်လာသည်နှင့် ထမင်းထုတ်အကြီးကို ဘီလူးရုပ်၏လက်မှာ ချိတ်ထားလိုက်ပြီး သူ့အတွက် ထမင်းထုတ်ကို သစ်ကိုင်းတုတ်ကို မြှောချိတ်ပြီး ဟိုးစပ်က သတိပေးစကားတစ်ခွန်းတော့ ပြောလိုက်သေးသည်။

"ကိုယ့်ထမင်းထုတ် ကိုယ်စားနော် ကျုပ်ထမင်းထုတ် မပျောက်ပျက်အောင်လည်း စောင့်ရှောက်ပေးဦး"

သို့ဖြင့် ... ပိုက်ဆံဒင်္ဂါးနှစ်ပြားပေးသည့်အတွက် သာအောင်ကလည်း ဝတ္တရားမပျက် ထမင်းထုတ်ယူခဲ့ပေးသည့်ကာလမှာ



www.burmeseclassic.com

www.burmeseclassic.com



ရက်မှသည် လပင်ကျော်ခဲ့ပြီ”

* * * * *

တစ်ရက်မှာ ကွင်းထဲသို့ လူနှစ်ယောက် ရောက်လာသည်။ ထိုလူထဲမှ အသက်အားဖြင့် (၆၀)ခန့်ဟု မှန်းရသော လူကြီးက ဘုရားမြို့ကုန်းပတ်လည်ကို အသေအချာ လိုက်ပြီးကြည့်သည်။ ခေါင်းမှာ ပန်းရောင်ပုဝါတစ်ထည် ပေါင်းထားပြီး နှုတ်ခမ်းမွှေးကားတား လွယ်အိတ်တစ်လုံးလွယ်ထားသဖြင့် ဗိန္ဒောဆရာတစ်ယောက်တု သာအောင် ထင်လိုက်သည်။ ကျန်တစ်ယောက်က သာအောင်အသက်နှင့် မတိမ်းမယိမ်းရှိမည်ဟုလည်း မှန်းမိလိုက်သည်။

“ဒီဘုရားကို ဘယ်လိုခေါ်လဲ သူငယ်”

“မသိဘူးခင်ဗျ ကျွန်တော်တို့သိတတ်စအရွယ်ကတည်းက ဘုရားမြို့ကျနေတာ ဒီအတိုင်းပဲ လူတိုင်းက ဘုရားမြို့ကုန်းလို့ပဲ ခေါ်ကြတယ်”

“ဘုရားသက်တမ်းက တော်တော်ကြာပြီဖြစ်မယ်”

“ဦးလေးတို့က ဘယ်ကလာတာပါလဲ၊ အကြောင်းကိစ္စ အထူးရှိပါသလား”

“ဦးတို့က ရှေးဟောင်းဘုရားစာရင်းတွေလိုက်ပြီး ပြုစုနေရ



တာပါ။ သိတဲ့လူတွေရှိရင် ဘုရားတွဲတော်မေးပြီး သမိုင်းအထောက်အထားအရ ရှေးဟောင်းဘုရားမှန်ရင် ပြန်ပြုပြင်သင့်ရင် ပြုပြင်ရမှာပေါ့”

“ဘုရားရာဇဝင်သမိုင်းကြောင်းသိဖို့ အရေးကြီးတယ်ကွဲ့”

“သမိုင်းအကြောင်းသိချင်ရင် ရွာထဲကိုသွားလေ ရွာထဲမှာ အသက် (၉၀)ကျော်အထိ ကျန်းကျန်းမာမာရှိနေတဲ့ ဦးလူဆိုင်ဆိုတဲ့ အဘိုးကြီးရှိတယ်”

“သူက ရှေ့မှီနောက်မှီအဘိုးကြီးပဲ။ သူ့ကိုမေးရင် ဒီဘုရားသမိုင်းကြောင်း သိနိုင်တယ်”

“သွားမနေတော့ပါဘူး၊ ဦးလေးတို့မှာလည်း ဘုရားစာရင်းတွေရှိပါတယ်။ နေရာဒေသ တည်နေရာတိုက်ဆိုင်စစ်ဆေးကြည့်လိုက်ရင် အဖြေထွက်လာမှာပါ”

သာအောင်စိတ်ထဲမှာ ထိုလူများကိုကြည့်ရသည်မှာ သူတော်ကောင်းပုံနှင့် မတူဘဲ သိုက်သမိုင်းကားတွေထဲက သိုက်ဆရာလိုလို ပယောဂကုဆရာလိုလို ထင်မိသည်။

သူတို့မျက်လုံးများက တစ်ခုခုကို ရှာနေသယောင်ရှိသည်။ အိခြေမရ၊ သိသာလွန်းလှသည်။

ခဏမျှကြာတော့ သာအောင်အား နှုတ်ဆက်ကာ ရွာသို့ပြန်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

နေ့ခင်းထမင်းစားချိန်ရောက်တော့ သာအောင်ထမင်းထုပ်ကို ယူစားသည်။

ယက္ခကြီး စားမစား သူမစပ်စု ပြန်ချိန်တန်လျှင် ထမင်းထုပ် ထည့်သော လွယ်အိတ်ထဲမှာ ငွေဒင်္ဂါးနှစ်ပြား အသင့်ရောက်နေသည်။ လွယ်အိတ်ကိုယူပြီး ပြန်ရုံပင်။

အမြဲတမ်း သူတို့ စကားမပြောဖြစ်၊ လိုအပ်မှသာ ကျောက်ရုပ် ကြီးအနီးက စကားသံထွက်လာသည်။

မလိုအပ်လျှင် သာအောင်ကလည်း ဘာစကားမှမပြော။ လွယ် အိတ်ယူပြီး ပြန်သည်။ နောက်နေ့ထမင်းထုပ်ချိတ်ထားပေးသည်။

သာအောင် လွယ်အိတ်ကို ကျောက်ရုပ်၏လက်မှဖြုတ်လိုက် သည်။ ရှာပြန်ချိန်ပင်နောက်ကျနေပြီ မဟုတ်ပါလား။

"တင်"

ထမင်းထုပ်က လေးလေးပင်ပင်ရှိနေသဖြင့် အံ့ဩသွားပြီး သေချာအောင်လက်နှင့် ဖြစ်ညှစ်ကြည့်လိုက်သည်။

'ယက္ခကြီး ထမင်းမစားရသေးဘူး"

"ဘယ်များ ခရီးလွန်နေတာလည်း မသိဘူး"

"တစ်ခါမှလည်း မဖြစ်ဖူးဘူး၊ ဒီအတိုင်းထားခဲ့လိုက်မယ်။





ဘယ်အချိန် ပြန်ရောက်မယ်မသိတော့ စောင့်လို့လည်း မဖြစ်ဘူး။ မနက်ပြန်လာရင် ထမင်းထုပ်ခဲ့မယ် ပြီးမှ အကြွေးနှစ်ကျပ် တောင်း ရမယ်"

ကိုယ့်စိတ်ကူးနဲ့ကိုယ် အကြွေးမှတ်ပြီး ရှာပြန်လာခဲ့သည်။

* * * * *

ညရောက်၍ အိပ်ရာအတွင်းဝင်ပြီး အိပ်ပျော်ကာစပင်ရှိသေး သည်။ သာအောင်အား ယက္ခကြီးက အိပ်မက်ထဲရောက်လာပြီး အကူအညီတောင်းခဲ့သည်။

"သူငယ်ချင်း ငါ့ကိုကယ်ပါဦးကွာ"

"ဟာ ခင်ဗျားဘာဖြစ်လို့လဲ"

"ငါ့ကို သိုက်ဆရာတွေ ကြိုးနဲ့တုတ်သွားပြီ၊ ငါတို့သိုက်ကို ဖွင့်သွားပြီကွာ"

"ခင်ဗျား ထမင်းထုပ်ကို ဘာလို့မစားတာလဲ"

သူတို့သိုက်စည်းထဲဝင်လို့ရအောင် နေ့ခင်းကတည်းက ငါ့ကို ချုပ်သွားတာ ညကြမှ အားလုံးကို ထပ်ချုပ်ပြီး သိုက်ဖွင့်သွားတာ"

ဒါဆို ဆရာက တော်တော်စွမ်းတာပေါ့ဟုတ်လား။

"ဟုတ်တယ် ဒါပေမဲ့ ငါတို့ဘုရားအတွက် ရည်စူးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ပါမသွားအောင် ရတဲ့နည်းနဲ့ ကာကွယ်ရမယ်"

"မင်း မိုးလင်းတာနဲ့ လယ်ကွင်းထဲ အမြန်လာပြီး ကယ်ပေးပါကွာ။ မင်းလာတာနဲ့ ငါကိုယ်မှာစွဲနေတဲ့ ချည်မန်းကွင်းတိုသာ အရဖြတ်ပေးပါ မမေ့နဲ့နော်"

"ကျုပ်မမေ့ပါဘူး မနက်ငါးနာရီထိုးတာနဲ့ အရောက်လာခဲ့မယ် စိတ်ချ"

"မင်းမလာခဲ့ယ်ရင် ငါတို့တော့ ဒုက္ခရောက်ပါပြီကွာ"

ထိုမျှသာပြောပြီး ပျောက်သွားသည်။ သာအောင် အိပ်ရာက လန့်နိုးတော့ မနက်သုံးနာရီခန့်သာ ရှိသေးသည်။ စိတ်ရွှဲပြီး အိပ်မက်တာတော့ မဖြစ်နိုင်။

အဲဒီ ငါ မနေ့က တွေ့တဲ့လူနှစ်ယောက်က သိုက်ဆရာတွေပေါ့။ ပုံစံတိုမြင်တတည်းက ထင်တော့ထင်မိသား၊ မနက်အာရုံတက်သည်နှင့် လယ်ကွင်းထဲသွားကြည့်ရန် ဆုံးဖြတ်ချက်ချပြီး ပြန်အိပ်လိုက်သည်။

သူပြန်နိုးတော့ လေးနာရီခွဲခန့်ရှိပြီ။

ဇနီးဖြစ်သူ ထမင်းချက်နေပြီ။

မျက်နှာကို အမြန်သစ်လိုက်သည်။

"ငါထမင်းထုပ်ကို ပြီးမှပြန်ယူမယ်၊ အခု အရေးကြီးကိစ္စရှိလို့



လယ်ထဲခဏသွားရအုံးမယ်

"ရှင့်မှာ ဘာအရေးကြီးတာရှိလို့ ထမင်းထုတ် စောင့်မယူနိုင်ရတာလဲ"

ဇနီးလှမ်းမေးသောစကားကို ပြန်မဖြေမနေဘဲ လယ်ကွင်းသို့ အမြန်လျှောက်ခဲ့ရာ နာရီဝက်အတွင်း ရောက်လာခဲ့သည်။

ဘုရားပြိုကုန်းသို့ ရောက်သည်နှင့် ဘီလူးရုပ်ကြီးတို ကြည့်လိုက်ရာ ထိုင်လျက်အတိုင်းသာ တွေ့လိုက်သည်။

အနီးသို့ရောက်မှ ထူးခြားချက်ကို တွေ့လိုက်ရတော့သည်။

"တာ ကျောက်ရုပ်ကြီးမှာ ချည်မြှုတွေ ပတ်လို့ပါလား။ ဒီ သိုက်ဆရာတွေရဲ့ သိုက်ချုပ်တဲ့ ချည်မန်းကွင်းတွေပဲဖြစ်မယ်"

သူညက ယက္ခကြီးစကားကို ကြားယောင်လာသဖြင့် အချိန်မဆိုင်းဘဲ ချည်မန်းကွင်းများကို ဖြတ်ပေးလိုက်သည်။ အားလုံးပြတ်သွားသည်နှင့် တပြိုင်နက် ...

"ဝုန်း"

ကျယ်လောင်သောအသံကြီးမြည်ပြီးနောက် ဘုရားပေါ်မှလိုလို ဘုရားကုန်းအတွင်းဘက်ဆီမှလိုလို ရှုညံသောအသံစုံ ကြားလိုက်ရသည်။

အပြင်စည်းစောင့်သော သိုက်စောင့်ကြီး ယက္ခက ချည်မန်း

www.burmeseclassic.com



တွင်းများ၏ အနှောင်အဖွဲ့မှ လွတ်သည်နှင့် သိုက်တွင်းဝင်၍ ချုပ်ထားသော အချုပ်အနှောင်များကို ဖျက်ပေးလိုက်သဖြင့် အချုပ်အနှောင် ပျက်သွားရာမှ ဖြစ်ပေါ်လာသော အသံများဖြစ်သည်။

ထိုစဉ် သူ့ခေါင်းပေါ်မှ ဝိဉာဉ်ကြီးများ တဝီဝီအော်မြည်ပြီး ပျံသန်းသွားသည်ကို မြင်လိုက်သည်။

* * * * *

ရှာမြင် အတော်လှမ်းလှမ်းရောက်နေသော သိုက်ဆရာနှင့် တပည့်လည်း ရုတ်တရက် အနီးသို့ ရောက်လာသော ဝိဉာဉ်များကို မြင်မှ သိုက်ပေါက်သွားပြီဆိုသည်ကို သိလိုက်သည်။

အသေအချာ သိုက်ကိုချုပ်ထားပြီးပြီအထင်နှင့် စိတ်ချလက်ချ ဘာမှပြင်ဆင်မှု မရှိခဲ့။

ဝိဉာဉ်များ အနီးရောက်လာတော့ အသိက နောက်ကျသွားခဲ့ပြီ။ ဝိဉာဉ်ကောင်ကြီးများ ဝိုင်းတုတ်ခြင်းကို ခံနေရသည်။

"အမယ်လေး ကယ်ကြပါဦး"

"အား ... အား ... သေပါပြီဗျ"

အား ... အား ... အား ...

"ဝုန်း"





ဘိလူးကြီး၏ တင်းပုတ်အောက်မှာ အောက်လမ်းဆရာ အသက်ပျောက်သွားသည်။ ဆရာကြီး လွယ်အိတ်ထဲမှ အဖိုးတန် ရတနာများ ယူလိုက်သည်။

တပည့်ဖြစ်သူ ထမ်းပိုးယူသွားသော သိုက်ပိုင်ရတနာသေတ္တာကို ယက္ခကြီး ပြန်ယူ၍ ထမ်းလိုက်သည်။

ဝိဉာဉ်ကောင်ကြီးများက ဆရာတပည့်ကို အသက်ပျောက်သည်အထိ ဝိုင်းတုတ်နေကြသည်။

မကြာခင် ဘုရားပြိုကုန်းသို့ ယက္ခကြီးပြန်ရောက်လာသည်။ ရတနာသေတ္တာကို အတွင်းစည်းစောင့်သော ယက္ခကြီးက ပြန်ယူသွားသည်။

နေ့ခင်းထမင်းစားပြီးနောက် ယက္ခကြီးက စိတ်မကောင်းသော အသံနှင့် ပြောလာသည်။

"မိတ်ဆွေ ကျုပ်စိတ်မကောင်းပါဘူး။ သိုက်ချုပ်ဘိုးတော်က ကျုပ်တို့ရဲ့ သိုက်ကို ရွှေကျွန်းပင်သိုက်နဲ့ သွားပေါင်းဖို့ အမိန့်ချလိုက်ပြီ။ ဒီမှာက သိုက်စောင့် သိုက်အဖွဲ့အစည်း အင်အားများတယ်"

"ကျုပ်တို့သိုက်က တော်ရုံသိုက်ဆရာလာရင်တောင် မနိုင်ဘူး။ ကျုပ်နဲ့အတွင်းစည်းစောင့်တဲ့ ယက္ခပဲရှိတာ။ အထဲမှာ သိုက်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ ဘူးတော်တောင်နဲ့ ရုံရွှေတော်ဆယ်ယောက်သောက်ပါရှိတယ်”

ဦးဘိုဝ ကြိုန် ပေါက်သွားပြီဆိုရင် အဲဒီသိုက် မပျက်ချိုတော့ဘူး။ သိုက်စောင့်ရှင်လေး အဆ ... ... သိမ်နဲ့အရ “ရွှေကျွန်းပင်” သိုက်နဲ့ သွားခင်းရတော့မယ်။

“စိတ်အတွက် ဆုချူ့တဲ့အနေနဲ့ ကျုပ်နဲ့ ကျုပ်နောင်တော်ပိုင်တဲ့ ဒင်္ဂါးအချို့၊ သိုက်အတွင်းက ရုံရွှေတော်တွေပိုင်တဲ့ ငွေဒင်္ဂါးတွေ ရုပြီး ဒင်္ဂါးငါးရာ ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးခဲ့မယ်။ ခင်ဗျား လုပ်ကိုင် စားသောက်ပေတော့”

စကားဆုံးသည်နှင့် ထမင်းထုတ်ထည့်သော လွယ်အိတ်ထဲသို့ ငွေဒင်္ဂါးကျုပ်ရေမျှား ထည့်လိုက်သည့်အသံများ ကြားလိုက်ရသည်။

လယ်တစ်ကောကို ငွေဒင်္ဂါးပြားနှစ်ဆယ်မှ သုံးဆယ်ခန့် ပေါက်နေသော အချိန်ဖြစ်သဖြင့် သာအောင်အတွက် ငွေဒင်္ဂါးငါးရာက အတော်များနေသည်။

ပျော်ရွှင်သော စိတ်ကူးယဉ်အတွေးများဖြင့် ၁ ကျပ်တန် ငွေဒင်္ဂါးပြားများ ထည့်ထားသည့်လွယ်အိတ်ကို လွယ်လျက် သွက်လက်သောခြေလှမ်းများနှင့် ရွာသို့ပြန်လာခဲ့တော့သည်။

* * * * *

# အသေကောင် ရုပ်ဆောင်နေသည်

ဆရာကြီး ဦးသာဇံတစ်ယောက် နယ်တာဘာလှည့်ပြီး ဆေးကုနေသူဖြစ်သည်။

တစ်နေ့တွင် နှင်းဇီရွာမှ ပယောဂဝင်ပါပြီးနေသော လူမမာကို ကုသရန် လာခေါ်သဖြင့် ညဆိပ်ညနေ လိုက်ပါကုသပေးနေခြင်း ဖြစ်သည်။

နှင်းဇီရွာမှာ တစ်ညအိပ်ဆေးကုသပြီးနောက် မြို့တန်သာမြို့သို့ ထိုက်ဝိုမှ လှည်းဖြင့်ဆင်းနေသည်။

ဆရာကြီးက မြို့တန်သာမြို့ ထိပ်မြို့ကြီးရပ်ကွက်သား ဖြစ်သည်။

www.burmeseclassic.com



ဇနီးသူ ကွယ်နော်အေးလှနှင့် အိမ်ထောင်ကျပြီးကတည်းက မြန်မာ [illegible] ပြို့မှနေ၍ ဆယ်ယူမနှ [illegible] ယောင်ကလိုက်သွားခဲ့ရသည်။

အိမ်ထောင်သက် (၃၀)ကျော်အတွင်း ဖဒိုမှာသာ နေဖြစ်ခဲ့သည်။ ဦးသာဇံမှာ သွေးရင်းသားရင်း မောင်နှမသုံးယောက် ရှိသည့်အနက် ဆရာကြီးအောက် ညီမနှင့် ညီတို့က အသက်(၆၀)ကျော်မှာဆုံးကုန်ကြပြီး ဆရာကြီးက အသက်(၆၇)နှစ် ရှိပြီဖြစ်သည်။

ဆရာကြီးက အထက်လမ်းပညာကို သင်ယူထားပြီး စိန္တော ဆရာကြီးလည်းဖြစ်သည်။

ကျန်းမာရေးကိစ္စများလည်း ကုသပေးသလို အမှောင့်ပယောဂ စုန်းကဝေ ရှာသူအောက်လမ်း မှောက်လုံးမှောက်ပြား အားလုံး နှိမ်နင်း ကုသပေးခဲ့သည်။

ဆရာကြီးမှာ တစ်မိပေါက် မောင်နှမများ မရှိတော့ပေမယ့် ထိုမောင်နှမတို့မှ မွေးဖွားကြသော တူ၊ တူမတို့ကဖြင့် ကျန်နေသေးသည်။

ယခု တူတစ်ယောက်၏ မိန်းမအမျိုးဘက်မှ အမှောင့်ပယောဂ နှောင့်ယှက်နေ၍ လာရောက်ပင့်ခေါ်ဆောင်သဖြင့် လိုက်၍ ကုသပေးခြင်း ဖြစ်သည်။

နှင်းဝိရွာမှ ထွက်ခဲ့ပြီးနောက် ဆရာကြီးဦးသာဇံလည်း တူမ





ဇော်အေးမြင့်ကို သတိရသွားသည်။

"ဟဲ့ကလေး မင်းလည်း ကတုတ်ရွာဘက် မရောက်ဘူးလား"

"ဖျာ မရောက်ဘူးခင်ဗျ၊ ရွာနဲ့မလှမ်းမကမ်းက ဖြတ်သွားမှာ"

"အဘ ကတုတ်ရွာကို သွားချင်စိတ်ပေါက်လာလို့ အဲဒီဘက် လှည်းကြုံများ ရနိုင်မလား"

"တုတ်တဲ့ ရနိုင်ပါတယ်၊ ဒီအချိန် လှည်းတွေသွားကြတာကြ တစ်စီးမဟုတ်တစ်စီး ရနိုင်ပါတယ်။ အဘကို ဦးလေးထွန်းတ ပြန်တန်ဆာကားဂိတ်အရောက် ပို့ပေးဖို့ မှာထားတာ"

"အဘက တူမတစ်ယောက်ကို အခုမှ သတိရလို့ ကြုံတုန်း ခဏဝင်မလား စိတ်ကူးမိတာ။ ဒီရွာကိုမရောက်တာ လေးငါးခြောက် နှစ်လောက် ရှိပြီ"

"ကျွန်တော်လည်း ကုန်စိမ်းတွေပါမလာရင် အဘကိုလိုက်ပို့ ပေးပါတယ်။ လှည်းလမ်းနဲ့ရွာက နီးနီးလေးပဲ"

"လမ်းလျှောက်သွားရင် ဘယ်လောက်ကြာမလဲ"

"အလွန်ဆုံး ဆယ့်ငါးမိနစ်လောက်ပေါ့ သိပ်မှမဝေးတာ"

"အဲဒီ အဘ လမ်းလျှောက်သွားလိုက်မယ်။ အဲဒီရွာဝင်တဲ့ လမ်းဆုံရောက်ရင် အဘကိုချပေး"

သို့နှင့် မကြာခင်မှာပင် ကတုတ်ရွာသို့ ဝင်သောလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်သဖြင့် လှည်းကို ရပ်ပေးလိုက်သည်။

ခါတိုင်း ရွာထဲက ဖြတ်တယ်၊ အခု နွေဆိုတော့ လှည်းလမ်းကို တိုအောင်ဖောက်ပြီး မောင်းနေကြတာ။

"အေးအေး ရပါတယ်၊ ရွာကိုလည်း ခြေလျင်ပဲသွားလိုက်ပါ့မယ် နီးနီးလေးပဲ"

ရွာအဝင်မှာ လယ်တဲတစ်လုံးစ နှစ်လုံးစ တွေ့လိုက်သည်။ ငါးမိနစ်ခန့် လျှောက်ပြီးနောက် လမ်းဘေးကပ်လျက်မှာရှိသော တဲအတွင်းသို့ ဝင်လိုက်သည်။

ရေငတ်သဖြင့် အမောပြေ ရေတောင်းသောက်မည်တူသော စိတ်ကူးနှင့် တဲအတွင်း ဝင်ခဲ့သည်။

တဲအတွင်းရောက်တော့ ထမင်းအိုးတည်နေသော အသက် နှစ်ဆယ်ဝန်းကျင်ခန့်ရှိ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်သည်။

တဲက ယာယီတဲဖြစ်သည်။ ကန္တားချည်ကို တစ်ဖက်က အပီ ချည်ပြီး ဆင့်ထိုးကာ နောက်ဖက်မှာကာပြီး လုပ်ထားခြင်းဖြစ်သည်။

နောက်ဘက်နှင့် ဘေးရင်းဘက်ကာပြီး ရှေ့ပိုင်း မကာထား သဖြင့် ညအိပ်တဲမဟုတ်။ နေ့ခင်းကိုင်းလာစောင့်သော တဲဖြစ်ကြောင်း မှန်းဆမိသည်။

ကိုင်းစိုက်သောရာသီမို့ သီးနှံပင်များ၊ စိမ်းစိမ်းစိုစို ပြောင်း၊



ပဲ၊ ဆေးရွက်ကြီး၊ ရုတ်၊ မြေပဲစိုက်ခင်းတို့ဖြင့် ပြည့်နေသည်။

"ကလေးမ ထမင်းချက်နေလား၊ ဘဘနေပူလို့ ဆယ်မိနစ်လောက် ခဏထိုင်မယ်"

"တုတ်တဲ့ထိုင်ပါ အဘ၊ ဘေးမှာ သောက်ရေအိုးရှိပါတယ်၊ အဘသောက်ပါ။ ရေနွေးကြမ်းတွေလည်း ရှိပါတယ်။ စောစောတုန်းက ရေနွေးဆူလို့ လက်ဖက်ခြောက် ခပ်ထားတာ"

"သမီး ထမင်းအိုးဆူကာနီးလို့ ခွင့်လွှတ်ပါ"

"ရပါတယ် လုပ်စရာရှိတာလုပ်ပါ"

ဆရာကြီးက ကလေးမအား ...

"အခု ကိုင်းထဲမှာ ဘာပင်တွေ စိုက်ထားလဲ"

"သမီးတို့ကတော့ မြေပဲနှစ်ဧကရယ်၊ ဆေးရွက်ကြီး တစ်ဧက၊ ရုတ်သုံးဧက၊ ခရမ်းချဉ်တစ်ဧက စိုက်ထားပါတယ်"

ထိုစဉ် အသက်သုံးဆယ်ခန့်ရှိ လူလတ်ပိုင်းတစ်ယောက် ရေထမ်းပုံးနှစ်လုံးနှင့် ရေထမ်းပြီး ဝင်လာသည်ကို တွေ့လိုက်သည်။

ဆရာကြီးက ထိုလူကို အသေအချာ စိုက်ကြည့်နေမိသလို ထိုလူကလည်း ဆရာကြီးကိုမြင်လိုက်သည်နှင့် မျက်နှာပျက်သွားလေ ဟန်တို့ကို့ထားသည်။

"ဆင်တို့ကြီး အခု ရုတ်ပင်တွေ ရေလောင်းပြီးပြီလား

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် နားတော့လေ”

“ရတယ် နွားတွေလွှန်ထားတာ နေပူနေပြီ၊ သွားဆွဲလိုက်ဦးမယ်”

ထိုလူက စကားတိုတိုတုတ်တုတ်ပြောပြီး ထွက်သွားသည်။

“အဘ ထိုင်ဦးနော် သမီးထမင်းအိုး ငှဲ့လိုက်ဦးမယ်”

“အေး ... အေး၊ လုပ် ... လုပ်၊ အဘလည်း အမောပြေရင် သွားတော့မယ်”

“အင်း ဒီသူငယ်ကိုကြည့်ရတာ ပုံမှန်မဟုတ်ဘူး။ လူလည်း မဖြစ်နိုင်ဘူး။ ဘုတ်ကောင် ဝင်ပူးကပ်နေတာပဲ ဖြစ်နိုင်တယ်။ ဇီမေးကြည့်ဦးမယ်”

စိတ်ကူးမိပြီးနောက် ဆရာကြီးက မိန်းကလေးအား

“ဒါနဲ့ ကလေးမ စောစောကသူငယ်နဲ့ ကလေးမ ဘာတော်လဲ”

“ကျွန်မရဲ့ အစ်ကိုအကြီးဆုံးပါ”

“ဘာဖြစ်လို့လဲအဘ”

“ဘာမှမဖြစ်ပါဘူး တူမရဲ့၊ သူနဲ့သမီးတို့က ဝမ်းကွဲလား၊ မောင်နှမအရင်းလား”

“မောင်နှမအရင်းပါ”





“ဒါဆို အဘမေးမယ်၊ သမီးတို့က မောင်နှမအရင်းဆိုတော့ သူ့ရဲ့အကျိုးအကြောင်းမှန်သမျှ အကုန်အစင်သိမှာပေါ့”

“တုတ်ကဲ့ သိပါတယ်၊ သူဘာများဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး တူမရဲ့၊ အဘက သူ့ကို စိတ်ဝင်စားမိလို့ပါ။ တူမအစ်ကို မကျန်းမာတဲ့ရောဂါ တစ်ခုခုများဖြစ်ဖူးသေးလား”

“ဘာရောဂါမှ မဖြစ်ဖူးပါဘူး”

“လူမှန်ရင် ရောဂါတစ်ခုခုတော့ ဖြစ်ဖူးမှာပဲ၊ ရောဂါကြီးတာ ငယ်တာတော့ ရှိတာပေါ့။ သမီး သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး။ ဘာရောဂါများ ကြီးကြီးကျယ်ကျယ် ဖြစ်သေးလဲဆိုတာ”

“လူမှန်ရင် ရောဂါဖြစ်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ သမီးမှတ်မိသမျှတော့ အိပ်ရာထဲလဲတဲ့အထိ အစ်ကိုကြီး ရောဂါမဖြစ်တာတော့သိတယ်”

“အခု လပိုင်းမဟုတ်ဘဲ လွန်ခဲ့သော တစ်နှစ်၊ နှစ်နှစ် သုံးနှစ်အတွင်း ဆိုပါတော့”

“အင်း မဖြစ်ဘူးထင်တာပဲ”

“ထမင်းစားတော့ အတူတူ စားကြတာလား”

သမီးတို့မောင်နှမက မိုးလင်းက မိုးချုပ် လယ်ထဲလာပြီး အစောင့်သဘောမျိုးနေ၊ လုပ်စရာရှိတာလုပ် မနက်စာ၊ ညစာ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်စားပြီး ညနေအိမ်ပြန်အိပ်ကြတယ်။ သူ့မှာ အိမ်ထောင်ရှိတယ်။ ခါတိုင်းဆို ယောင်းမပါ လိုက်လာတယ်။ ဒီနေ့ အဝတ်တွေလျှော်စရာရှိလို့ လိုက်မလာတာ”

“စပ်စုတယ်လို့တော့ ကလေးမ မထင်ပါနဲ့။ ကလေးမရဲ့အစ်ကို ထမင်းစားတဲ့အခါ သူလိုငါလို အေးအေးဆေးဆေးပဲလား၊ ရှိတဲ့တင်းနဲ့ ကြုံသလိုစားသလား၊

အစားအသောက်ကို သာသာငမ်းငမ်းနဲ့ မတင်းတိမ်မရောင့်ရဲနိုင်ပဲ စားသောက်သလား ပြောစမ်းပါ”

ထိုစကားကိုကြားတော့ စိတ်မရှည်သလိုဖြစ်နေသော မိန်းကလေး၏ မျက်နှာတစ်မျိုးပြောင်းသွားပြီး ...

“အဘမေးမှပဲ ထူးခြားတာ သတိထားမိတယ်”

“အစ်ကိုကြီး အစားအသောက် ပြောင်းသွားတာတော့ အမှန်ပဲအဘ”

“ကျွန်မတို့နဲ့ ထမင်းအတူတူစားတဲ့အခါ အစ်ကိုကြီးက အားလုံးထဲမှာ အစားဆုံးပဲ”

“ကျွန်မက ထမင်းချက်တဲ့လူဆိုတော့ သတိထားမိတယ်၊ ခါတိုင်း တစ်အိမ်လုံးစားဖို့တစ်ပြည်ချက်ရရင် အခုတစ်ပြည်ခွဲချက်ရတယ်”



“သူတစ်ယောက်တည်း ဆန်လေးငါးခြောက်လုံးချက်လောက်စားတာ တင်းဆိုအသားတင်းတစ်ခွက်ပါမှ”

“ကလေးမလေးက သရောကြီးမေးစရာမလို တစ်မျိုးပြီးတစ်မျိုးပြောပြနေသည်”

“အခု မနက်စောစော ယောင်းမချက်ပေးလိုက်တဲ့ အမဲသားတင်း ငါးဆယ်သားလောက်ကို ညစာကျန်အောင် မနည်းချန်ထားရတယ်”

“တင်းကောင်း မချက်မိတဲ့နေ့ သူ့ရဲ့ အဆူအဆဲကို ခံရတဲ့နေ့ပဲ။ ဒါကြောင့် အတတ်နိုင်ဆုံး အသားတင်းတစ်ခွက်ပါအောင်တော့ ချက်ကျွေးနေရတာပဲ”

“ဒဲ့ ဒီလောက်ဆို ကလေးမစဉ်းစားလို့ရနိုင်ပြီထင်တယ်၊ အဲဒီလို အစားသောင်းကြမ်းလာတာ ဘယ်လောက်ကြာပြီ ခန့်မှန်းမိလဲ”

“အင်း မှတ်မိပြီ၊ အခုလို ထမင်းတင်းပုံစံပြောင်းပြီး ချက်ကျွေးလာရတာ အနည်းဆုံး (၂)နှစ်လောက်တော့ ရှိပြီထင်တယ်”

“အေး ... အေး၊ ဒါနဲ့ သူ့မှာ ကလေးဘယ်နှစ်ယောက်ရှိသလဲ”

“ကလေးက နှစ်ယောက်၊ အတော်ကြီးပါပြီ။ အကြီးဆုံးက

www.burmeseclassic.com



ခုနစ်နှစ်၊ အငယ်ဆုံးက သုံးနှစ် နောက်ထပ်မမွေးတော့ဘူး"

"ကဲ ... ကဲ၊ အဘလည်းရွာထဲသွားဦးမယ်။ ကလေးမတို့က ကတုတ်ရွာကပဲလား"

"ဟုတ်ပါတယ်အဘ၊ ကတုတ်ရွာထဲကပါပဲ။ အဘက ကတုတ်ရွာက ဘယ်သူ့အိမ်ကို သွားမှာပါလဲ"

"အဘက သာခင်နဲ့ အေးမြင့်တို့အိမ်ကို သွားမှာ"

"ဩော် ဦးလေးသာခင်နဲ့ အရီးအေးမြင့်တို့အိမ်ကို သွားမှာပါလား။ သမီးတို့အိမ်နဲ့ဆို နှစ်အိမ်ပဲခြားတယ်။ အဘနဲ့ဘာတော်လဲ"

"အေးမြင့်က အဘညီအရင်းရဲ့ အကြီးဆုံးသမီးလေ"

"အရီးလေးအေးမြင့်ရဲ့ အဖေကပြီးခဲ့တဲ့ သုံးနှစ်လောက်က ပြွန်တန်းဆာမှာ ဆုံးသွားတယ်လို့ ကြားလိုက်တယ်"

"သူ့အဖေ ဆုံးတုန်းကတော့ ဆုံကြသေးတယ်။ ဒီရွာကို မရောက်တာတော့ ငါးနှစ် ခြောက်နှစ်လောက်ရှိပြီ"

"သူတို့ရှိပါတယ်၊ နေလည်းကောင်းကြပါတယ်"

"ကဲ အဘလည်း သွားတော့မယ်"

"ဟုတ်ကဲ့ ညကြမှ သမီး အရီးလေးတို့ဘက်ကို လာခဲ့ပါဦးမယ်"

"အေး လာခဲ့ လာခဲ့၊ အဘကမနက်ဖြန်ဖြန်မှာ"





"အဲ့ဒါ့ သမီးရဲ့နာမည်နဲ့ သမီးအစ်ကိုနာမည် ဘယ်လိုခေါ်လဲကွဲ့"

"သမီးနာမည်က ငွမ်းပုံပါ၊ အစ်ကိုကြီးနာမည်က ပေါက်စပါ။ သူ့မိန်းမနာမည်က မခန်းပွင့်ပါ"

"အေး ... အေး၊ [illegible]"

"ဒီလောက်သိရရင်တော်ပါပြီ၊ အဘဒီအကြောင်းတွေမေးတာ ကလေးမရဲ့အစ်ကို လုံးဝမသိစေနဲ့နော်"

"ဟုတ်ကဲ့ သမီးမပြောပါဘူး"

* * * * *

ဒေါ်အေးမြင့်လည်း မိမိခင်ပွန်းအစ်ကိုကြီး မိမိ၏ဘကြီးနှင့် တွေ့ရသည်မှာ အဖေဆုံးပြီးကတည်းကမြင်ရ၍ ယခုအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသဖြင့် ဝမ်းသာနေကြသည်။

ဘရောကြီးလည်း ဒေါ်အေးမြင့်အိမ်သို့ရောက်တော့ ဆယ်နှစ်ရက် ခွဲခန့်ရှိပြီ။

"ကိုသာခင် ဘကြီးစားဖို့ ဟင်းလေးဘာလေး စီစဉ်ထမ်းပြီး"

"တဲ့ အိမ်မှာ ဘာရှိလဲ ရှိတာပဲ ကျွေးကြတာပေါ့။ ငါတ သားကြီး ငါးကြီးမစားဘူး လုပ်မနေကြနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ငါးဘတ်နဲ့ မျှစ်ချဉ်ချက်ထားတယ်"

"အေး ငါးဟင်းနဲ့ ငါးပိရည်တို့စရာဆိုတော်ပြီ။ ငါအခု မောလာသေးတယ် မစားသေးဘူး"

"ဘကြီး စားမယ်ဆိုပြောနော်"

"အေး ... အေး၊ ပြောမယ်"

"ဘကြီးပြန်ရင် ပြွန်တန်ဆာအထိ လိုက်ပို့ပေးမယ်၊ ဘကြီး အခုဘယ်သွားရင်း လှည့်လာတာလဲ"

ဆရာကြီးက နှင်းဝိဇ္ဇာကပင့်၍ သွားခဲ့ကြောင်း ပြောပြလိုက်သည်။

"ဒါနဲ့ ဒီရွာမှာ ဘုတ်ဝင်နေတဲ့လူရှိတာ မသိဘူးလား။ ငါတော့ ရွာမဝင်ခင် တဲတစ်တဲမှာ ဘုတ်ဝင်နေတဲ့ လူတစ်ယောက်ကို တွေ့ခဲ့တယ်"

ဦးသာဇံ၏စကားကြားတော့ ဒေါ်အေးမြင့်တို့လင်မယား အံ့အားသင့်နေကြသည်။

"ဒီတစ်ခါ မြင်ရတဲ့ ဘုတ်ကတော့ ကြုံဖူးသမျှထဲမှာ အထူးဆန်းဆုံးပဲ။ အိမ်ထောင်နဲ့ကလေးနဲ့ လယ်ယာအလုပ်ကိုလည်း လူကောင်းတစ်ယောက်လိုဝင်လုပ်နေတယ်။ တွေ့စကတော့ ဟုတ်မှ ဟုတ်ပါ့မလားဆိုပြီး ဇဝေဇဝါဖြစ်နေသေးတယ်"





"ဒါနဲ့ပဲ သူနဲ့ ဆွေမျိုးသားချင်းတစ်ယောက်ကို မေးမှ တကယ်ပဲ အံ့ဩမကုန်နိုင်ဖွယ် ကြားသိခဲ့ရတယ်"

"အဲဒီဘုတ်ကောင်က ဘယ်မှာလဲ"

"ကလေးမနာမည်က ငွမ်းပုံတဲ့၊ သူ့အစ်ကိုနာမည်ကတော့ ပေါက်စတဲ့"

"ဘကြီးပြောတာက ပေါက်စလား"

"ဟုတ်တယ် သူ့မှာ ကလေးနှစ်ယောက်လည်း ရှိတယ်လို့ ပြောတယ်"

"ပေါက်စက လူကောင်းပါ ဘကြီးရဲ့။ သူက မိုးဆိုလည်း မိုးအလျောက် လယ်လုပ်တယ်၊ နွေဆိုလည်း ယာအလုပ်လုပ်တယ်၊ ဘုတ်ဖြစ်နိုင်မလားဘကြီးရဲ့"

"ကျွန်မတို့ ကြားဖူးသမျှတော့ ဘုတ်ဆိုတာ အိပ်ရာထဲမှာ လဲနေပြီး ထမင်းစားမှ ထစားတာ ညတက်လူတွေအိမ်မှ စားစရာတွေ ခိုးစားတာ အဲဒီလို ကြားဖူးပါတယ်"

"ကဲ ယုံတာမယုံတာ၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာထားတော့ ... သာခင် သူ့မိန်းမကို သွားခေါ်ခဲ့စမ်း၊ ငါနည်းနည်းပါးပါး မေးစမ်းကြည့်ပါဦးမယ်"

ခဏကြာတော့ မစန်းပွင့်လည်း ဒေါ်အေးမြင့်အိမ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ကဲ စန်းပွင့်ရေ ... အဲ့ဒါ ငါ့အဖေရဲ့အစ်ကိုကြီး ငါ့ရဲ့ ဘကြီးပေါ့။ သွား ... ဘကြီးနားကို၊ ညည်းကို နည်းနည်းပါးပါး မေးစရာရှိလို့တဲ့"

မစန်းပွင့်လည်း ဆရာကြီး ဦးသာဇံအနီးမှာ ကြုံ့ကြုံ့လေး သွားထိုင်နေသည်။

"ဘကြီး ... ကျွန်မကို ခေါ်တဲ့အကြောင်းကိစ္စ သိပါရစေ"

"ဒီလို ကလေးမရဲ့ ကလေးမရဲ့ ခင်ပွန်း မောင်ပေါက်စတော့ ရောဂါဝေဒနာများ ရှိခဲ့သေးလား။ ဖျားတာ၊ နာတာ အိပ်ရာပေါ် လဲနေတာ၊ ထိခိုက်မိတာတစ်ခုခုပေါ့"

မစန်းပွင့်လည်း စဉ်းစားတာန်ပြုရင်း ...

"တစ်ခါမှ ဖျားတာနာတာ မရှိပါဘူးဘကြီး။ မှတ်မှတ်ရရကို မရှိတာပါ။ အိပ်ရာပေါ်မှာလည်း လဲတယ်ဆိုတာ မရှိပါဘူး"

"သေသေချာချာ စဉ်းစားပါဦး တူမရဲ့။ သူတောထဲသွားတဲ့ အခါ ကြောက်လန့်ပြီး ထိတ်လန့်မိတာမျိုး ထိခိုက်မိတာမျိုးများ ရှိလားလို့ပေါ့။ လိပ်ပြာလွင့်မတတ်ဖြစ်တာမျိုးပေါ့"

"သတိရပြီ ဘကြီး။ လွန်ခဲ့တဲ့သုံးနှစ်လောက်က အငယ်ဆုံး တောင် ကိုယ်ဝန်ရင့်နေတဲ့အချိန် အုန်းရေသောက်ချင်တယ်ပြောမိ





တာနဲ့ အဖေတို့ခြံက အမြင့်ဆယ့်ငါးပေလောက်ပဲရှိတဲ့ အုန်းပင်ကို သွားတက်တယ်"

"အုန်းပင်ပေါ်က ကျတာ အုန်းခက်နဲ့ပြည်သံကြားလို့ ကျွန်မ ဗိုက်ကြီးကိုတောင် သတိမရဘဲ သူ့ဆီပြေးသွားတာ သူက ဖုတ်ခတ်ခါ ထပြီး ငါဘာမှမဖြစ်ဘူး။ စိုးရိမ်မနေနဲ့လို့ ပြောတယ်"

"ကိုယ်လက်တွေနာလား ခြေထောက်နဲ့လက် တစ်ခုခုများ ထိခိုက်သေးလားလို့မေးတာ ဘာမှမဖြစ်ဘူးတဲ့။ ကျွန်မကလည်း ခါးလောက်အသံကြီးပြည်အောင် ကျတာ ဘာမှမဖြစ်တာ အံ့ဩ စရာလို့ တွေ့သမျှလူ ပြောမိသေးတယ်"

"အဲဒီ အဖေသိချင်တာလည်း ဒီလိုဖြစ်တာပဲ။ အဘနေရှုလို့ တူမကြီးတို့တဲ့မှာ ခဆာဝင်နားတာ ဂွမ်းပုံဆိုလား ထမင်းချက်နေတဲ့ မိန်းမလေးနဲ့ စကားပြောနေကြတုန်း မောင်ပေါက်စကို မြင် လိုက်တာ"

"အဘ သူ့ကိုမြင်တော့ သေသေချာချာကြည့်မိတယ်၊ အဲဒီ အရာယ်က လူ့ခန္ဓာမှာဝင်နေတဲ့ ဘုတ်ကောင်တစ်ကောင်မှန်း သိလိုက် တယ်"

ထိုစကားကြားလိုက်သည်နှင့် မစန်းပွင့်က ငိုမလိုမျက်နှာနှင့် တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာကာ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဖြင့် ကျွန်မဘာယ်လိုလုပ်ရမှာလဲ ဘကြီး၊ ဒီဘုတ်ကို ထွက်အောင် လုပ်နိုင်ရင် လုပ်ပေးပါ။ ကျွန်မသူ့ကိုကြောက်တယ်"

"တစ်ခုသိချင်သေးတယ် သူငယ်မ၊ ဒီသူငယ် အစား အသောက်ကရော ဘယ်လိုရှိလဲ"

"ဟုတ်တယ်ဘကြီး၊ အစားအသောက်ကြမ်းတာကတော့ သိသာတယ်။ အုန်းပင်ပေါ်ကကျပြီးတဲ့နောက်ပိုင်း တစ်ခါစားရင် ဆန်လေးလုံးလောက်စားတယ်၊ အသားဟင်းမပါရင် မစားဘူး။ အဲဒါကိုတော့ တစ်အိမ်လုံး အံ့ဩနေတာ"

"သူ့ကို ဘုတ်မှန်း မရိပ်မိကြတာက လူကောင်းတစ်ယောက် လို သွားလာနေထိုင် လုပ်ကိုင်နေလို့ပဲ"

"တင် ရေးတုန်းက ရွာတစ်ရွာမှာ အင်္ဂလိပ်အုပ်စိုးစ အချိန်က ဘုတ်ဝင်တဲ့လူတစ်ယောက် ရွာသူကြီးလုပ်ပြီး အုပ်ချုပ်ခဲ့တာရှိခဲ့ ဖူးတယ်တဲ့။ အဲဒီဘုတ်သူကြီးလည်း ရပ်ရေးရွာရေး သူခိုးဓားပြ ရန်ကို ကာကွယ်ပေးပြီး လူကောင်းတွေလိုပဲ စီမံအုပ်ချုပ်နေခဲ့တာ သူ့မိသားစုတောင် မသိဘူးတဲ့"

"အခု မောင်ပေါက်စလည်း အဲဒီလို ဘုတ်အမျိုးအစားပဲ။ အစားသာကြူးပြီး အိပ်ရာပေါ် လဲမနေတော့ ဘယ်သူမှ မသင်္ကာ မဖြစ်ဘူးပေါ့"





"ဒါဆို ဘကြီးက ကျွန်မယောကျ်ားခန္ဓာကိုယ်မှာကပ်နေတဲ့ ဘုတ်ကိုနှင်ထုတ်ပေးနိုင်မှာလား"

"အေး ဘကြီးက နယ်တကာလှည့်ပြီး ဆေးကုနေတာ အမှော်ပယောဂ မှန်သမျှလည်း ကုပေးတယ်။ အခုလို ဘုတ်ဝင် တာကိုလည်း ထုတ်ပေးနိုင်တာပေါ့ကွယ်"

"ဒါပေမဲ့ သူငယ်မ စဉ်းစားဦး၊ အခုအတိုင်းနေလို့လည်းရ နေတာပဲ။ သူလည်း သူ့အလုပ်သူလုပ် သူ့ခန္ဓာကိုယ်က မစွာမချင်း နေလို့ရနေသေးတာပဲ။ တကယ်လို့ သူ့ခန္ဓာကိုယ်မှာ စွဲနေတဲ့ ဘုတ်ကို ထုတ်လိုက်ရင် လူ့ခန္ဓာမှာ နှစ်ရှည်လများ တွယ်ကပ် စားသောက်နေတာဆိုတော့ သူ့ကိုနှင်ထုတ်လိုက်ရင် ကျန်တဲ့ ခန္ဓာကိုယ်က လူကောင်းအဖြစ် ကျန်ခဲ့ဖို့အခွင့်အရေး နည်းတယ်။ အသက်မဲ့ခန္ဓာ ဖြစ်နိုင်ခြေ များတယ်"

"ကျွန်မတို့လည်း လူမှာ ဘုတ်ဝင်နေမှန်းသိထားမှတော့ ဘယ်လိုမှ အတူတူမအိပ်ဝံ့တော့ဘူး။ ဘုတ်ထွက်သွားအောင်သာ လုပ်ပေးပါ ဆရာကြီးရယ်။ သူအသက်ရှိရှိ အသက်မဲ့မဲ့ ကျွန်မ ကျေနပ်ပါတယ်"

ဆရာကြီးက စိတ်မကောင်းစွာနှင့် ...

"ကလေးမ သေသေချာချာ စဉ်းစားနော်။ သူ့ကို အစာ



www.burmeseclassic.com

www.burmeseclassic.com



ကျွေးပြီး နိုင်ငံတော်ကမယ်ဆိုရင် သူ့ဒီအတိုင်းသက်ပြီး [illegible] လူကောင်း အတိုင်းပဲပေါ့"

"ဘုတ်ထွက်သွားရင် ကလေးမရဲ့ဗိုက်ထဲမှာ [illegible] သေးတယ်ဆိုရင် ဆရာကြီး ရောဂါရှိသမျှ ကင်းကင်း[illegible] ပျောက်အောင်ကုပေးမယ်၊

ဒါပေမဲ့ သုံးနှစ်လောက် လူကိုမှီတွယ်ရင် ဘုတ်ကောင်က ညှင်းပန်းထားလို့ ဘုတ်ထွက်သွားရင် အသက်ရှင်ချင်မှရှင်မှာ၊ ပြန်ကောင်းမယ်လို့တော့ အာမမခံနိုင်ဘူး"

"ကျွန်မလည်း ဘယ်လိုမှ မပြောတတ်တော့ပါဘူး"

ထိုအချိန် ဒေါ်အေးမြင့် အိမ်ပေါ်သို့ ပေါက်စ[illegible] လာရောက် နားထောင်နေသည်။

မိဘများ၏ သဘောထားကိုလည်း ဆရာကြီးကမေးသည်။

သူ့ကံနဲ့ သူ့အတိုင်းသာ ရှိပါစေတော့၊ ကျွန်မတို့အတွက် ငဲ့ညှာပြီး ဘုတ်ကိုသာ ထုတ်ပေးပါ ဆရာကြီး။

"ဖြစ်ပျက်သမျှ သူ့ကံ၊ ကျွန်မတို့ကံလို့ပဲ မှတ်ယူပါ့မယ်"

"အင်း ကံကိုသာ ပုံချရတော့မှာပဲ။ ကံရှိသေးရင် မောင်ပေါက်စ အသက်ရှင်ကျန်ရစ်မှာပါ"

ပြောပြီး လွယ်အိတ်ထဲမှ [illegible]စက္ကူတစ်ချပ်ကိုယူလိုက်သည်။



[illegible] အင်းချရေးလိုက်သည်။

"[illegible] ဒီအင်းကို သူအိပ်တဲ့ခေါင်းရင်းတိုင်အမြင့်မှာ [illegible] [illegible]မှုန့်တွေကိုသူ့ရဲ့အိပ်ရာအောက်မှာ [illegible]"

"[illegible] အကြောင်းကိုစွတ်ရက်ပြီး [illegible] သွား [illegible] ရှုပြားမှာပဲ"

"ဟုတ်ကဲ့ ဆရာကြီး မှာတဲ့အတိုင်း လုပ်ပါ့မယ်"

"[illegible] ဒါတိုင်းလို ပြောဆို[illegible] မှုပျောက်အောင်နေမယ်"

"သူ့တော့ ချက်ထားပြုတ်ထားတာရှိရင် ဒါတိုင်းလိုပဲ ထားပါစေ"

"ဟုတ်ကဲ့ မူမပျက်အောင် သတိထားပြီးလုပ်ကိုင်ထားပါ့မယ်"

အဘေးအချာမှာကြားပြီးသည်နှင့် ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

ညနေရောက်တော့ လယ်ကွင်းထဲမှ ပေါက်စနှင့်ဝွမ်းပုံတို့ ပြန်လာကြသည်။ ဝွမ်းပုံက စကားအများကြီး ပြောသော်လည်း ပေါက်စက စကားနည်းလှသည်။

အိမ်သို့ပြန်ရောက်ပြီး မကြာခင် ပေါက်စက [illegible]ဖြစ်သူကို

www.burmeseclassic.com



မမြင်သဖြင့် မိခင်ကြီးအားမေးသည်။

"အမေမစန်းပွင့်တို့ သားအမိ မမြင်ပါလား"

"သူ့အမေ နေမကောင်းလို့ မှာလိုက်တာနဲ့ သွားကြတယ်။

"မင်းအလာကို စောင့်ဦးမလို့ပဲ၊ လှည်းကြုံကလည်းရှိ တစ်ည တည်းအိပ်ပြီး မနက်ပြန်လာမှာဆိုကော့ မင်းအလာမစောင့်တော့ဘဲ သူတို့သားအမိ လိုက်သွားတယ်"

"မင်း ထမင်းစားရအောင် ရေသွားချိုးလိုက်"

"လယ်ကွင်းထဲက ချိုးခဲ့ပြီးပြီး အဝတ်အစားပဲလဲလိုက်တော့ မယ်"

"ဘာဟင်းချက်ထားလဲ"

"ကြက်သားဟင်း ချက်ထားတယ်"

"အမေထည့်လိုက်လေ အဝတ်အစားလဲလိုက်ဦးမယ်၊ အသည်း အမြစ်လည်း ထည့်ဖို့ မမေ့နဲ့ဦး"

"အေးပါ နင်အစားကြီးမှန်း သိလို့ အူစုံအသည်းစုံပါ သေချာ ချန်ထားတယ်"

ဒေါ်တိုင်းလည်း အစားသောင်းကျန်းသော သားဖြစ်သူအား ဆိုဆိုဆဲဆဲ ထည့်ပေးနေကြဖြစ်သဖြင့် ပေါက်စအတွက် အထူး အဆန်း မဟုတ်။ သူ့ကိုဘယ်လိုပြောပြော အသားဟင်းစားရဖို့က





အဓိက ဖြစ်သည်။

တစ်ပန်းကန်ပြီးတစ်ပန်းကန် ဆန်လေးငါးလုံးချက်ခန့် ပြောင် သွားသည်။

"ကဲ တော်တော့၊ ဟင်းက မင်းညီမနဲ့ မင်းအဖေအတွက် ချန်ထားတာပဲ ကျန်တော့တယ်"

ပေါက်စလည်း မထချင်ထချင်နှင့် ထပြီး လက်ဆေးလိုက်သည်။

"ကဲ ခဏနေရင် ဟင်းကုတ်ထဲသွားပြီး နွားတွေကို ကောက် ရိုးသွားထည့်ပေးလိုက်ဦး။ သန့်ရှင်းရေးလည်းလုပ်ခဲ့ပြီးမှ အိပ်ချင် အိပ်တော့"

ပေါ့က်စက တဲကပြန်ရောက်ကတည်းက မျက်နှာမကောင်း စကားသိပ်မပြော။ ဖနီးကိုမတွေ့၍ မေးသည်၊ မည်သည့်ဟင်းချက် ထားလဲမေးသည်။

ထိုထက်ပို၍ စကားမပြော၊ မိခင်ခိုင်းသည့်အတိုင်း နွားများကို အစာထည့်ကျွေးလိုက်ပြီး နွားချေးကြုံးသည်။ တံမြက်စည်း လှည်း သည်။

ညရှစ်နာရီထိုးတော့ သူတို့လင်မယားအတွက် လုပ်ပေးထား သော အခန်းတွင်ဝင်၍ အိပ်သည်။

သူ၏အိပ်ရာမှာ အထက်လမ်းဆရာ၏ ဆေးအင်္ကျီဝရင်များရှိ



www.burmeseclassic.com

www.burmeseclassic.com



သည် မရှိသည် သိသည်လား မသိသည်လားတော့မသိ။

စကားနည်း မျက်နှာမကောင်းရှာရှာနှင့် အိပ်ရာထဲဝင်ပြီး အိပ်တော့သည်။

တကယ်တော့ မစန်းပွင့်တို့ သားအမိမှာ အခြားရွာသို့ သွား၍ အိပ်ခြင်းမဟုတ်ပါ။

ဦးသာခင် ဒေါ်အေးမြင့်တို့အိမ်မှာ ဆရာကြီး၏ အမိန့်မှာကြားချက်အရ လာအိပ်ခြင်းဖြစ်သည်။

မနက်မိုးလင်းတော့ ပေါက်စ၏ဖခင်က အကြောင်းစုံ၍ လာရောက်အကြောင်းကြားသည်။

ဘုတ်က မည်သည့်အချိန်က ပေါက်စခန္ဓာကိုယ်မှ ထွက်သွားသည်မသိ

ကာယကံရှင်ပေါက်စ၏ အသက်မဲ့ခန္ဓာကိုယ်ကြီးကသာ အိပ်ရာပေါ်မှာ ပက်လက်အနေအထားနှင့် ရှိနေသည်။

ပေါက်စ၏ဖခင်က အိမ်သားများအား အကျိုးအကြောင်းပြော ပြလိုက်သည်နှင့် အော်တစ်ငိုသံက နှစ်အိမ်ကျော်မှာ ရှိနေသော မစန်းပွင့် ကြားလိုက်ရသည်။

"ဆရာကြီး ကိုပေါက်စ ဆုံးသွားပြီတဲ့"

"အင်းသူ့ရဲ့ကံက ဒီလောက်ပဲ ပါတာတို့။ စိတ်တိုဖြေပါ



သရဲပိုင်သည့် ခန္ဓာကိုယ်က ထွက်သွားတာကောင်းပါတယ်။ အားလုံး ရဲ့စိတ်ထဲ ရှင်းသွားတာပေါ့"

"ကဲ ကလေးမ အိမ်ကိုပြန်၊ ဘုတ်ထွက်သွားတဲ့အတွက် သေပြီးသားခန္ဓာကိုယ်က ခြောက်ကပ်ပြီး ကျန်ခဲ့မှာ"

"မှတ်ရှင်းသည်ပြတ်ခိုင်းလိုက်"

မစန်းပွင့် ကလေးများကိုခေါ်ပြီး အိမ်သို့ပြန်သွားသည်။

ဆရာကြီးပြောလိုက်သည့်အတိုင်း ဘုတ်ထွက်သွားပြီး ကျန်ခဲ့ သော ပေါက်စ၏ ခန္ဓာကိုယ်မှာ မနေ့က တွေ့ခဲ့ရသော ပြည့်ဖြိုး ဖြိုးဖြိုးခန္ဓာကိုယ်အဖြစ် ရှိမနေတော့ဘဲ အသုဘအသေကောင်တို့ နေပြင်းပြင်းမှာ အခြောက်လှမ်းထားသောခန္ဓာကိုယ်အဖြစ် ကျန်ခဲ့ သည်ကို ထူးဆန်းစွာ တွေ့လိုက်ရတော့သည်။

ဘုတ်ထွက်သွားလျှင် ပုတ်တောင်လျက် အရည်တွဲရွဲ ကျန်ခဲ့ မည်ဟု ထင်ထားပေမယ့် ထိုကဲ့သို့ ဖြစ်မနေခြင်းကြောင့် သူတို့ အားလုံးအတွက် အရာရာအထူးအဆန်းတွေသာ တွေ့ကြုံနေရသည်။

ထို့ကြောင့် ဆရာကြီးမှာသည့်အတိုင်း ကြာကြာမထားဘဲ အသေ ကောင် ရုပ်အလောင်းခဲ့သည့် ခန္ဓာကိုယ်ကြီးအား သင်္ချိုင်းသို့ပို့ဆောင် မီးသင်္ဂြိုဟ်လိုက်ကြတော့သည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# သရဲမကြောက်ဘူး

"တော့ တင်ဝင်း … ဘယ်က လှည့်လာတာလဲ ဝင်ပါဦးကွ"

"မဝင်တော့ဘူးကွာ၊ ငါ သွားစရာ ရှိသေးတယ်"

"မင်းကို ကျော်ဝင်းက မြူစူချင်လို့ ခေါ်ခိုင်းနေတာ"

"မင်းတို့ ဝိုင်းမှာ ကျော်ဝင်းကို မမြင်ပါလား"

တင်ဝင်းက ခြံအတွင်း မျက်လုံးဝေ့ပြီး ကြည့်နေစဉ် နောက်မှ ပခုံးပုတ်လိုက်ခြင်းကို ခံလိုက်ရသည်။

ထို့ကြောင့် နောက်သို့ လှည့်ကြည့်လိုက်စဉ် ကျော်ဝင်း ဖြစ်နေသည်ကို တွေ့လိုက်သည်။

ကျော်ဝင်းက လွယ်အိတ်တစ်လုံး လွယ်ထားသည်။ လွယ်အိတ်ထဲမှာ ပုလင်းသုံးလုံး တွေ့လိုက်သည်။





"လာကွာ … ငါတို့ အခုမှ ဝိုင်းဖွဲ့မလို့"

"သောက်တော့ သောက်ချင်တယ်၊ ငါ့ကို ဦးလေးတင်စိုးတို့ အိမ်ကို အမေ လွှတ်လိုက်လို့ အရက်သောက်သွားရင် မကောင်းဘူး"

"ငါတို့ လေးယောက်ထဲ ဖျင်းလို့ပါကွာ၊ ပုလင်းသုံးလုံး ငါးယောက်ဆို အတော်ပဲ၊ လေးယောက်ဆို နည်းနည်းများနေတယ်"

"အမြည်းရှိလား"

"ရှိတယ် … ညွန့်မောင် ကြက်တစ်ကောင် ပါလာတာနဲ့ ဗူးသီးတစ်လုံးနဲ့ ကာလသားဟင်း ချက်ထားတယ်"

"အင်း … နည်းနည်း စိတ်ဝင်စားသွားပြီ၊ နောက်နေ့မှ ဦးလေးအိမ် သွားတော့မယ်"

"အဲဒီလို လုပ်စမ်းပါ … လာ ဝင်ကြမယ်"

ကျော်ဝင်းလည်း တင်ဝင်းနှင့်အတူ ခြံထဲဝင်လိုက်လာတော့သည်။

သူတို့အိမ်ပေါ်မတက်ဘဲ အိမ်ရှေ့သရက်ပင်အောက်ရှိ ကွပ်ပျစ်ပေါ်မှာ ထိုင်ကြသည်။ ကွပ်ပျစ်ပေါ်မှာ ဘာမှ မရှိသေး။

"တင်း ကျက်ပြီလား ညွန့်မောင်"

"ကျက်တော့မယ်၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်ဆို ကျက်ပြီ"

"အေးမြင့်နဲ့ သိန်းဇော်တို့ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တင်းချက်နေကြတယ်"

"သွားကွာ၊ ပန်းကန်လုံးတွေ သွားဆေးလိုက်"

ညွန့်မောင် အိမ်ပေါ်တက်သွားသည်။ ခေတ္တကြာတော့ သရက်သီးစိမ်းကို ငါးပိချက်ရည်နှင့် ချက်ထားသည့် [illegible] ပန်းကန်တစ်ချပ်၊ ရေနွေးအကြမ်းပန်းကန် [illegible] ပြန်ဆင်းလာသည်။

"ဟဲ့ ကျော်ဝင်း ငှဲ့လေ"

မောင်မြင့်နှင့် သိန်းဇော်တို့ပါ [illegible] ရောက်လာကြသည်။

"တင်းထားဆိုရင် ကျွတ်ပြီ၊ [illegible]"

သူတို့ တစ်ပန်းကန်စီကျန်တော့ [illegible] နေတဲ့ အိမ်ထဲမှ အပြည့်လုပ်ရှိ [illegible] စပြီး လာပေးသည်။

"အမေတို့တစ်ခို့ အရင်စပ်ထားဦးနော်"

"အေး ခပ်အေးအေးပဲ ... ထယ်နေရာ ... စကြဦးမလား"

"မလားတော့ဘူးအမေ ကျွန်တော်တို့ ဒီလောက်ဆို လုံလောက်ပြီ"

အချိန်က ညနေ ငါးနာရီကျော်ပြီ၊ သူတို့ အရက်သုံးလုံးနှင့် အမြည်းတွဲပြီး သောက်နေကြသည်။

စကားများ ရောက်တတ်ရာရာ ပြောကြသည်။



ညွန့်မောင်က သရဲခြောက်သည့်စကား ပြောဖြစ်သွားသည်။

"တာ ... သရဲခြောက်တာ ငါ တကယ် ကြုံဖူးတယ်။ ငါ့ကြောင့်ဆိုရင်လည်း မမှားဘူး"

"ဘယ်လို ငါ့ကြောင့်လဲ"

"ငါ့ဦးလေး ဆိုးတုန်းက ဆိုပါတော့ကွာ"

"အသုဘကို ငါးရက်ပြည့်တော့ သင်္ချိုင်းပို့ပြီး မြေမြှုပ်တာပေါ့ကွာ"

"ငါတို့ အလောင်းထမ်းရမှာဆိုတော့ အရက်သောက်ထားကြတယ်။ အလောင်းကို မြေချတယ်ဆိုပါတော့ကွာ"

"မြေချပြီဆိုတော့ လာပို့တဲ့လူအားလုံး ပြန်တုန်တာပေါ့"

"အင်း ... ဆိုပါပြီး၊ ဘာဖြစ်တာလဲ"

"သင်္ချိုင်းမှာ ဘာမှ မဖြစ်ဘူး"

"ငါ့အဒေါ်က ရက်လည် သပိတ်သွတ်တရားနာဖို့ သင်္ချိုင်းက သစ်ကိုင်းတစ်ခက် ချိုးပြီး သူ့ယောက်ျားကို အသုဘအိမ် လိုက်ခဲ့ဖို့ ခေါ်သွားတာပေါ့"

အသုဘချပြီးလျှင် ရက်လည်တရားနာရန် လိပ်ပြာခေါ်ရသည့် ဓလေ့ရှိသည်။ သေသူလိပ်ပြာကိုခေါ်သောသူက နောက်ပြန်မလှည့်ကြည့်ရပါ။

မိထွေးသွားမာဇေ

www.burmeseclassic.com

www.burmeseclassic.com



နာရေးအိမ်သို့ တန်းပြီးသွားရသည်။ အိမ်မှာ နေရာပေးထားရသည်။ သက်ပျောက်အဝတ်အစားပေါ်တင်၍ သောက်ရေခွက်တို့ ထားပေးရသည်။ တစ်ယောက်က ခေါ်ပြီးလျှင် နောက်တစ်ယောက် ခေါ်၍မရ။

"ငါက မူးမူးနဲ့ ဘယ်သူမှ မခေါ်ရသေးဘူးထင်ပြီး လူတတ်လုပ်လို့ ခဲတစ်လုံးကို ကောက်ကိုင်ပြီး အိမ်လိုက်ခဲ့ဖို့ ခေါ်တာပေါ့၊

နာရေးအိမ်လည်းရောက်ရော သေသူရဲ့ အဝတ်အစားပေါ်မှာ သစ်ခက်ကလေး ချထားတာ တွေ့လိုက်တယ်၊

ငါ့အခေါ် ဦးလေးလိပ်ပြာကို ခေါ်ခဲ့ပြီးပြီဆိုတာ သိလိုက်တာနဲ့ ငါကိုင်ထားတဲ့ ခဲလုံးကို အိမ်ပေါ်တက်တဲ့ ဗိနပ်ချွတ်သစ်တုံးဘေး ပစ်ချလိုက်တယ်၊

သရဲတစ္ဆေကို အယုံအကြည်မရှိတော့ အမှတ်တမဲ့ပဲ နေလိုက်တယ်၊

ရက်လည်တရားနာပြီး အမျှဝေ သာဓုခေါ်လိုက်ကြတယ်။ အားလုံးပြီးစီးသွားပြီပေါ့။ ဒါပေမဲ့ မပြီးသွားဘူး။ နောက်နေ့ ညရောက်တာနဲ့ ခြံထဲမှာ ခြေသံတွေ ကြားရတယ်၊

ငါညဘက် အပေါ့ထသွားတော့ ခြံထဲမှာ ဖြူဖြူအရိပ်ကြီး သွားနေသလို မြင်ရတယ်၊





အဲဒီ ဖြူဖြူကြီး လှည့်ပတ်သွားနေတာကို အိမ်သားတွေကတင် မဟုတ်ဘူး။ ဘေးအိမ်ကလူတွေပါ ညဘက်မြင်နေရတယ်၊

ဦးလေးအိမ်မှာ တစ်ည၊ နှစ်ည စောင့်အိပ်ပေးပြီး ငါ့အိမ် ပြန်အိပ်တာပေါ့။ ဦးလေးအိမ်နဲ့ ငါတို့အိမ်က နှစ်အိမ်ပဲခြားကာ၊ ဦးလေးတစ်ယောက် အိမ်နဲ့မိသားစု စွဲလန်းပြီး မသွားနိုင်သေးဘူးပဲ ထင်ကြတာပေါ့"

"ငါ့လိုပဲ တစ်မျိုးလုံး တစ်ဆွေလုံး ထင်ကြတာပေါ့"

"လေးရက်မြောက်ညဦးပိုင်းမှာ ငါ့အနှီကလေးကို ဝင်ပူးပါ လေရောကွာ"

"အဲနဲ့ ငါ့အခေါ်က သူ့ယောက်ျား ဝင်ပူးတယ်ထင်တာ၊ မေးရင်းမေးရင်းမှ သူ့ယောက်ျားမဟုတ်ဘဲ သချိုင်းထဲက သရဲမ တစ်ကောင် ဖြစ်နေတာ သိလိုက်ရတယ်၊

သူ့ကို ပြန်ပို့ပေးဖို့ ပြောနေတာ"

"ဘယ်သူကခေါ်ခဲ့လို့ ပြန်ပို့ပေးရမှာလည်းမေးတော့ သရဲမက ငါ့နာမည်ကို ပြောပြတယ်။ အဲဒီကောင်လေးက အိမ်ကို လိုက်ခဲ့ ဆိုပြီး ခေါ်ခဲ့တယ်၊ ပြီးတော့ အိမ်ဝမှာ နေခိုင်းတယ်တဲ့"

"ဟာ ... ဒီကောင်၊ ဘာတွေ အရက်မူးမူးနဲ့ လျှောက် လုပ်လာလဲ မသိဘူး၊ သွား ညွှန့်မောင်ကို သွားခေါ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါနဲ့ ငါလည်း လိုက်သွားရတာပေါ့၊ ဒီကိစ္စကို ငါ သတိမရဘူး။ မှုတုန်းလုပ်ခဲ့တာဆိုတော့ နည်းနည်းမေ့ချင်နေပြီ။ သရဲမက အစဖော်ပေးတယ်။ ငါလည်း အဖြေကို ရှင်းပြလိုက်ရတာပေါ့"

"ကျွန်တော်က ဦးလေးကို မြေချတဲ့နေ့က တရားနာဖို့ ဝိညာဉ်လိပ်ပြာကို မခေါ်ခဲ့ရသေးဘူး ထင်တာနဲ့ မြေကြီးခဲတစ်ခဲ ကောက်ပြီး လိုက်ခဲ့ဖို့ ခေါ်ခဲ့တာ၊

အိမ်လည်းရောက်ရော ဦးလေးကို ခေါ်လာပြီးပြီဆိုတာ အကျီအပုံပေါ်က သစ်ခက်လေးကို တွေ့လို့ သိလိုက်တယ်။ အဲဒါကြောင့် လက်ထဲက ခဲလုံးကို အိမ်ဝ ကပြင်နားမှာ ချလိုက်တယ်"

"မင်းကြောင့် သူ့သချိုင်းကို မပြန်ရဘဲ ဒီမှာနေရတဲ့အကြောင်း ပြောတာပေါ့"

"အဲ့ဒါနဲ့ ငါပစ်ချထားတဲ့ ခဲလုံးကို သွားကြည့်မိတယ်။ လား ... လား၊ ဖိနပ်ချွတ်အောက်မှာ ရှိနေတုန်းပဲ"

"မနက် ပြန်ပို့ရင်ရလားလို့ မေးတော့ သရဲမက ဒီအတိုင်း ပြန်ပို့လို့တော့ မရဘူး၊ ခေါ်လာပြီးမှ အသားတင်းတစ်ခွက်ချက်ပြီး ထမင်းနဲ့ မြို့ဝမှာ ချထားပေးမှ ပြန်မယ်တဲ့"

"အားလုံးက ညနေခြောက်နာရီ မြို့ဝမှာ ကျွေးမယ်ပြောလိုက်ပြီး မကြာခင် ထွက်သွားတယ်"





" ၆ နာရီ၊ သူ့ကို အစာကျွေးပြီးတာနဲ့ ငါ့အဖေရယ်၊ ငါရယ်၊ ငါ့ယောက်ဖရယ် သုံးယောက် ဓာတ်မီးတစ်လက်စီနဲ့ သချိုင်းကိုသွားပြီး ခဲလုံးကို ပြန်ပို့လိုက်ရတယ်"

"တကယ်ပါပဲ၊ မလေ့ထုံးစံကို ပေါ့ပျက်ပျက် လုပ်မိတဲ့ အကျိုးအကြောင်း တစ်ခုပေါ့"

"မင်းက ကိုယ်တွေ့ဆိုတော့ မဆိုးပါဘူး၊ ငါက ငါ့အဖေ ပြောဖူးတဲ့ ဖြစ်ရပ်မှန်လေးအကြောင်း ပြောပြမယ်"

ကျော်ဝင်းက စကားစသည်။

"ငါတို့ မြို့မှာ ဆိုပါတော့ကွာ"

ရပ်ကွက်နှစ်ခုကြားမှာ လေးထောင့် မတုတ်တဲ့ သုံးမြှောင့် မြေကွက်လပ်တစ်ခု ရှိခဲ့တယ်၊

ထိုတြိဂံဖြစ်နေသော မြေကွက်လပ်က ကျယ်သောနေရာတာ ပေခြောက်ဆယ်လောက်ကျယ်ပြီး အလယ်မှာ အုတ်ရေတွင်းပျက် တစ်ခု ရှိနေသည်။

ညနေဆိုလျှင် ထိုကွက်လပ်မှနေ၍ ကလေးများ စွန်လွှတ် ကစားလေ့ရှိသည်။

ကလေးများသာ အများဆုံး လာလွှတ်ကြပြီး၊ လူကြီးများတော အနည်းငယ်မျှသာ လာလွှတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် စွန်လွှတ် လာကစားကြသော ကလေးများထဲမှ ခုနစ်တန်းကျောင်းသားလေးတစ်ယောက် စွန်ကို လွှတ်တင်ရင်း၊ နောက်ဆုတ်နောက်ဆုတ်နှင့် စွန်ကြိုးကို တင်လိုက် လျှော့လိုက် လုပ်နေရာမှ နောက်သို့ အဆုတ်၊ ရေတွင်းပျက်အတွင်းသို့ နောက်ပြန် ပြုတ်ကျသွားတော့သည်။

ရေတွင်းက တွင်းတောင်း၊ တွင်းပျက်အတွင်းမှာ ရေမရှိတော့၊ အုတ်ကျိုးအုတ်ပဲ့၊ သစ်တိုသစ်စများသာ ရှိသည်။

တွင်းထဲကျသွားသောကလေးက ရေတွင်းနံရံနှင့် ခေါင်းဆောင့်မိသွားခြင်းကြောင့် ရေတွင်းထဲမှာပင် ပွဲခြင်းပြီး သေသွားခဲ့သည်။

ကလေးမိဘများ ရောက်လာပြီး ကလေးကို ရေတွင်းထဲမှ ဆွဲတင်ကာ အိမ်သို့ ပြန်သယ်သွားသည်။

ထို့နောက် ရက်လည်ပြီးနောက်ပိုင်း လူမရှိသည့် ကွင်းထဲမှာ ညနေပိုင်း စွန်လွှတ်နေသည့် ကောင်လေးကို ရပ်ကွက်တွင်းမှ လူများ မကြာခဏ တွေ့ကြရသည်။

လူများ စွန်လာလွှတ်သည့်အခါ မတွေ့ရဘဲ၊ ညဘက်ရောက်လျှင် သူတစ်ယောက်တည်း ရေတွင်းနှုတ်ခမ်းပေါ်ထိုင်ပြီး စွန်လွှတ်နေသည်ကို တွေ့ကြရပြန်သည်။

လူများကို မခြောက်မလှန့်သော်လည်း သူမသေခင် ပြုမူ





ခဲ့သည့်ပုံစံအတိုင်း ဆက်လုပ်ဆောင်နေသည်။

ထို့နောက် ရေတွင်းပျက်ကို အနီးနားက လူများ အမှိုက်များထည့်ပြီး ဖို့လိုက်သည်။ ရေတွင်းနှုတ်ခမ်းကိုပါ ဖြိုချလိုက်ပြီး ဘုန်းကြီးများပင့်ကာ ပရိတ်ရွတ် တရားပွဲကျင်းပလိုက်ကြသည်။

ကလေးတစ္ဆေကတော့ ပျောက်မသွားခဲ့။

ကလေးသရဲက တွေ့လိုက် မတွေ့လိုက်နှင့် ရက်မှ လ၊ လမှ နှစ်သို့ ပြောင်းသွားသည်။

တြိဂံကွက်လပ်ကိုလည်း မြေတိုးချဲ့ယူကြရာ ရေတွင်းပျက်နေရာတစ်ခုသာ ကျန်တော့သည်။

လမ်းကြားလေးတစ်ခုသဖွယ် ကျန်ပြီး တစ်ဖက်ကို မြေပေနှစ်ဆယ်ကျော်ကျော် တိုးချဲ့ယူသွားကြသည်။

ထိုတိုးချဲ့ယူထားကြသော မြေကွက်လပ်မှာ အိမ်တလေးတစ်လုံးစီ တိုးချဲ့ဆောက်ထားလိုက်ကြသည်။ ထိုအိမ်မှာ လူငှားတင်ထားလိုက်သည်။

ထိုအိမ်များမှာ ညဘက်ရောက်လျှင် မည်သူမှ အိပ်မရ။

လူတွေပေါ် နင်းပြီး သွားနေသည်။

ခြေထောက်တွေကို ဆွဲချသွားသည်။

အိမ်ကို ယိမ်းထိုးနေသည်အထိ ဆွဲခါလှုပ်နေသည်။ ထိုအိမ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်အိမ်ကို အငှားရောက်လာသောလူများ တစ်လပင် ပြည့်အောင် မနေနိုင်ကြ၊ ကြောက်လန့်ပြီး ပြောင်းပြေးသွားကြတော့သည်။

ထိုအိမ်နှစ်လုံး လူငှားတင်လိုက်တိုင်း လူမမြဲ ပြောင်းပြေးကြသည်ချည်းပင်။

ညညဆိုလျှင် အိမ်ခေါင်မိုးပေါ်မှာ ထိုင်ပြီး စွန်လွှတ်နေသော ကလေးဝိညာဉ်ကို မြင်တွေ့ရကြောင်း တစ်ရပ်ကွက်လုံး သတင်းပြန့်နေသည်။

ထိုအခါ ကလေးနှင့် သက်ဆိုင်သော မိဘများက တရားနာ အလှူပေး အမျှပေးဝေကြသည်။

နောက်ပိုင်း ကြာလာတော့ ကျွတ်သွား၊ လွတ်သွားသည်လား မသိ၊ ကလေးသရဲ ခြောက်လှန့်သည့်အသံ မကြားရတော့၊ အိမ်နှစ်အိမ်မှ အိမ်ငှားတင်ထားသည့်လူများ ခြောက်လှန့်ခံရသည့် သတင်း မကြားရတော့။

"အဲဒါပါပဲ၊ ငါ့အဖေရဲ့အသိ ဦးထွန်းမြင့်တို့ သူငယ်ချင်းတစ်စု ထဲက စွန်လွှတ်ဖော်တစ်ယောက်လို့ ပြောတယ်။ အခုဆို အနှစ် လေးဆယ်နီးပါးခန့် ကြာခဲ့ပြီတဲ့၊ အဖြစ်အပျက်လေးတစ်ခုပေါ့ကွာ"

"ဟဲ ... ကိုယ့်လူတို့ အချိန်ကလည်း ဆယ်နာရီကျော် ရှိပြီ၊ အရက်သုံးလုံးလည်း ကုန်ပြီ၊ ကြက်သားနဲ့ ဗူးသီးအိုးလည်း



မှောက်ထားပြီးပြီ၊ ပြန်ချိန်ရောက်ပြီ"

တောရွာမှာ လျှပ်စစ်မီးမရှိ၊ ရေနံဆီမီးခွက်သာလျှင် ရှိသည်။ တစ်နေ့ခင်းလုံး ပင်ပင်ပန်းပန်း လုပ်ထားကြရသဖြင့် ညရှစ်နာရီ ကျော်လျှင် မီးမှိတ်၍ အိပ်ရာဝင်ကြပြီး ကိုးနာရီကျော် ဆယ်နာရီ ဆိုလျှင် မီးရောင်တူ၍ တစ်လမ်းမှာ တစ်အိမ် နှစ်အိမ်ရှိရန် မလွယ်။

"ဟဲ တင်ဝင်း ပြန်၊ မင်းက အိမ်ဝေးတယ်။ မင်းကြောက်ရင် ငါတို့ လိုက်ပို့ပေးမယ်"

"မင်းတို့က ငါ့ကို အထင်သေးလို့ အခု မင်းတို့ပြောတဲ့ သရဲအကြောင်းက ကိုယ်ပိုင်အတွေ့အကြုံဆိုလို့ နားထောင်ကောင်း ကောင်းနဲ့ နားထောင်နေတာ၊ တကယ်တော့ သရဲမရှိဘူးလို့ ငါ ထင်တယ်"

"မင်းက မတွေ့ဘူးလို့ မယုံဘူးပေါ့ ဟုတ်လား"

"တကယ်ပြောတာ၊ ကြုံလည်း မကြုံဖူးဘူး၊ ယုံလည်း မယုံဘူးကွ"

"မင်းအရက် မိုက်ထဲဝင်သွားလို့ သွေးဆူသွားပြီ မဟုတ်လား မကြောက်ရင် စိတ်ထဲမှာပဲ ထားပါကွာ၊ ပါးစပ်က လျှောက်ပြော မနေပါနဲ့"

"သရဲလည်း မကြောက်ဘူး၊ သရဲရှိတယ်ဆိုတာလည်း မယုံ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တကယ်လို့ ရှိတယ်ဆိုရင် ငါပြန်ရင် ငါနဲ့အဖော်လိုက်ဖို့ ခေါ်သွားမယ်”

“ဟော့ကောင် တင်ဝင်း၊ မင်းယုံတာ မယုံတာ အပထား၊ အဲဒီလိုပြောပြီး သရဲတွေကို လျှောက်ပြီး မခေါ်ရဘူးလေ”

“ဘယ်မှာလဲသရဲ၊ ငါ့တို့ ကိုယ်ထင်ပြလေ၊ သရဲမျက်နှာ ဘယ်လိုရှိလည်း ကြည့်ရအောင်”

“တာ ဒီကောင်”

“ငါသွားတော့မယ်၊ သရဲရှိတယ်ဆို ငါ့နောက်က လိုက်ခဲ့”

“တင်ဝင်း မင်း ရွာထဲ မသွားနဲ့တော့၊ ဒီမှာပဲ အိပ်လိုက်၊ မနက် မိုးလင်းမှသွား၊ မင်းအခုသွားရင် သရဲနဲ့ ကျိန်းသေ တွေ့လိမ့်မယ်”

“ဟား ... ဟား ... ဟား၊ တွေ့ချင်တဲ့ကောင်ပဲ ... သရဲနဲ့ တွေ့တော့လည်း နဘမ်းလုံးပစ်မှာပေါ့၊ လက်ဝှေ့ထိုးပစ်မှာပေါ့။ ဘာဆန်းလို့လဲ ကဲ ... ငါသွားပြီ”

တင်ဝင်းလည်း ညွှန့်မောင်တို့အိမ်မှ ပြန်ခဲ့သည်။

ညွှန့်မောင်တို့အိမ်မှ သုံးလေးအိမ်ခန့်သာရောက်သေးသည်၊ နောက်မှ ခြေသံလိုလို ကြားလိုက်သည်။

ရှပ် ... ရှပ် ... ရှပ် ... ရှပ် ... ရှပ်



သူ ရပ်လိုက်သည်။ ခြေသံက ရပ်သွားသည်။

သူ ဆက်လျှောက်သည်။ ခြေသံက ပါလာပြန်သည်။

“ကျော်ဝင်းတို့ ညွှန့်မောင်တို့ ငါ့နောက်ကိုလိုက်ပြီး နောက်ပြောင်တာဖြစ်မယ် ... လိုက်ပစေ၊ ဒင်းတို့ ခြေညောင်းရင် ကျန်ခဲ့လိမ့်မယ်”

တင်ဝင်းနောက်သို့ လှည့်မကြည့်ဘဲ ဆက်လျှောက်နေသည်။ မကြာခင် အိမ်အနီးသို့ ရောက်လာသည်။

နောက်မှ ခြေသံတွေ များလာသလို ထင်လိုက်သဖြင့် ဒီကောင်တွေ လိုက်နောက်ပြောင်တာ မပြီးဆိုပြီး လှည့်လိုက်ရာ ...

နောက်မှာ အကျႌမပါ၊ ဆံပင်ဖားလျား ရှုပ်ပွလျက်၊ မျက်နှာများကလည်း လူသေကောင်ပုတ်မျက်နှာမျိုး၊ လူနှင့်တူသည့် အကောင်ခြောက်ကောင်ခန့် သူ့နောက်မှာ တွေ့လိုက်သည်။

သူ အမူးပြေသွားသလို ဖြစ်သွားသည်။

“အို ... အို ... သရဲတွေလား”

သရဲတွေက သူ့ကို ဝိုင်းလိုက်သည်။

အလယ်မှာ ပုဆိုးခါးတောင်းကျိုက်ပြီး ထိုးကွင်းများ ပေါင်မှာ ထိုးထားသော တစ်ကိုယ်လုံး သွေးမရှိသလို ဖြူနေသည့် သရဲကြီးက သူ့နားမှာ ရပ်လာသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က သရဲတွေလား"

သူတို့ခေါင်းများကို ဖြိုင်တူငြိမ့်လိုက်ကြသည်။

"ငါ ... ငါ ... ငါ့လမ်း ငါသွားမယ်၊ မင်း ... မင်းတို့ လမ်းဖယ်ပေးကြပါ ...၊ သရဲရှိတယ်ဆိုတာ၊ ငါယုံပါပြီကွာ၊ ဖယ်ပေး ကြပါကွာ"

သရဲများက ခေါင်းခါပြသည်။

ထိုအချိန်မှာပဲ တင်ဝင်းရှေ့မှ ရပ်နေသောသရဲက လက်ခမောင်း တဖြောင်းဖြောင်း ခတ်လိုက်သည်။

တင်ဝင်းလည်း သရဲမကြောက်ဟု ဆိုပေမယ့် သူ့ရှေ့မှာ ရပ်နေသော သရဲများက ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ကြောက်စရာ အသွင်ကိုယ်စီ ရှိကြသည်ကို ကိုယ်တိုင်တွေ့မှ ယုံလိုက်တော့သည်။

မျက်လုံးတောက်ပက်ကြီးများ အသားအရိုးအရှဲ့ အောက်က သွားရိုးကြီးများ ကျိုးပဲ့တွဲကျနေသော လက်မောင်း၊ လက်ချောင်း များကလည်း အော့နှလုံးနာစရာ ကောင်းသလို ကြောက်စရာလည်း ကောင်းလွန်းလှသည်။ သူတို့ကို ရှုရဲပင် မကြည့်ဝံ့။

"သရဲမကြောက်တဲ့ကောင် နဘမ်းလုံးမယ်၊ လက်ဖွေ့ထိုးမယ်၊ ငါ့ကိုနိုင်မှ မင်းအိမ် မင်းပြန်ခွင့်ပြုမယ်၊

ကဲ ... သဘောတူလား၊ တူရင်ချမယ်၊ မတူလည်း ချမယ်"





သရဲစကားက ဘယ်လိုမှ ငြင်း၍ မရမှန်းသိသွားသည်။ သို့ကြောင့် တင်ဝင်းဖြစ်လိုရာဖြစ် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်တော့ သည်။

သရဲက ဝင်ပြီး နဘမ်းလုံးသည်။ မြေပေါ်မှာ သုံးလေးပက် လိမ့်နေသည်၊ ဘယ်သူမှ မနိုင်။

တင်ဝင်းက အပေါ်ရောက်လိုက်၊ သရဲကအပေါ်ရောက်လိုက် ဖြစ်နေသည်။

ရပ်ကြည့်နေသော သရဲများက လက်ခုပ်လက်ဝါးတီးပြီး အားပေးနေကြသည်။

ထိုစဉ် ညွန့်မောင်၊ ကျော်ဝင်း၊ သိန်းဇော်၊ အေးမြင့်တို့ လေးယောက် အနီးသို့ ရောက်လာသည်။

"တင် ... ဟိုမှာ၊ တင်ဝင်း မြေကြီးပေါ်မှာ လူးလှိမ့်နေပါလား။ ဘယ်လိုဖြစ်နေတာပါလိမ့်"

"တင်ဝင်း ... တော့ကောင်၊ မြေကြီးပေါ်မှာ ဘာကြောင့် လူးလှိမ့်နေတာလဲ"

တင်ဝင်းပခုံးအား ကိုင်လှုပ်ပြီး မေးလိုက်မှ ... သရဲလည်း ပျောက်၊ တင်ဝင်းလည်း အသိဝင်လာသည်။

"ငါ ... ငါ ... ငါကို သရဲက နဘမ်းလုံးခိုင်းလို့ လုံးနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ ငါ ... သရဲရှိတယ်ဆိုတာ ယုံသွားပြီကွာ"

"တို့ မင်းကို စိတ်မချလို့ တိုင်ပင်ပြီး နောက်က လိုက်လာတာ၊ ကံကောင်းလို့ကွာ ကြာရင် ... လက်ပန်းကျပြီး မင်းအသက် ပါသွားနိုင်တယ်"

"ငါ့ကို သရဲတွေ အများကြီး ဝိုင်းထားတာ၊ သရဲ မယုံဘူးဆိုလို့ သိသိသာသာကြီးကို ပြလိုက်တာပဲ"

"ကဲ ... မင်းယုံသွားပြီ မဟုတ်လား၊ နောက်ကို ယုံတာ မယုံတာ အသာထား၊ ညဥ့်နက်သန်းခေါင် ပါးစပ်မသရမ်းနဲ့ ဟုတ်လား"

"ငါ နောက် မပြောတော့ပါဘူး"

"ကောင်းတယ်၊ အဲမှ ငါတို့နဲ့ တွဲလို့ရမှာ"

"သရဲကြောက်တဲ့အဖွဲ့ပေါ့ ဟုတ်လား"

"အေပေါ့ ... ကဲ ... မင်းအိမ်ထဲဝင်တော့၊ မင်းအိမ်ပေါ် ရောက်မှပဲ ငါတို့ ပြန်တော့မယ်"

တင်ဝင်းလည်း သူငယ်ချင်းများကို နှုတ်ဆက်ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။

အရေးအကြောင်းဆို တကယ်အားကိုးရသော သူငယ်ချင်းများ ဖြစ်ပါသည်။ သူတို့ ရောက်မလာလျှင် သူဘယ်လိုဖြစ်မည်၊ ဘယ်





အခြေအနေရောက်မည် မစဉ်းစားတတ်တော့။ နောက်ကို သရဲမကြောက်ဟု မပြောတော့ရန် ဆုံးဖြတ်ချက် ချလိုက်တော့သည်။

စိုးကြောင့်ပဲဖြစ်ဖြစ်၊ တကယ်ရှိသည်ပဲဖြစ်ဖြစ်၊ ယုံချင်ယုံ မယုံချင်နေနိုင်ပါသည်။

သို့ပေမယ့် ပါးစပ်ကတော့ ညဥ့်နက်သန်းခေါင် မဟာစ်ကြွေး မကြွေးကျော်တာတော့ ကောင်းမည် ထင်ပါသည်။

ဧကာန်မင်း

www.burmeseclassic.com